The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 22, NO. 1 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 3, 2022

# ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➤



## အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းရေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးကျင်းပ

စာမျက်နှာ - ၂ ➤

## ဟင်းသီးဟင်းရွက်ဆီနှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်

စာမျက်နှာ - ၁၁ ➤

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရုတ်ယွမ်ငွေဖြင့် ကုန်သွယ်မှု ဆောင်ရွက်နိုင်တော့မည်

စာမျက်နှာ - ၁၆ ➤

KYAW Logistics Myawaddy
Company Limited
Logistics & Transportation
No.A-08, Asia Highway Road, Within Myawaddy Trade Zone, Myawaddy Tsp Kayin State.
No.12, Thiri Mon Plaza 4 st, Mayangone Township ,Yangon .
Ph: 09 793339300 .09 791119300 (Viber – 09 793339300)
Email : kyawtsp@gmail .com . kyawlogisticsygn@gmail .com

# ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တာဝန်ခံများအား တွေ့ဆုံ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြား

ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တာဝန်ခံများအားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားသည့်အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်ရေး ဦးစီးဌာနအနေဖြင့် ခြောက်လတစ်ခါ အလှည့်ကျ တာဝန်ထမ်းဆောင်ခြင်းဖြစ်၍ အတွေ့အကြုံရှိသည့် အရာထမ်းများအား စေလွှတ်ထားခြင်းဖြစ်ကြောင်း၊ ယခုကာလသည် ကိုဗစ်(၁၉) ရောဂါကူးစက်မှုနှုန်း လျော့နည်းနေသော်လည်း ကျန်းမာရေးကိစ္စအား အထူးသတိထားရန်လိုကြောင်း၊ မိမိသွားရောက်ရမည့်စခန်း၏ နယ်မြေလုံခြုံရေးကိစ္စများမှာလည်း အထူးအရေးကြီးကြောင်း၊ မိမိစခန်းအတွင်း ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်သို့ တင်ပြရန်လိုကြောင်း၊ ကုန်သွယ်ရေးစခန်း၊ ပို့ကုန်သွင်းကုန်ရုံးများသို့ သွားရောက်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိဌာန၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ပြောင်းလဲဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား သိရှိနားလည်သဘောပေါက်အောင် လေ့လာထားရန်လိုအပ်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို အထက်အကြီးအကဲများသို့ တင်ပြရန်လိုကြောင်း၊ OSS တွင် ပါဝင်သည့်ဌာနများနှင့် စုပေါင်းဆောင်ရွက်ရမည့်ကိစ္စများကို အပြန်အလှန် သတင်းပေးပို့ စုပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် သွင်းကုန်လိုင်စင်နှင့် ပတ်သက်သည့် ပြောင်းလဲထားရှိမှုများအား အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်သည်များဘက်ကလည်း နစ်နာမှုများမရှိအောင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များနှင့်ပတ်သက်၍လည်း နောက်ဆုံးပြောင်းလဲထားသည့် မူဝါဒများအတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်ကချမှတ်ထားသည့် ကုန်သွယ်မှုပမာဏပြည့်မီ ကျော်လွန်စေရေး အထူးအလေးထား ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

**MOC (IR)**

# အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းရေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးကျင်းပ

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများကို မကြာမီ စတင်တော့မည်ဖြစ်၍ အာဆီယံသာမက မိမိနိုင်ငံ၏အကျိုးစီးပွားအတွက်ကိုပါ ရလဒ်ကောင်းများရရှိအောင် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ဘာသာရပ်အလိုက် ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းသူများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် နိုင်ငံတကာ သဘောတူညီချက်များ၊ မိမိနိုင်ငံ၏ဥပဒေများကို ကျေညက်ပိုင်နိုင် ကျွမ်းကျင်သူများကိုသာ တာဝန်ပေးအပ်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်သည့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းရေးအတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွင်း စတင်မည့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို ဆွေးနွေးညှိနှိုင်းရာတွင် မြန်မာနိုင်ငံက တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကြိုတင်ပြင်ဆင်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်၍ ယခုချုပ်ဆိုမည့် ကဏ္ဍစုံလွှမ်းခြုံသော လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ် (အက်ဖ်တီအေ) သည် အာဆီယံနှင့်ချုပ်ဆိုသည့် အက်ဖ်တီအေ စာချုပ်များအနက် အရည်အသွေးမြင့် စာချုပ်တစ်ခုဖြစ်ရန် မျှော်လင့်ထားကြောင်း၊ နိုင်ငံတကာဆွေးနွေးသည့်လုပ်ငန်းစဉ်ဖြစ်၍ စာချုပ်တွင်ညှိနှိုင်းဆွေးနွေးသူများကို တာဝန်ပေးအပ်ရာ၌ ဘာသာရပ်ကျွမ်းကျင်မှုအပြင် သင့်လျော်သည့် ရာထူးရှိသူများကို တာဝန်ပေးရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၏ ပို့ကုန်များ ဈေးကွက်ရရှိရေး၊ အရည်အသွေးမြင့်၍ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးတို့ကို ဦးစားပေး ညှိနှိုင်းဆွေးနွေးရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ မထိခိုက်စေရေးအတွက် လိုအပ်သလို ကာကွယ်နိုင်မည့် အစီအမံများကိုလည်း နိုင်ငံ၏ တည်ဆဲဥပဒေ၊ မိမိနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူစာချုပ်များနှင့် အညီ ရပ်တည်ဆွေးနွေးရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေ့စပ်ညှိနှိုင်းမှုကို ၂၀၂၂ ခုနှစ် နှစ်ဆန်းတွင် စတင်ပြီးနှစ်နှစ်တာကာလအတွင်း အပြီးသတ်ညှိနှိုင်းရန် လျာထားသည့်အတွက် ဆွေးနွေးစဉ်ကာလတစ်လျှောက်လုံးမူဝါဒခံယူရန် ကိစ္စရပ်များ၊ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ချက်များ၊ နည်းပညာ အထောက်အပံ့ လိုအပ်ချက်များအတွက် အချိန်နှင့်တစ်ပြေးညီ တင်ပြရန် လိုအပ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဦးဆောင်ညှိနှိုင်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်က အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် ညှိနှိုင်းထားရှိသည့် ကိုးကားစာတမ်းတွင်ပါဝင်သည့် နယ်ပယ်များကို လည်းကောင်း၊ ယင်းစာတမ်းနှင့်စပ်လျဉ်း၍ နှစ်ဖက်သဘောတူညီမှုရရှိရန် ညှိနှိုင်းဆွေးနွေးခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်က အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းမှုများအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမည့်ကိစ္စများနှင့် ၂၀၂၂ ခုနှစ်အတွင်း စေ့စပ်ညှိနှိုင်းမှု ဆောင်ရွက်မည့်လုပ်ငန်းများ၏ အစီအစဉ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကိုယ်စား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာဌာနများက မိမိတို့ဘာသာရပ်အလိုက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုနှင့် စပ်လျဉ်း၍ ပြင်ဆင်ထားမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ကနေဒါနိုင်ငံသည် ၁၉၇၇ ခုနှစ်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံတစ်ခုအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်နိုင်ရန်အတွက် လေ့လာမှုများကို ၂၀၁၆ ခုနှစ်မှစ၍ စတင်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၂၀၂၁ ခုနစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်ရေးစာချုပ် တရားဝင်ညှိနှိုင်းဆွေးနွေးမှုစတင်ရန် ကြေညာခဲ့သည်။ ကနေဒါသည် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများထဲတွင် အဋ္ဌမမြောက်အဆင့်ရှိပြီး အာဆီယံမှာ ဆဋ္ဌမအဆင့်တွင် ရှိသည်။

အာဆီယံအနေဖြင့် ကနေဒါနိုင်ငံ၏ ဆဋ္ဌမအကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ရပ်တည်လျက်ရှိပြီး ကနေဒါမှာ အာဆီယံ၏ ၁၅ နိုင်ငံမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရသည်။ ကနေဒါနိုင်ငံမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရှိ၍ အာဆီယံ၏ ကနေဒါနိုင်ငံတွင် သွားရောက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၂ ဘီလီယံ ရှိကြောင်း လေ့လာသိရှိရသည်။

ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၏ လက်ရှိ ကုန်သွယ်ဖက်နိုင်ငံများထဲတွင် အဆင့်(၂၆)တွင် ရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၃၀ ခန့်ရှိသည်။ ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၌ လက်ရှိ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၅၈ သန်း ရှိပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် အဆင့် ၁၆ တွင်ရှိသည်။

အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့နှင့် ကနေဒါ ကမ္ဘာ့ရေးရာအဖွဲ့တို့၏ လေ့လာသုံးသပ်ချက်အရ လည်းကောင်း၊ နိုင်ငံတကာ စီးပွားရေး ကျွမ်းကျင်သူများ၏ သုံးသပ်မှုများအရလည်းကောင်း အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုအကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ် ဖြစ်လာမှာဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်တွင်ပါဝင်မည့် နယ်ပယ်များနှင့် သက်ဆိုင်သည့်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

**DICA**



# ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်နိုင်မှု ပမာဏ ဖူလုံမှုမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တန်ချိန် ကိုးသိန်းကျော် တင်သွင်းနေရကြောင်း၊ ပြည်တွင်းစားသုံးမှု၊ စက်မှုလုပ်ငန်းသုံးနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းများအတွက် စုစုပေါင်းသုံးစွဲမှု တန်ချိန် ၁၁ သိန်းခန့်ရှိရာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ဧကနှင့် အထွက်နှုန်း ပိုမိုတိုးတက်လာစေရေး၊ ပြည်တွင်း၌ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရေး၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေသကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေး မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးမှုပုံစံကို ပြောင်းလဲရာတွင် စားသုံးသူအကာအကွယ်ပေးရေး အစီအစဉ်များ၊ စားသုံးသူ အသိပညာပေး အစီအစဉ်များကို ဦးစားပေးဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် စားသုံးဆီများ ဖြန့်ဖြူးရောင်းချနိုင်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှာလည်း ပြည်တွင်း၌ ဆီထွက်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် တောင်သူများအား အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းအသိပညာပေးခြင်း၊ နည်းပညာများ ပံ့ပိုးပေးခြင်း စသည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သလို ကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ပုံစံမျိုး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဝိုင်းဝန်း အကြံပြုဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆီထွက်သီးနှံများအား တိုးချဲ့စိုက်ပျိုးနိုင်ပြီး ပြည်ပသို့ ဆီထွက်သီးနှံများအား ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချခြင်းထက် စားသုံးဆီဖူလုံမှုရှိစေရန် ပြည်တွင်း၌ ပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက နိုင်ငံခြားဝင်ငွေရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ စားသုံးဆီ လစဉ်ပျမ်းမျှတန်ချိန် ၁၈၀၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်သော်လည်း အချို့စက်များမှာ ရပ်နားထားခြင်း၊ ကုန်ကြမ်းရရှိမှု နည်းပါးသဖြင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် အရည်အသွေးမီဆီစက်များ ဖြစ်စေရေးနှင့် ဆီစက်လုပ်ငန်းများ အခွန့်ရှည်ရေးအတွက် ပံ့ပိုးကူညီနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆီစက်များ စက်စွမ်းအားပြည့် လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည့်အပြင် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုး၍ ပြည်တွင်းစားသုံးဆီလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ပြည်ပမှ စားသုံးဆီတင်သွင်းမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်နိုင်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု အခြေအနေနှင့် ဆီထွက်သီးနှံများအား ပြည်ပတင်ပို့မှုအခြေအနေများ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များ၊ အကြံပြု သုံးသပ်ချက်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)


Commerce JOURNAL

အတိုင်ပင်ခံစာတည်း
ဦးဦးဟန်
ဒေါက်တာထိန်လင်း

စာတည်းမှူးချုပ်
တင်ရဲဝင်း

အုပ်ချုပ်ရေးမှူး
သိန်းနနိုင်

တာဝန်ခံစာတည်း
စိန်သံ

စာတည်းအဖွဲ့
ရဲမင်းနိုင်

လက်ထောက်စာတည်း
ယဉ်ယဉ်အေး
အေးအေးသန့်

သတင်းထောက်များ
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
အိမ့်သဇင်ခိုင်

ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၃၃၂)၊
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၀)

ထုတ်ဝေသူ
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချိရေးတာဝန်ခံ
ဇော်ဝင်း

ဖြန့်ချိရေး
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ
လွင်သန္တာထွန်း၊ ခြူးခြူးနိုင်၊ မေသန္တာမိုး

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးကျင်းပသော ဧရာဝတီပေါ်ဆန်း အရည်အသွေးမြှင့်တင်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး စာတမ်းဖတ်ကြား

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်ကျင်းပသည့်ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဧရာဝတီပေါ်ဆန်း အရည်အသွေးမြှင့်တင်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး စာတမ်းဖတ်ကြားခြင်း အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မြို့ သရောင်းချောင်း စိုက်ပျိုးရေးမျိုးသန့်ခြံတွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်တက္ကသိုလ်မှ စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဆရာ/ဆရာမများ၊ မြောင်းမြစိုက်ပျိုးရေးသိပ္ပံ ကျောင်းအုပ်ကြီး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သော တိုင်းအတွင်း ခရိုင်/မြို့နယ်များရှိ ပေါ်ဆန်းမျိုးစေ့ထုတ်တောင်သူများ၊ ပေါ်ဆန်း (CS) စိုက်ပျိုးသူ တောင်သူများ၊ ပေါ်ဆန်းစပါးစိုက်တောင်သူများ၊ ဆန်စပါး ကုန်သည်ပွဲစား၊ ဆန်စက်ပိုင်ရှင်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိန်မောင်မြင့်က စာတမ်းဖတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရရှိလာမည့် အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့သည်။

အစီအစဉ် ဒုတိယအပိုင်းကို ၁၀ နာရီတွင် သရောင်းချောင်း စိုက်ပျိုးရေးမျိုးသန့်ခြံ တာဝန်ခံ ဒေါ်ခင်ဌေးဦး (ဦးစီးအရာရှိ)က ပေါ်ဆန်းစပါးမျိုးများ၏ ရုပ်သွင်လက္ခဏာများ လေ့လာတွေ့ရှိချက်များနှင့် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့်ပတ်သက်၍ စာတမ်းဖတ်ကြားခဲ့ပြီး ဦးသန်းလွင် (ဦးစီးအရာရှိ) စိုက်ပျိုးရေးဦးစီးဌာနက ဖျာပုံခရိုင်အတွင်း ဒေသအလိုက် ပေါ်ဆန်းစပါးမျိုးများ နှိုင်းယှဉ်လေ့လာခြင်း ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား၍ ဒေါ်ဖြူပြာလွင် (သုတေသနအရာရှိ)က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပေါ်ဆန်းစပါးမျိုးများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကွင်းဆက်အားလုံး လေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခဲ့သည်။

စားသုံးသူရေးရာဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးအောင်က ဧရာဝတီပေါ်ဆန်းစပါး အရည်အသွေး ပြည့်မီရေးနှင့် ဈေးကွက်ဝင်ရေး ဆောင်ရွက်ရမည့်အချက်များ ဧရာဝတီပေါ်ဆန်းစပါး အရည်အသွေးကျဆင်းရသည့်အကြောင်းရင်းများနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ခေတ်မီလယ်ယာစနစ်ထူထောင်ခြင်း Contract Farminng စနစ် ကျင့်သုံးဆောင်ရွက်ခြင်း ဝယ်ယူသိုလှောင် ကြိတ်ခွဲခြင်း ဇုန်အလိုက် ပေါ်ဆန်း Branded ရယူ၍ ဈေးကွက်ဝင်ဖြန့်ဖြူးသည့် စနစ်ထူထောင်ရန်နှင့် ဧရာဝတီပေါ်ဆန်းစပါး အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ဝင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပပြုလုပ်ပြီး ဧရာဝတီတိုင်းဒေသကြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်သွားရန် လုပ်ငန်းစဉ်တစ်လျှောက် Supply Chain တစ်ခုလုံးစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက ပေါ်ဆန်းစပါး မျိုးအလိုက်ချက်ပြုတ်ထားသော ထမင်းများအား လေ့လာခြင်း၊ ပေါ်ဆန်းမျိုးစေ့ထုတ်တောင်သူတစ်ဦးက အခက်အခဲနှင့် ဖြေရှင်းရန် နည်းလမ်းများကို တင်ပြပြီး တက်ရောက်လာသော တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် မျိုးစေ့ထုတ်တောင်သူ၊ CS စိုက်ပျိုးသူတောင်သူ၊ ပေါ်ဆန်းစပါး စိုက်တောင်သူ အစုအဖွဲ့မှ ဧရာဝတီပေါ်ဆန်း အရည်အသွေးမြင့်မားရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ သိလိုသည်များ မေးမြန်းခဲ့ကြကြောင်းသိရသည်။ **မင်းမင်းဦး(ပုသိမ်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ရွှေဘိုခရိုင်၊ ကလေးခရိုင်၊ ကသာခရိုင်တို့၌ ဒီဇင်ဘာ နောက်ဆုံးပတ်တွင် စပါး/ဆန်ဈေးအေးနေခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ယခင်အပတ်က ရန်ကုန်သို့ အိတ်ရေ ၂၉၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၂၂၀၀၊ မကွေးသို့ အိတ်ရေ ၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၇၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၆၀၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ အိတ်ရေ ၆၀၀၀၊ စုစုပေါင်းအိတ်ရေ ၁၀၀၆၀၀၊ တန်အားဖြင့် ၅၀၃၀ တန် စီးထွက်ခဲ့သည်။ ယခုတစ်ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၂၆၀၀၀၊ မန္တလေးသို့ အိတ်ရေ ၄၅၁၀၀၊ မကွေးသို့ အိတ်ရေ ၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်)သို့ အိတ်ရေ ၅၀၀၀၊ စုစုပေါင်းအိတ်ရေ ၈၈၀၀၀၊ တန်အားဖြင့် ၄၄၀၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်တွင် အိတ်ရေ ၁၂၆၀၀၊ တန်အားဖြင့် ၆၃၀ လျော့နည်းစီးထွက်ခဲ့သည်။

မုံရွာမြို့၏ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း (စပါး) တင်း၁၀၀လျှင် ကျပ် ၁၅၅၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၃၀၀၀၊ ဧရာမင်း (စပါး) တင်း ၁၀၀လျှင် ၁၃၀၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ပြည်ပါတစ်အိတ် ကျပ် ၅၂၀၀၀၊ ရေဦး ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ ပေါ်ဆန်း (သစ်) တစ်အိတ်လျှင် ကျပ် ၅၂၀၀၀၊ ရေဦး ဧရာမင်း (စပါး) တင်း ၁၀၀ လျှင် ၁၂၀၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၄၅၀၀၀၊ ကလေးမြို့မှ ညို့မထ(စပါး) တင်း၁၀၀ လျှင် ၈၉၀၀၀၀၊ ဆန်တစ်အိတ်မှာ ကျပ် ၃၀၀၀၀၊ ငစိန် (စပါး)တင်း ၁၀၀ လျှင် ၇၈၀၀၀၀၊ ဆန်တစ်အိတ်မှာ ၂၈၀၀၀၊ ဧရာမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀၀၀၊ ဆန်တစ်အိတ်မှာ ကျပ် ၃၉၀၀၀ ရှိပြီး မုံရွာမြို့တွင် ဧရာမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ ဆန်တစ်အိတ်မှာ ကျပ် ၄၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တင်မာဝေ(မုံရွာ)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၃၀-၁၂-၂၀၂၁ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၂ | ၄၁၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၇ | ၃၉၇ | □ | ၄၀၂ | ၄၀၂ | □ | ၃၄၂ | ၃၄၂ | □ | ၃၄၂ | ၃၄၂ | □ |
| ဆန်ဖြူ ၁၀% | ၆၂၃ | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၁ | ၃၉၁ | □ | ၃၈၂ | ၃၈၂ | □ | ၃၂၇ | ၃၂၇ | □ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၄၀၉ | ၄၀၉ | □ | - | - | - | ၃၅၂ | ၃၅၂ | □ | ၃၇၅ | ၃၇၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၁၂-၂၀၂၁)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညို့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၆၀၀ | △ | ၂၄၀၀၀ | △ | ၇၈၀၀ | △ | ၃၈၀၀၀ | △ |
| ပုသိမ် | ၆၅၇၀ | □ | ၂၆၀၀၀ | □ | ၈၂၃၀ | △ | ၃၄၀၀၀ | □ |
| ပဲခူး | ၆၀၇၂ | ▽ | ၂၃၅၀၀ | ▽ | - | - | - | - |
| ရွှေဘို | ၈၅၀၀ | □ | ၃၈၀၀၀ | □ | ၁၂၀၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၆၀၀ | □ | ၂၃၂၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၂၀၀ | ▽ | ၂၆၀၀၀ | ▽ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၁၀၀ | ▽ | ၂၃၅၀၀ | ▽ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၇၃၀၀ | ▽ | ၂၇၀၀၀ | △ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | △ | ၂၇၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မော်လမြိုင် | ၅၈၂၀ | △ | ၂၃၀၀၀ | △ | ၇၁၀၀ | △ | ၂၈၀၀၀ | △ |
| လှိုင်ကော် | ၇၂၈၀ | □ | ၃၅၀၀၀ | □ | - | - | ၆၁၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၈၅၀၀ | □ |
| ဘားအံ | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၄၀၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညို့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## တောင်ငူမြေရောက် ရွှေဘိုပေါ်ဆန်းဆန်

တောင်ငူမြို့ရှိ စားသုံးသူပြည်သူများ ရွှေဘိုပေါ်ဆန်းဆန်စစ်စစ်ကို ဈေးနှုန်းချိုသာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တောင်ငူမြို့ အမှတ် (၁၁)ရပ်ကွက် ကန်ပတ်လမ်းရှိ မိဘမေတ္တာဆန်စက်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မှ ပေါ်ဆန်းစပါးများကို တင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်းဖြင့် တိုက်ရိုက်ဝယ်ယူ၍ တောင်ငူမြို့သို့ သယ်ဆောင်ပြီး ၎င်းတို့၏ ခေတ်မီဆန်စက်ဖြင့် ၁၀၀ ရာခိုင်နှုန်း ဆန်သားကြိတ်ခွဲ၍ PK အမှတ် တံဆိပ်ဖြင့် အလေးချိန် ၂ ကီလိုဂရမ်၊ ၆ ကီလိုဂရမ်နှင့် ၁၂ ကီလိုဂရမ် ထုပ်ပိုးကာ တောင်ငူမြို့ရှိ Icon Shopping Centre တွင် ရောင်းချလျက်ရှိသည်။

လက်ရှိအချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်းဖြင့် ဝယ်ယူရသော စပါးများမှာ စပါးအဟောင်းများဖြစ်သဖြင့် ဆန်ဈေးနှုန်းကို ၂ ကီလိုဂရမ် တစ်အိတ်လျှင် ၂၇၀၀ ကျပ်၊ ၆ ကီလိုဂရမ် တစ်အိတ်လျှင် ၈၁၀၀ ကျပ်၊ ၁၂ ကီလိုဂရမ် တစ်အိတ်လျှင် ၁၆၂၀၀ ကျပ်ဖြင့် ရောင်းချသည်။ လာမည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ရွှေဘိုပေါ်ဆန်းစပါးသစ် ပေါ်မည်ဖြစ်သဖြင့် ထိုအချိန်တွင် စပါး ဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ၁၁ သိန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ထိုအချိန်တွင် လက်ရှိရောင်းဈေးထက်လျော့နည်းပြီး ၂ ကီလိုဂရမ် တစ်အိတ်လျှင် ၂၃၀၀ ကျပ်မှ ၂၄၀၀ ကျပ်၊ ၆ ကီလိုဂရမ် တစ်အိတ်လျှင် ၆၉၀၀ ကျပ်၊ ၁၂ ကီလိုဂရမ် တစ်အိတ်လျှင် ၁၃၈၀၀ ကျပ်ဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စပါးတင်း ၁၀၀ ဝယ်ယူကြိတ်ခွဲလျှင် အမြတ် ၄၀၀၀၀ ကျပ်ခန့်ရရှိကြောင်း၊ ပဲခူးမြို့ရှိ Icon Shopping Center တွင် တင်ပို့ရောင်းချနိုင်ရေးကို ညှိနှိုင်းထားပြီး ဖြစ်ကြောင်း PK ပေါ်ဆန်းဆန်ထုတ်လုပ်သူ ဦးဖြိုးကိုကိုဝင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

# ပျော်ဘွယ်မြို့နယ် ကုလားပဲစိုက်တောင်သူများ၏ အကျိုးအမြတ်ရရှိနိုင်မှု အလားအလာ

ကုလားပဲကို မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များ၌ နှစ်စဉ်ဆောင်းသီးနှံအဖြစ် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းထွက်ရှိကြောင်း၊ စိုက်ပျိုးသော ကုလားပဲအမျိုးအစားများမှာ V2 ပဲအမျိုးအစားကို အများဆုံးစိုက်ပျိုးကြပြီး 929 (ခေါ်)ပဲအမျိုးအစားများကိုလည်း အနည်းငယ်စိုက်ပျိုးကြောင်း သိရှိရသည်။

ယခင်နှစ် ပဲစိုက်ဧက ၁၃၇၀၀ ရှိခဲ့ပြီး တစ်ဧကအထွက်နှုန်းမှာ ရှစ်တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ကုလားပဲပေါ်စချိန်က တောင်သူများ ရောင်းချရသည့် ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၁၀၀၀- ၂၃၀၀၀ သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ဈေးနှုန်းတဖြေးဖြေး တက်လာပြီး တောင်သူများအမြင့်ဆုံးရောင်းချရသည့် ဈေးနှုန်းမှာ ကျပ် ၃၃၀၀၀-၃၅၀၀၀ ဈေးဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ် တစ်ဧကကုန်ကျစရိတ်မှာ နှစ်သိန်းဝန်းကျင်ရှိပြီး ဝင်ငွေအနေဖြင့်လည်း တစ်ဧက နှစ်သိန်းဝန်းကျင်သာပြန်လည်ရရှိသည့်အတွက် အကျိုးအမြတ် နည်းပါးကြောင်း သိရှိရသည်။

ယခင်နှစ်က ကုလားပဲစိုက်ပျိုးမှုမှာ အကျိုးအမြတ် နည်းသော်လည်း ယခုလက်ရှိတွင် ဈေးနှုန်းများ ပြန်လည် ကောင်းမွန်လာသည့်အတွက် ပျော်ဘွယ်တစ်မြို့နယ်လုံးတွင် စိုက်ဧကပေါင်း ၁၃၃၅၄ ဧက စိုက်ပျိုးပြီး ထပ်မံစိုက်ပျိုးရန်လည်း ကျန်သေးသဖြင့် စိုက်ဧက ပိုများလာနိုင်ကြောင်း၊ ယခုနှစ် တစ်ဧကပျှမ်းမျှကုန်ကျစရိတ် ကျပ် ၂၅၀၀၀၀ ခန့် ရှိသော်လည်း လက်ရှိဈေးနှုန်း V2 အမျိုးအစား တစ်တင်းလျှင် ကျပ် ၄၅၀၀၀၊ 929 အမျိုးအစား တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဈေးနှုန်းရှိသဖြင့် တောင်သူတွေ အကျိုးအမြတ်ရရှိနိုင်ကြောင်း၊ ထွက်ရှိလာသော ပဲများကို မြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

ယခုစိုက်ပျိုးပြီးသော ကုလားပဲများ မထွက်ရှိသေးသော်လည်း အပင်ပေါက်များမှာ ကောင်းမွန်လျက်ရှိပြီး အထွက်နှုန်းမှာ ကောင်းမွန်နိုင်ကြောင်း၊ ယခင်နှစ် ကာလတူစိုက်ပျိုးချိန် ဈေးနှုန်းမှာ ကျပ် ၄၀၀၀၀ အောက်ရှိခဲ့ပြီး ယခုလက်ရှိ စိုက်ပျိုးချိန်ဈေးနှုန်းမှာ ကျပ် ၄၅၀၀၀ ရှိသဖြင့် ကာလနှစ်ခု နှိုင်းယှဉ်ချက် အခြေအနေများအရ ကုလားပဲများ ထွက်ရှိချိန်တွင် တောင်သူအကျိုးအမြတ်များ ရရှိနိုင်ကြောင်း သိရသည်။

**စန်းအောင်(မိတ္ထီလာ)**

# မုံရွာမြို့နယ်အတွင်း ပဲမျိုးစုံဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိမုံရွာကုန်စည်ဒိုင် ပိတ်ထားသော်လည်း Online စနစ်ဖြင့် အရောင်းဝယ်ဖြစ်နေကြောင်း သိရသည်။ ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော ပဲဈေးနှုန်းများမှာ ပဲတီစိမ်း(ကြီး)တစ်တင်း ကျပ် ၃၉၀၀၀၊ ပဲစင်းငုံ တစ်တင်း ကျပ် ၃၅၀၀၀၊ မတ်ပဲ တစ်တင်း ကျပ် ၄၀၀၀၀၊ ကုလားပဲ ထိုင်ဝမ် တစ်တင်း ကျပ် ၄၀၆၀၀၊ ကုလားပဲ 929 တစ်တင်း ကျပ် ၄၃၀၀၀၊ ကုလားပဲ V2 တစ်တင်းကျပ် ၄၆၃၀၀၊ ကုလားပဲ V3,7 တစ်တင်း ကျပ် ၄၅၆၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဂျုံဖြူသန့်တစ်တင်း ကျပ် ၃၀၀၀၀၊ ဂျုံထွက်တိုး တစ်တင်း ကျပ် ၂၈၀၀၀၊ ပဲကြီး တစ်တင်း ကျပ် ၈၅၀၀၀၊ ပဲနီလုံးရိုးရိုး တစ်တင်း ကျပ် ၄၆၆၀၀၊ ပဲနီလုံးကျား တစ်တင်း ကျပ် ၅၃၃၀၀၊ ပဲပုပ်စေ့ တစ်တင်း ကျပ် ၅၆၀၀၀၊ ထောပတ်ပဲ (သစ်) တစ်တင်း ကျပ် ၃၀၀၀၀၊ မြေထောက်ပဲ တစ်တင်း ကျပ် ၅၀၀၀၀၊ ပုဂံပဲ တစ်တင်း ကျပ် ၅၃၃၀၀၊ အစေ့ထုတ်ပြောင်း (CP) တစ်တင်း ကျပ် ၁၁၃၀၀၊ ဆီထွက်သီးနှံများဖြစ်သော နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းညို တစ်တင်း ကျပ် ၄၀၆၀၀၊ နှမ်းနက်တစ်တင်း ကျပ် ၄၂၀၀၀၊ နှမ်းဖြူတစ်တင်း ကျပ် ၄၇၃၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာ ကျပ် ၂၇၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၃၀၅၀၊ ပဲဖတ်တစ်ပိဿာကျပ် ၁၄၃၀၊ နှမ်းဖတ် တစ်ပိဿာ ကျပ် ၁၀၀၀၊ နေကြာဖတ် တစ်ပိဿာ ကျပ် ၁၀၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုအပတ် ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ပဲဈေးနှုန်း များမှာ အနည်းငယ်ဈေးတက်လာပြီး ဆီထွက်သီးနှံ ဈေးနှုန်းများဖြစ်သော မြေပဲဆန်ဈေးနှုန်း အနည်းငယ်ကျနေကာ နှမ်းသီးနှံ ဈေးနှုန်းများ အနည်းဈေးတက်လာသည်။ **တင်မာဝေ(မုံရွာ)**

# ဟင်္သာတကုန်စည်ဒိုင်၌ ပဲတီစိမ်းအနီ ဈေးကောင်းရလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ဒီဇင်ဘာလလယ်မှစ၍ ဆောင်းသီးနှံပဲအသစ်များ ဈေးကွက်ဝင်ရောက်လာပြီး ဒီဇင်ဘာ ၃၀ ရက်တွင် မတ်ပဲ(ဟောင်း) တစ်တင်းလျှင် ကျပ် ၄၁၀၀၀၊ မတ်ပဲ (အသစ်) တစ်တင်းလျှင် ကျပ် ၄၁၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ စီ မြင့်တက်ခဲ့ကာ၊ နေ့စဉ်(ပဲသစ်) အိတ် ၂၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်း(ဝါးခယ်မ)တစ်တင်းလျှင် ကျပ် ၄၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ မြင့်တက်ခဲ့သည်။ ပဲတီစိမ်း(အနီ) တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၄၀၀၀ မြင့်တက်ခဲ့ကာ ဈေးကောင်းရလျက်ရှိသည်။ ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဖြင့် ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲလွမ်းနီတစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးပေါက်၍ ယခင်သီတင်းပတ်ထက် ကျပ် ၁၅၀၀ မြင့်တက်သည်။ ပဲယင်း(အနီ) တစ်တင်းလျှင် ကျပ် ၅၂၀၀၀၊ ပဲတီ(ရွှေဝါ)လုံးကြီး တစ်တင်းလျှင် ကျပ် ၄၁၀၀၀၊ ပဲတီ(ရွှေဝါ) လုံးသေး တစ်တင်းလျှင် ကျပ် ၄၀၅၀၀ ဖြင့် ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲအသစ်များဖြစ်သည့်အတွက် ပဲလှောင်သည့်ကုန်သည်များ ဝယ်ယူ ခြင်းမရှိသေးဘဲ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဆည့်မထဆန် (၂၅%) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၊ ဆန်ကွဲ (1 & Extra) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၂၁၇၀၀၊ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၂၁၂၀၀၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀၀ စီ ကျဆင်းခဲ့ကာ ဖွဲနုပေါင် ၇၀ တစ် အိတ်လျှင် ကျပ် ၉၈၀၀ဖြင့် ယခင်သီတင်းပတ်နှင့် ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

# မတ်ပဲဈေးနှုန်းများ ဈေးပြန်မာလာ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် မတ်ပဲဈေးနှုန်းများမှာ ယခုနှစ်အနေဖြင့် အောက်တိုဘာလတွင် တစ်တင်းလျှင် ကျပ် ၆၅၀၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။ အောက်တိုဘာလတွင် ဈေးကောင်းခဲ့သော်လည်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ပဲဈေးတဖြည်းဖြည်း လျော့လာခဲ့ရာ ဒီဇင်ဘာလ တတိယပတ်တွင် မတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀ အထိ ကျလာခဲ့သည်။ မတ်ပဲဈေးများ ကျဆင်းလာရခြင်းမှာ အိန္ဒိယဈေးကွက်သို့ တင်ပို့ရမည့်ပမာဏ ပြည့်မီသွားပြီး နောက်နှစ်အတွက် ဝယ်ယူရန် အခြေအနေစောင့်ကြည့်ကာလ ဖြစ်ခြင်းကြောင့် ကုန်သည်ကြီးများမှ ဈေးနှုန်းထိန်းညှိ ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ ဒီဇင်ဘာလတတိယပတ်အတွင်း လမည့်နှစ်အတွက် အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ရန် စာချုပ်သစ်များ ပြန်လည်ချုပ်ဆိုပြီးကြောင်း သိရှိရကာ မတ်ပဲဈေးမှာလည်း တစ်တင်း ကျပ် ၃၇၀၀၀ ခန့်ထိ ကျဆင်းခဲ့ရာမှ ကျပ် ၄၀၅၀၀ အထိ ပြန်လည်ဈေးမာလာကြောင်း သိရှိရသည်။

**မိမိအေး (ပြည်)**

# ပြည်ဈေးကွက်သို့ ဆောင်းမြေပဲသစ်များ ဝင်ရောက်၊ အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ဈေးကွက်သို့ မိုးမြေပဲအသစ်များကို ရွှေတောင်၊ ပန်းတောင်းနှင့် ပြည်-အောင်လံကြားရှိ ကျေးရွာများမှ တစ်ရက်လျှင် အိတ် ၅၀၀ခန့် ဝင်ရောက်လာသည်ကိုတွေ့ရသည်။ ယခုအချိန်သည် မိုးမြေပဲအသစ်များ စတင်ထွက်ပေါ်နေချိန်ဖြစ်၍ အဝင်နည်းနေသေးသော်လည်း ယခင်မြေပဲဆန်ဟောင်း လက်ကျန်များဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရွှေတောင်ဘက်ရှိမြေနုကျွန်းများတွင် စိုက်ပျိုးသည့် ဆောင်းမြေပဲများကို အတောင့်လိုက် ပြည်ဈေးကွက်သို့ လာရောက်ရောင်းချပြီး ဈေးကွက်မှလည်း မြေပဲပြုတ်ရောင်းသူများက အတောင့်လိုက် ပြန်လည်ဝယ်ယူပြီး ရောင်းချသဖြင့် အတောင့်တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ ၊ (အနီ) တစ်ပိဿာလျှင် ကျပ်၂၄၀၀ နှင့် လုံးဆန်(အဖြူ )တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ တို့ဖြင့် ရန်ကုန်ဝယ်လက်များနှင့် ဆီစက်သမားများက အဝယ်ရှိပြီး တစ်နေ့လျှင် အိတ် ၄၀၀/၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **ဝေဝေမင်း(ပြည်)**

# မတ်ပဲဈေး ပြန်မြင့်လာ၍ လှောင်ပဲအဟောင်းများ ထုတ်ရောင်းချမှု ရှိလာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ပြည်ပဝယ်လက် သီးနှံထဲတွင် မတ်ပဲ သီးနှံဈေးပြန်လည်မြင့်တက်လာခဲ့သည်။ ဒီဇင်ဘာလလယ်မှစ၍ ပဲဈေးနှုန်းလျော့ကျ လာခဲ့ ခြင်း ကြောင့် မတ်ပဲသီးနှံ ပိဿာ ၂၀ တစ်တင်းလျှင် လေးသောင်းကျပ်အောက်ထိ ဈေးလျော့ခဲ့ပြီး ယခုတစ်ပတ်တွင် ပြည်ပဝယ်လက် ဝယ်လိုအားရှိမှုအပေါ် ရန်ကုန်ဝယ်လက်သမားများ ဝယ်လိုအားရှိလာ၍ ပဲတစ်တင်း ကျပ် ၄၀၅၀၀ ဖြင့် ဈေးမြင့်လာခဲ့သည်။ ပဲလှောင် သမား အချို့သည် အဟောင်းလက်ကျန်များ ထုတ်ရောင်းချလာခဲ့ကြပြီး ပဲအသစ်များ အဝင်အနည်းငယ်ရှိလာသော်လည်း အဟောင်းများသာ ရောင်းချမှုရှိ၍ အိတ် ၂၀၀ ကျော်အထိ တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်သမားများ ဝယ်ယူခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

# ပြည်ပဲမျိုးစုံဈေးကွက်၌ မတ်ပဲဈေး ပြန်မြင့်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက်သီးနှံထဲမှာ မတ်ပဲသီးနှံဈေး ပြန်လည်မြင့်တက်လာခဲ့သည်။ ဒီဇင်ဘာလလယ်ပတ်မှစ၍ ပဲဈေးနှုန်း လျော့ကျလာခဲ့သောကြောင့် မတ်ပဲသီးနှံ ပိဿာ ၂၀ တစ်တင်း ကျပ် လေးသောင်းအောက်ထိ ဈေးလျော့ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပြည်ပဝယ်လက် ဝယ်လိုအားရှိမှုအပေါ် ရန်ကုန်ဝယ်လက်သမားများ ဝယ်လိုအားရှိလာ၍ ပဲတစ်တင်း ကျပ် ၄၀၅၀၀ ဖြင့် ဈေးမြင့်လာခဲ့သည်။ ယခင်လကုန်ပတ်ကရရှိခဲ့သော ဈေးကိုမမီသော်လည်း ဈေးမြင့်လာခြင်းကြောင့် ပဲလှောင်သမားအချို့လည်း အဟောင်းလက်ကျန်များ ထုတ်ရောင်းချလာခဲ့ကြသည်။ ပဲအသစ်များ အဝင်အနည်းငယ်ရှိလာသော်လည်း အဟောင်းများသာ ရောင်းချမှုရှိ၍ အိတ် ၂၀၀ကျော်ထိ တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်သမားများ ဝယ်ယူခဲ့ကြောင်း သိရှိရသည်။

**ခင်ဆွေဝင်း (ပြည်)**

Vol: 22, No.1 Monday January 3 2022

## “အသိပေးကြေညာချက်”

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

၁။ ပြည်ပမှ တင်သွင်းသည့်ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းအဖြစ် 2017 Customs Tariff of Myanmar အရ HS.Code 6 digit ဖြင့် ကုန်စည်(၁၄၂၈)လိုင်း သို့မဟုတ် HS. Code 10 digit ဖြင့် ကုန်စည်(၃၀၇၀)လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ သတ်မှတ်သည့် ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁၈/၂၀၂၁)ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါသတင်းလွှာ၏ ပူးတွဲပါ ကုန်စည်လိုင်းများအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သတ်မှတ်ထားရာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် သွင်းကုန်လိုင်စင်များအား ကြိုတင်လျှောက်ထားလိုပါက ၁၆.၁၂.၂၀၂၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်လျှောက်ထားခွင့်ပြုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် သုံးသောင်းကျော်တင်ပို့

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန် ဒေါ်လာ ၉ ဒသမ ၄၆၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၈၁၀၀ ကျော် တင်ပို့ခဲ့ရာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၆၁၇၀ ခန့်၊ အီးယူနိုင်ငံများသို့ ၁၅၈၀ ခန့်နှင့် နယူးဂီနီနိုင်ငံသို့ ဆန်တန်ချိန် ၃၄၀ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့မှု အများဆုံးနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၀၁၃၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၄၀ ခန့် နှင့် ဗီယက်နမ်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ဆန်ဝယ်ယူမှု တန်ချိန် လျော့နည်းမှုများရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ချိန် ၁၅၀၀၀ ကျော် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၉၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ခန့်နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀ခန့် စုစုပေါင်း ဆန်ကွဲတင်ပို့မှု တန်ချိန် ၂၅၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၇ သန်း ရှိကြောင်း သိရသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူမှု လျော့နည်းခဲ့သဖြင့် ဆန်ကွဲတန်ချိန် ၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ တင်ပို့မှု စုစုပေါင်း တန်ချိန် ၃၀၆၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# သက်တမ်းလွန် ဆေးဝါးများအား မီးရှို့ဖျက်ဆီး

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များဖြစ်ကြသော ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင် စသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့များပူးပေါင်းပြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု စည်ပင်အမှိုက်စွန့်ကန်၌ သက်တမ်းကုန်နေသော ဓာတုဆေးဝါးများနှင့် ပျက်စီးဆေးဝါးများအား ဒီဇင်ဘာ ၂၄ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြသည်။

မီးရှို့ဖျက်ဆီးရာတွင် သက်တမ်းကုန်နေသော အိမ်သုံးဓာတုဆေးများနှင့် ပျက်စီးနေသော ဓာတုဆေးဝါး ၃၇ မျိုး ပါဝင်ပြီး စုစုပေါင်း မီးရှို့ဖျက်ဆီးခဲ့သော ဓာတုဆေးဝါးများ၏ တန်ဖိုးငွေ ကျပ် ၅၈၆၄၂၁၈ ခန့်ရှိကြောင်းသိရသည်။


**ကျော်ဝင်းနိုင်(မြိတ်)**

# ပြည်ခရိုင်အတွင်း စပါးဈေးကောင်းသော်လည်း ဆန်ဈေးနှင့် ဆန်အရောင်းအဝယ် အေးလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ဒီဇင်ဘာတတိယပတ် စပါးဈေး အနည်းငယ်မြင့်လာသော်လည်း ဆန်ဈေးမှာ ဈေးငြိမ်နေခဲ့သည်။ ပြည်ခရိုင်ရှိ မြို့နယ်များမှ ရန်ကုန်သို့ အများဆုံးတင်ပို့မှုရှိပြီး တစ်ရက်လျှင် ဆန်အိတ်ရေ ၃၈၀၀၊ တန်ချိန် ၁၉၀ အထိ တင်ပို့ရောင်းချမှုရှိကြောင်း သိရသည်။

ပြည်ခရိုင် မြို့နယ်များအတွင်း ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထအုပ်စု စပါး တင်း ၁၀၀လျှင် ကျပ် ၆၅၀၀၀၀-၆၆၀၀၀၀၊ မော်ဘီစပါးအုပ်စု မှာ ကျပ် ၇၁၀၀၀၀၊ ဒေသထွက် တောင်ပျံ ပေါ် ဆန်းစပါးဈေးမှာ ကျပ် ၈၅၀၀၀၀ ဖြစ်သည်။ ဧည့်မထအုပ်စုအနေနဲ့ ကရင်မဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀-၂၅၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ် ၂၂၅၀၀၊ ကျော်ဇေယျ ဆန်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၊ အထူးဧည့်မထအုပ်စုဖြစ်သော ရိုးနီဆန်တစ်အိတ်လျှင် ကျပ် ၃၃၀၀၀ ထိ ဈေးရှိပြီး တောင်ပျံမွှေးဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ဖြင့် ပြည်ခရိုင်အတွင်း မြို့နယ်များတွင် အရောင်းအဝယ်ဖြစ်ပြီး စပါးဈေးမှာ အနည်းငယ်မြင့်၍ ဆန်ဈေးငြိမ်နေသည့်အတွက် ဆန်စက်ပိုင်ရှင်များအနေဖြင့် တွက်ခြေကိုက်မှုနည်းပါးကြောင်း သိရှိရသည်။

**လွင်လွင်ဆန်း(ပြည်)**



## မြန်မာ့ဆိပ်ကမ်းတွင် ၂၉.၁၂.၂၀၂၁ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT.AU GEMINI | P’Oil (In Bulk)4150 တန်ချ |
| ထီးတန်းဆိပ်ကမ်း(၁) | PEGASUS 03 | Y’ Maize(In Bulk) ၇၅၀၀ တန်တင် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | BLPL BLESSING | ကုန်သေတ္တာ ၄၂၀ လုံးတင် ၂၁၂ ချ |
| အလုံဆိပ်ကမ်း(၁) | BMC PANDORA | Yellow Maize(In Bulk) ၁၇၀၀၀ တန်တင် |
| အလုံဆိပ်ကမ်း(၃) | TJ HARVEST | Yellow Maize(In Bulk)&Rice ၂၄၆၀၀ တန်တင် |
| စက်မှုဆိပ်ကမ်း(၂) | ALS SUMIRE | ကုန်သေတ္တာ ၉၅၀ တင် ၉၃၀ ချ |
| စက်မှုဆိပ်ကမ်း(၄) | MAERSK NASSJO | ကုန်သေတ္တာ ၁၄၆၁ လုံးတင် ၁၁၄၃ ချ |
| ဆူးလေဆိပ်ကမ်း(၁) | THANG LONG | Yellow Maize(In Bulk) ၈၅၀၀ တန်တင် |
| ဆူးလေဆိပ်ကမ်း(၆) | SKY FORTUNE | ဆန်တန်ချိန် ၆၂၀၀ တန်တင် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BRONCO | Wheat (In Bulk) ၂၂၀၀၀ တန်ချရန် | AUSTRALIA | ၃၀.၁၂.၂၀၂၁ |
| TOSEI MARU | STEEL & EQUIPMENT ၅၃၄၈ တန်ချရန် | CHINA | ၃၀.၁၂.၂၀၂၁ |
| HAN THAR | Pulses ၉၂၀၀ တင်ရန် | CHINA | ၃၀.၁၂.၂၀၂၁ |
| VTC PHOENIX | Yellow Maize(In Bulk) ၁၇၅၀၀ တင်ရန် | PHILIPPINE | ၃၁.၁၂.၂၀၂၁ |
| BMC ALPHA | ဆန်တန်ချိန် ၇၇၀၀ တင်ရန် | PHILIPPINE | ၃၀.၁၂.၂၀၂၁ |
| ALEXANDER | TVARDOUSKIY (10 Units Container) 228 တန်ချရန် | RUSSIA | ၃၀.၁၂.၂၀၂၁ |
| STELLA MARIA | 48 Pkgs, Equipment , | RUSSIA | ၃၀.၁၂.၂၀၂၁ |
| WB PROSPECT | Yellow Maize(In Bulk) ၁၀၅၀၀ တင်ရန် | PHILIPPINE | ၃၀.၁၂.၂၀၂၁ |
| MARATHA PRESTIGE | ဆန်တန်ချိန် ၂၁၀၀၀ တင်ရန် | Amsterdam @ Gdynia | ၃.၁.၂၀၂၂ |
| HINASE | Wheat (In Bulk)၂၃၅၀၀ တန်ချရန် | AUSTRALIA | ၃.၁.၂၀၂၂ |
| JUPITER BAYU | ဆန်တန်ချိန် ၂၀၀၀၀ တင်ရန် | - | ၅.၁.၂၀၂၂ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TCI SURYA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၂၁ |
| HANSA COBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၂၁ |
| GREEN CLARITY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |
| KENG TUNG | PORTKLANG | စက်မှုဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |
| ZIM AUSTRALIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၃၀.၁၂.၂၀၂၁ |
| CTP MAKASSAR | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |
| MCC SHENZHEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၁.၁၂.၂၀၂၁ |

စားအုံးဆီ၊ ဒီဇယ်၊ ဓာတ်ဆီ ကုန်သင်္ဘောအဝင်စာရင်းထုတ်ပြန်ခြင်းမရှိပါ။

# ပြည်ကုန်စည်ဒိုင်တွင် ကုလားပဲ ဈေးမြင့်တက်နေ

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်တွင် ကုလားပဲသီးနှံ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ် နှစ်ကုန်ပိုင်းတွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၄၄၀၀၀ ဖြင့် ဈေးမြင့်လျက်ရှိသည်။ ယခင်နှစ်က ပဲသစ်ပေါ်ကာစအချိန်တွင် ကျပ် ၂၇၅၀၀ ဖြင့် ဈေးဖွင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုကာလတွင် ပြည်ပဲဈေးကွက်၌ ကုလားပဲသစ်များ ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းများသာ အရောင်းအဝယ်ဖြစ်ကာ တစ်ရက်လျှင် အိတ် ၂၀၀၊ ၃၀၀ ခန့် ရောင်းဝယ်လျက်ရှိခဲ့သည်။

ယခုနှစ်ကုန် ကုလားပဲသီးနှံဈေးမှာ ယခင်နှစ်ထက် မြင့်တက်ခဲ့ပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲလက်ကျန်များကို ခွဲစက်သမားများ မြို့တွင်းရောင်းချမှုအပြင် ပဲခွဲကြမ်းများကိုလည်း ရန်ကုန်ဝယ်လက်နှင့် နယ်စုံတင်ပို့ရောင်းချလျက်ရှိသည်။

**မိမိအေး(ပြည်)**

# ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ပြောင်းတန်ချိန် ခြောက်သောင်းနီးပါးတင်ပို့

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတင်ပို့မှု တန်ချိန် ၄၅၃၄၀ခန့်နှင့် ဗီယက်နမ်နိုင်ငံသို့ ပြောင်းတင်ပို့မှုတန်ချိန် ၁၃၉၀၀ခန့်နှင့် စုစုပေါင်း ပြောင်းတင်ပို့မှု တန်ချိန် ၅၉၂၆၀ ခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၉၉ သန်းခန့်ရရှိကြောင်း သိရသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပြောင်းတင်ပို့မှု တန်ချိန် ၂၅၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

**အေးအေးသန့်**

## ကြက်သွန်

### ပြည်ဈေးကွက်သို့ ကြက်သွန်နီ(အသစ်)များ စတင်ဝင်ရောက်

ယခုတစ်ပတ်မှစတင်ပြီး ပြည်ဈေးကွက်သို့ ကြက်သွန်နီ (အသစ်)များ ပခုက္ကူနှင့် ရေနံချောင်းဘက်မှ ဝင်ရောက်မှုရှိလာသည်။ ကြက်သွန်နီ (အသစ်)မှာ ပိဿာ ၃၀ ဝင် အိတ် ၈၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေပြီး ကြက်သွန်နီ (အဟောင်း)မှာ အိတ် ၂၅၀ ခန့် ရက်ခြားအဝင်ရှိနေကြောင်းလည်း သိရသည်။ ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီအသစ်ဈေးမှာ တစ်ပိဿာလျှင် လက်လီ၊ လက်ကား ကျပ် ၈၀၀-၉၀၀ခန့်ရှိနေပြီး ကြက်သွန်နီအဟောင်းဈေးမှာ လက်လီ၊ လက်ကား တစ်ပိဿာလျှင် (ကြီး) ကျပ် ၈၀၀-၉၀၀ ၊ (ငယ်) ကျပ် ၇၀၀-၈၀၀၊ (သေး)ကျပ် ၃၅၀-၄၅၀ နှုန်းတို့ဖြင့် ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

ကြက်သွန်နီ (အဟောင်း)မှာ အစို့ပေါက်များဖြစ်နေသည့်အတွက် နေ့စဉ်အသုံးများသည့် အစားအသောက် ချက်ပြုတ်ရောင်းချသူများမှာ ပိုမိုဝယ်ယူမှုရှိနေပြီး ကြက်သွန်နီ(အသစ်)မှာ အဝယ်မလိုက်သေးကြောင်းသိရသည်။ **ဝင်းလဲ့ဝါ(ပြည်)**

### ရေနံချောင်းတွင် ကြက်သွန်နီ ဧက ၃၀၀၀ ကျော် လျာထားစိုက်မည်

ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီကို စတင်စိုက်ပျိုးလျက်ရှိရာ ဧက ၃၀၀၀ ကျော် လျာထားစိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို ကိုင်းမြေများ၌ ဖော်မွှားပျိုးဥစိုက်ကြပြီး ချောင်းမြေနုများမှာ ပျိုးထောင်၍စိုက်ကြကြောင်း ကြက်သွန်နီပျိုးဥ ခေါ် ဖော်မွှား တစ်ပိဿာ ငွေကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ အတွင်း ဝယ်စိုက်ရသည်။ ယခင်နှစ်က ဖော်မွှား ပျိုးဥ တစ်ပိဿာ ကျပ် ၁၂၀၀ ဝန်းကျင်ရှိခဲ့ကြောင်း တောင်သူများထံမှ သိရသည်။ ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာ၊ မာန်မြေကျေးရွာ၊ ကျမ်းကိုင်ကျွန်းကျေးရွာ၊ ပင်းဝကျေးရွာ၊ သုံးဆယ့်ခြောက်ကျေးရွာ၊ အုတ်ရှစ်ကုန်းကျေးရွာ အုပ်စုများ၌ မြစ်ရေကိုအဓိကထား၍ နှစ်စဉ်စိုက်ကြသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းသီးနှံကြက်သွန်ကို ဧက ၃၀၇၉ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

### ပြည်ကြက်သွန်ဖြူ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်အတွင်း ကြက်သွန်ဖြူ ရှမ်းစမှာ အလုံး အသေး၊ အကြီးပေါ် မူတည်၍ ပွဲရုံဈေးလက်ကား တစ်ပိဿာလျှင် ကျပ် ၂၀၀၀- ၂၅၀၀-၂၈၀၀-၃၂၀၀ဈေး၊ လက်လီဈေး တစ်ပိဿာလျှင် အသေး၊ အကြီးလိုက်၍ ၄၀၀၀-၅၀၀၀ ဖြင့် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ကြူကုတ်မှာ ပွဲရုံဈေး လက်ကားတစ်ပိဿာလျှင် ကျပ် ၅၀၀၀-၅၂၀၀၊ လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၆၀၀၀ အတွင်း ဈေးရှိသည်။

ယခင်တစ်ပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ကြည့်လျှင် ရှမ်းစမှာ အလုံးအသေး၊ အကြီးလိုက်၍ ဈေးနှုန်းများ ကွာခြားမှုရှိသော်လည်း ယခင်တစ်ပတ်ဈေးထက် ကျော်လွန်ခြင်းမရှိသည်ကိုတွေ့ရပြီး ကြူကုတ်မှာလည်း ဈေးငြိမ်နေသည်။ ပြည်ဈေးကွက်တွင် ကြက်သွန်ဖြူများ အရောင်းအဝယ် ပုံမှန်ရှိပြီး ဝင်ရောက်မှုမှာလည်း တောင်ကြီးဘက်မှ အိတ် ၃၀ -၅၀ ပုံမှန်အဝင်ရှိကြောင်း သိရသည်။

**ဆုမွန်ဆွေ (ပြည်)**

### အောင်ပန်းကြက်သွန်ဖြူဈေးနှုန်း အခြေအနေ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၉ ရက်အတွင်း အောင်ပန်းမြို့မှကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိပြီး ဒီဇင်ဘာ ၂၉ ရက် ကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၄၇၀၀၊ ကြက်သွန်ဖြူ (ထူး-၂)ကျပ် ၁၅၀၀၊ (ထူး -၃)ကျပ် ၂၀၀၀၊ (ထူး-၄)ကျပ် ၂၅၀၀၊ (ထူး-၅) ကျပ် ၃၀၀၀ ဈေးနှုန်းတို့ ဖြစ်ခဲ့သည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၅၀၀၊ ကြက်သွန်ဖြူ (ထူး-၂) ကျပ် ၁၅၀ ဈေးကျဆင်းခဲ့ပြီး (ထူး-၃) ကျပ် ၂၀၀၊ (ထူး-၄) ကျပ် ၆၀၀၊ (ထူး-၅) ကျပ် ၉၀၀ ခန့် ဈေးနှုန်းမြင့်တက်ခဲ့သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူဝင်ရောက်မှုမှာ တစ်ပတ်အတွင်း ကြက်သွန်ဖြူ (ကြူကုတ်) ၇၅၅၀ အိတ် ၂၂၆၅၀၀ ပိဿာနှင့် အောင်ပန်းကြက်သွန်ဖြူ ၆၃၀၀ အိတ် ၁၂၆၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**စန်းစန်းမော် (မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)**

### ဈေးအနည်းငယ် မြင့်တက်လာသည့် ဆိတ်ဖြူကြက်သွန်နီ



ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၉ ရက်အတွင်း ဆိတ်ဖြူ မုံရွာ၊ မြင်းခြံ၊ ပခုက္ကူတို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး တစ်ပတ်အတွင်း ကြက်သွန်နီတစ်ပိဿာ ဈေးနှုန်းများမှာ ဆိတ်ဖြူကြက်သွန်နီ(ရှယ်စ) ကျပ် ၈၀၀၊ လတ်ကြီး ကျပ် ၆၅၀၊ လတ်သန့် ကျပ် ၅၀၀ နှင့် လတ်ချော ကျပ် ၃၀၀ ဈေးနှုန်းတို့ဖြစ်ခဲ့သည်။

ယခင်တစ်ပတ် ဈေးနှုန်းထက် ဆိတ်ဖြူကြက်သွန်နီ (ရှယ်စ) ကျပ် ၂၀၀ နှင့် လတ်ကြီး၊ လတ်သန့်၊ လတ်ချောတို့မှာ ကျပ် ၁၅၀ စီခန့် ဈေးနှုန်းမြင့်တက်ခဲ့သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးရေ ၂၈ စီးခန့်နှင့် တစ်ပတ်အတွင်း စုစုပေါင်း ၁၄၄ စီးဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ကြက်သွန်နီ ပျမ်းမျှ ပိဿာ ၁၇၂၈၀၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ၈၆၄၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ရွှေဝါထွန်း (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ချင်း

### ပုံမှန်အရောင်းအဝယ်ရှိနေသည့် ပြည်ချင်း

ပြည်(ချင်း)ပွဲရုံများတွင် ယခုတစ်ပတ် ချင်းတစ်နေ့အိတ် ၅၀/၆၀ ပုံမှန်အဝင်ရှိနေပြီး ဒေသတွင်းလက်လီရောင်းဝယ်ရေးသမား ပုံမှန်အစွဲရှိနေသော်လည်း ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲရှိနေသည်။

ချင်းလှီးသမားတို့လည်း အိတ်စွဲများလျက်ရှိသည်။ ယခုတစ်ပတ် ချင်းဈေး တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၁၂၀၀-၁၃၀၀ နှင့် သန့်ပြီး ချင်း ကျပ် ၁၆၀၀-၁၈၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ဒါးလှီးချင်းဖတ် တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဈေးဖြင့် ရောင်းချနေပြီး တစ်ပတ်အတွင်း ချင်းအိတ် ၂၀၀ နီးပါး အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရသည်။

**ဝင်းဝင်းခိုင် (ပြည်)**

## အာလူး

### ဈေးအနည်းငယ် မြင့်တက်လာသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၉ ရက်အတွင်း အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး တစ်ပတ်အတွင်း အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူး A1 ကျပ် ၁၈၀၀၊ အာလူး OK ကျပ် ၂၀၀၀၊ အာလူး S1 ကျပ် ၂၂၀၀ နှင့် အာလူး S2 ကျပ် ၂၃၀၀ ဈေးနှုန်းတို့ဖြစ်ခဲ့သည်။ အာလူးဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အာလူး A1 ကျပ် ၁၅၀၊ အာလူး OK နှင့် S2 တို့မှာ ကျပ် ၂၀၀၊ အာလူး S1 ကျပ် ၃၀၀ စီခန့် ဈေးနှုန်းမြင့်တက်ခဲ့သည်။

ရန်ကုန်မြို့အတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီးရေ ခြောက်စီးခန့်နှင့် တစ်ပတ်အတွင်း စုစုပေါင်း ၂၉ စီးခန့် ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင်ပျမ်းမျှ အာလူးပိဿာချိန် ၃၄၈၀၀ ခန့် ဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၇၄၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ရွှေဝါထွန်း (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## မန်ကျည်း



### ပြည်မန်ကျည်းမှည့် အရောင်းအဝယ်ပြန်အေး

ဒီဇင်ဘာနောက်ဆုံးပတ်အတွင်း ပြည်မန်ကျည်းမှည့် ရောင်းဝယ်ရေးသမားများ အရောင်းအဝယ် အေးနေကြောင်းသိရသည်။ ရန်ကုန်နှင့် ရခိုင်ဝယ်လက်အဆွဲအေးနေပြီး ဒေသတွင်းဈေးများရှိ လက်လီအရောင်းဆိုင်များ၏ လိုသလောက်ပိဿာလောက်သာ အရောင်းအဝယ်ရှိနေသောကြောင့် အရောင်းအဝယ် ပြန်အေးသွားကြောင်းသိရသည်။

ယခုတစ်ပတ် မန်ကျည်းမှည့် လက်ကားဈေး တစ်ပိဿာလျှင် ကျပ်၂၅၀၀-၃၀၀၀ တို့ဖြစ်ပြီး လက်လီဈေးများတွင် တစ်ပိဿာ ကျပ် ၃၅၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ မန်ကျည်းမှည့်သစ်များလည်း ပေါ်လာခါနီးသောကြောင့် မန်ကျည်းမှည့်ဈေး တစ်ပိဿာပေါ်တွင် ယခင်တစ်ပတ်ဈေးထက် ၁၀၀ ကျပ် ပြန်ကျလာကြောင်း သိရသည်။

**ဝင်းဝင်းခိုင် (ပြည်)**

## ပဲ

### ဗိုလ်ကိတ်ပဲသစ် အဝင်လျှိုင်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်တွင် ဆောင်းပဲသီးနှံတစ်မျိုးဖြစ်သော ဗိုလ်ကိတ်သီးနှံ ပဲသစ်များ နေ့စဉ်ဝင်ရောက်နေသည်။ ပြည်အနီးတစ်ဝိုက် ဒေသများမှ ဝင်ရောက်ခဲ့ကာ ဝယ်လိုအားအနေဖြင့် လက်လီသမားရော လက်ကားသမားများပါ အဝယ်ရှိခြင်းကြောင့် တစ်ရက်အိတ် ၁၅၀ ကျော် ၂၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲဈေးမှာ တစ်တင်း ကျပ် ၃၆၀၀၀ ရရှိခဲ့သည့်အတွက် ပဲသစ်ပေါ်စအချိန် အဖွင့်ဈေးထက် ဈေးလျော့သွားခဲ့သည်။ ဗိုလ်ကိတ်သီးနှံပဲသစ်ပေါ်ချိန် အဖွင့်ဈေးမှာ တစ်တင်း ကျပ် ၃၈၅၀၀ ထိ ရရှိခဲ့သည့်အတွက် ယခုလို ပဲအထွက်လှိုင်ချိန်၊ ဝင်ရောက်မှုများလာချိန်တွင် ဈေးအနည်းငယ် လျော့သွားခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**




# အင်ဒိုနီးရှားနှင့် အာရှငွေကြေး အကျပ်အတည်း (၁)

သိန်းမြင့်ဝေ

၁၉၉၇ ခုနှစ် ဇူလိုင် ၂ ရက်တွင် အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis) စတင်ဖြစ်ပွားခဲ့သည်။ ငွေကြေးကစားသူများ (Currency Speculators) သည် ထိုင်းနိုင်ငံ၏ နိုင်ငံခြားသီးသန့်အရန်ငွေကြေး (Foreign Exchange Reserves) ကို စတင်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ထိုင်းအစိုးရသည် ယင်း၏ငွေလဲနှုန်းစနစ်ကို ပုံသေငွေလဲနှုန်းမှ နှုန်းရှင်ငွေလဲနှုန်း (Floating Exchange Rate) သို့ ပြောင်းလဲရန်ဆုံးဖြတ်ခဲ့သည်။ ငွေကြေးဈေးကစားသူများ၏ အတိုက်ခိုက်ခံရခြင်းနှင့် ငွေလဲနှုန်းစနစ်ပြောင်းလဲခြင်းတို့ကြောင့် ထိုင်းအစိုးရသည် ပြည်ပကြွေးမြီများစွာတင်ရှိပြီး ငွေကြေးအကျပ်အတည်းစတင်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် နိုင်ငံ၏ပို့ကုန်ရငွေ မြှင့်တင်ရေးအတွက် ရည်ရွယ်၍ အထက်ပါအတိုင်း ငွေလဲနှုန်းစနစ်ကို ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အရာမရောက်ခဲ့ပေ။ များမကြာမီ ထိုင်းငွေကြေးအကျပ်အတည်းသည် အခြားအာရှတိုက် နိုင်ငံများသို့ကူးစက်ပျံ့နှံ့သွားသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အာရှတိုက်၏စီးပွားရေး အလွန်တိုးတက်သော နိုင်ငံများ (Asian Economic Miracle Countries)၌ ၎င်းတို့၏ ငွေကြေးအရင်းအနှီး များစွာကို ရင်းနှီးမြှုပ်နှံထားသောကြောင့်ဖြစ်သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၇ခုနှစ်ထိ ၁၀ စုနှစ်တစ်ခုတိုင် နိုင်ငံခြား အရင်းအနှီးများ အဆိုပါနိုင်ငံများအတွင်းသို့ စီးဝင်ခဲ့သည်။ ငွေကြေးအကျပ်အတည်းကြောင့် အာရှဈေးကွက်အတွင်း ယုံကြည်မှုပျောက် ဆုံးပြီး အာရှငွေကြေးနှင့် ရပိုင်ခွင့်များ (Asian Currencies & Assets)၏ တန်ဖိုးသိသာမြန်ဆန်စွာ ကျဆင်းခဲ့သည်။

## အင်ဒိုနီးရှားအကျပ်အတည်း စတင်ခြင်း

ငွေကြေးအကျပ်အတည်းကြောင့် အာရှဒေသသည် စိုးရိမ်စရာလက္ခဏာများ ဖြစ်ပေါ်ရင်ဆိုင်လာရသည်။ သို့သော်လည်း အစပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အင်ဒိုနီးရှားဗဟိုဘဏ်နှင့် အစိုးရအပေါ် ယုံကြည်မှုရှိနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အင်ဒိုနီးရှားသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ဖြစ်ပေါ်ခဲ့သော ငွေကြေးပြဿနာ(Financial Storm)ကို ဖြေရှင်းနိုင်ခဲ့သောကြောင့်ဖြစ်သည်။ သို့သော်လည်း အင်ဒိုနီးရှားသည် ယခုငွေကြေးအကျပ်အတည်းကို မဖြေရှင်းနိုင်ခဲ့ပေ။ အင်ဒိုနီးရှားသည် ငွေကြေးအကျပ်အတည်း၏ ရိုက်ခတ်မှုဒဏ်ကို အပြင်းထန်ဆုံးခံစားရသော နိုင်ငံဖြစ်လာခဲ့သည်။ အကြောင်းမှာ ယခုအကျပ်အတည်းသည် စီးပွားရေးကိုသာမက နိုင်ငံရေးနှင့် လူမှုရေးကိုလည်း သိသိသာသာ ရိုက်ခတ်သောကြောင့်ဖြစ်သည်။

အင်ဒိုနီးရှားငွေကြေး ရူပီးအပေါ် ဖိအားအလွန် များပြားလာခဲ့သည်။ ထို့ကြောင့် အင်ဒိုနီးရှားသည် ၁၉၉၇ခုနှစ် ဩဂုတ်လမှစတင်ပြီးနှုန်းရှင်ငွေလဲနှုန်းကို သတ်မှတ်ခဲ့သည်။ နှုန်းရှင်ငွေလဲနှုန်းသတ်မှတ်ပြီးနောက် ချက်ချင်းဆိုသလို အင်ဒိုနီးရှား ငွေကြေး၏တန်ဖိုး အလွန်အမင်း ကျဆင်းခဲ့သည်။ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ရူပီးတန်ဖိုးသည် ၁၉၉၇ ခုနှစ် ဇွန်လတွင်ရှိသော ရူပီးတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသာ ရှိပါတော့သည်။ ၁၉၉၇ ခုနှစ် မတိုင်မီ နှစ်များတွင် အင်ဒိုနီးရှား ပုဂ္ဂလိကကုမ္ပဏီများစွာသည် ကာလတိုပြည်ပချေးငွေများကို အမေရိကန်ဒေါ်လာဖြင့် ရရှိခဲ့ကြသည်။ အဆိုပါ အလွန်များပြားသော ပြည်ပချေးငွေများ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ၏ ကြွေးမြီများသည် ပေါက်ကွဲလုဆဲဆဲ ချိန်ကိုက်ဗုံးသဖွယ်ဖြစ်နေသည်။

ရူပီးငွေကြေးတန်ဖိုး ဆက်လက်ကျဆင်းမှုနှင့်အတူ နိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ အလွန်ဆိုးရွားလာခဲ့သည်။ အင်ဒိုနီးရှား ကုမ္ပဏီများသည် အမေရိကန်ဒေါ်လာကို အလုအယက် ဝယ်ယူခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ရူပီးငွေကြေး၏တန်ဖိုး ဆက်လက်ကျဆင်းပြီး ကုမ္ပဏီများ၏အကြွေးအခြေအနေ ပိုမိုဆိုးရွားခဲ့သည်။ အားနည်းသောဘဏ်များ အပါအဝင် အင်ဒိုနီးရှားကုမ္ပဏီများ ဆုံးရှုံးမှုများစွာ ခံစားကြရသည်။ နိုင်ငံခြားငွေကြေး သို့မဟုတ် အမေရိကန်ဒေါ်လာ၏ ရောင်းလိုအားမှာ မရှိသလောက် နိမ့်ကျသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားငွေ ထုတ်ချေးသူများ (Foreign Creditors)က အင်ဒိုနီးရှားကုမ္ပဏီများအတွက် ချေးငွေအသစ် ထုတ်မချေးတော့သောကြောင့်ဖြစ်သည်။ အင်ဒိုနီးရှားအစိုးရသည် ဤအကျပ်အတည်းကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ပေ။ ထို့ကြောင့် အစိုးရသည် ၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) ထံမှ ငွေကြေးအကူအညီ ရယူရန် ဆုံးဖြတ်ခဲ့သည်။

## IMFရောက်ရှိခြင်းနှင့် ဖရိုဖရဲအခြေအနေ

IMF သည် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိပြီး စုစုပေါင်း ငွေကြေးအကူအညီ (Bailout Package) အမေရိကန်ဒေါ်လာ ၄၃ ဘီလျံ ဖြည့်ဆည်းပေးခဲ့သည်။ အင်ဒိုနီးရှားငွေကြေး ရူပီးအပေါ် ဈေးကွက်ယုံကြည်မှု ပြည်လည်ရရှိရန်အတွက် ဤကဲ့သို့ ငွေကြေး အကူအညီပေးခြင်းဖြစ်သည်။ ထို့နောက် IMFသည် အင်ဒိုနီးရှားအစိုးရအား အခြေခံကျသော ငွေကြေးပြုပြင်ပြောင်းလဲမှု အစီအမံများ ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ ၎င်းတို့မှာ ပုဂ္ဂလိကဘဏ် ၁၆ ခုကို ပိတ်သိမ်းရန်နှင့် အစားအသောက်နှင့် စွမ်းအင်ထောက်ပံ့ကြေးများ လျှော့ချရန် ဖြစ်သည်။ ထို့ပြင် IMF သည် အတိုးနှုန်းမြှင့်တင်ရန် အင်ဒိုနီးရှားဗဟိုဘဏ်ကို အကြံပြုခဲ့သည်။ သို့သော်လည်း ဤပြုပြင်ပြောင်းလဲရေးအစီအစဉ် မအောင်မြင်ခဲ့ပါ။ ပုဂ္ဂလိကဘဏ် ၁၆ ခု ပိတ်သိမ်းခြင်းက အခြားသော ဘဏ်များကို ပိုမိုလည်ပတ်စေခဲ့ပါသည်။ ငွေအပ်နှံထားသူများသည် ၎င်းတို့၏ ငွေစုဘဏ်အပ်ငွေစာရင်းမှ ရူပီးငွေ ဘီလျံများစွာ ထုတ်ယူကြသည်။ ထို့ကြောင့် ဘဏ်များ၏ ချေးငွေထုတ်ချေးမှုကို ကန့်သတ်ခဲ့ပါသည်။ ဘဏ်လုပ်ငန်းအကျပ်အတည်းကို ရှောင်ရှားရန်အတွက် ကျန်ရှိသော ဘဏ်များအား ဗဟိုဘဏ်က ချေးငွေများစွာ ထုတ်ချေးခဲ့သည်။

ထို့ပြင် IMF သည် သမ္မတဆူဟာတို၏ ထောက်ခံအားပေးသူများအား အခွင့်အရေးပေးသည့် စနစ် (Patronage System) ကို မထိန်းချုပ်နိုင်ခဲ့ပေ။ မိမိပါတီကို ထောက်ခံသူများအား အခွင့်အရေးပေးသည့်စနစ်က နိုင်ငံ၏စီးပွားရေးကို ပျက်စီးစေပြီး IMF သဘောတူညီချက်ကိုလည်း အဟန့်အတားဖြစ်စေခဲ့သည်။ Patronage System သည် သမ္မတဆူဟာတို၏ အာဏာတည်မြဲရေး လမ်းစဉ်ဖြစ်သည်။ နိုင်ငံရေးနှင့် ငွေကြေး အထောက်အပံ့ရရှိရေးအတွက် ဆူဟာတိုသည် ယင်း၏ မိသားစု၊ ဆွေမျိုးနှင့် ခရိုနီများကို လုပ်ပိုင်ခွင့်ရှိသော နေရာများ၌ ထားရှိခဲ့သည်။ ၁၉၉၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံအပေါ် အခြားသော ဆိုးကျိုးများလည်း သက်ရောက်ခဲ့သည်။ ၎င်းတို့မှာ မိုးခေါင်မှုနှင့်ဆူဟာတို၏ ကျန်းမာရေး ဆုတ်ယုတ်လာခြင်းဖြစ်သည်။ အလွန်အမင်း မိုးခေါင်ခြင်းက တောမီးလောင်ကျွမ်းခြင်းနှင့်သီးနှံများ ပျက်စီးဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ဆူဟာတို၏ ကျန်းမာရေး မကောင်းသောကြောင့် ဈေးကွက်အတွင်း ဈေးကစားမှုများဖြစ်ပေါ်ပြီး နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဤသို့ဖြင့် အင်ဒိုနီးရှားသည် နိုင်ငံရေးအကျပ်အတည်း(Political Crisis)သို့ ဖြည်းဖြည်းချင်း ရောက်ရှိလာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ဆက်တိုက် ကျဆင်းခဲ့သည်။ ထို့ကြောင့် IMFနှင့် နောက်ထပ် သဘောတူညီချက်ရယူခဲ့ရသည်။ ၁၉၉၈ခုနှစ် ဇန်နဝါရီလတွင် ငါးရက်တာအချိန်ကာလအတွင်း ရူပီးငွေကြေး၏တန်ဖိုးသည် ထက်ဝက်ခန့် ကျဆင်းခဲ့သည်။ ထို့ကြောင့် ပြည်သူများသည် စားနပ်ရိက္ခာများ ဝယ်ယူစုဆောင်းကြသည်။ IMFနှင့် ချုပ်ဆိုသော ဤသဘောတူညီချက်တွင် အသေးစိတ် ပြုပြင်ပြောင်းလဲရေး အစီအစဉ် ၅၀ ပါဝင်သည်။ အစီအစဉ်တွင် ပါဝင်သော အဓိက အချက်များမှာ လူမှုဖူလုံရေး (Social Safety Net) ဆောင်ရွက်ပေးရန်၊အချို့သောအစိုးရထောက်ပံ့ကြေးများ (Public Subsidies)တဖြည်းဖြည်း လျှော့ချဖယ်ရှားရန်နှင့် ခရိုနီအများစု ပါဝင်သော ဆူဟာတို၏ Patronage System ကို ကိုင်တွယ်ဖြေရှင်းရန် စသည်တို့ဖြစ်ကြသည်။ သို့သော်လည်း ဆူဟာတိုသည် ဤပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် တုံ့ဆိုင်းနေခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏ အခြေအနေမှာ တိုးတက်မှုမရှိဘဲ ရပ်ဆိုင်းနေခဲ့သည်။ IMFကို ဝေဖန်သူများက ပြုပြင်ပြောင်းလဲရေးအစီအစဉ် များစွာကို အချိန်တိုအတွင်း အကောင်အထည်မဖော်နိုင်ကြောင်း ထောက်ပြကြသည်။ ထို့ကြောင့် အင်ဒိုနီးရှား၏စီးပွားရေး အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။ အင်ဒိုနီးရှား အကျပ်အတည်းကို ကိုင်တွယ်သည့်IMF၏ကနဦးချဉ်းကပ်နည်း(Initial Approach) လွဲမှားခဲ့သည်ဟု ပြောဆိုနိုင်သည်။ ဤအကျပ်အတည်းကို ကျော်လွှားရန်အတွက် အမှန်တကယ်လုပ်ဆောင်ရမည့် အချက်မှာ အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ပုဂ္ဂလိက ငွေကြေးအရင်းအနှီးများ(Private Capital)ပြန်လည် စီးဆင်းရန်ဖြစ်သည်။ ထို့အတွက် Patronage Systemကို ဖယ်ရှားနိုင်ရန် လိုအပ်သည်။

၁၉၉၆ ခုနှစ်တွင် GDP တိုးတက်မှု ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၇ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ၁၉၉၈ခုနှစ်တွင် အနုတ် ၁၃ ဒသမ ၇ရာခိုင်နှုန်း(-၁၃. ၇ ရာခိုင်နှုန်း)သို့ကျဆင်းခဲ့ပါသည်။ ထို့အတူ ၁၉၉၆ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သော ငွေကြေးဖောင်းပွမှုသည်၁၉၉၇ ခုနှစ်တွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ၆၅ ရာခိုင်နှုန်းထိ အလွန်အမင်း မြင့်တက်ခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် ၁၉၉၈ခုနှစ် ဧပြီလတွင် IMF နှင့် တတိယမြောက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအညွှန်းကိန်းများသည် စိုးရိမ်စရာကောင်းသော လက္ခဏာများကို ဖော်ပြနေဆဲဖြစ်သည်။ သို့သော်လည်း ဤအချိန်တွင် IMF ၏ တောင်းဆိုမှုများ ပိုမို ပျော့ပြောင်းလာခဲ့သည်။ ဥပမာအားဖြင့် ဝင်ငွေနိမ့်ကျသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာထောက်ပံ့ကြေးများများပေးခြင်းကို ခွင့်ပြုခဲ့သည်။ ထို့ပြင် ဘတ်ဂျက် လိုငွေပြမှု (Budget Deficit)ပိုမိုထားရှိခြင်းကို ခွင့်ပြုခဲ့သည်။ သို့သော်လည်း IMF သည် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေး၊ဘဏ်စနစ်မြန်မြန်ပြန်လည်တည်ဆောက်ရေး၊ ဒေဝါလီခံခြင်း သို့မဟုတ် လူမွဲစာရင်းခံခြင်း ဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးနှင့် ဒေဝါလီခံခြင်းကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းမည့်တရားရုံးတစ်ရုံး ဖွဲ့စည်းထားရှိရေးတို့ကို တောင်းဆိုခဲ့သည်။ သဘောတူထားခဲ့သည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်ရေးနှင့် ပိုမိုနီးကပ်စွာ စောင့်ကြည့်သုံးသပ်ရေးတို့ကိုလည်း IMF က အင်ဒိုနီးရှားအစိုးရကို တိုက်တွန်းခဲ့သည်။

Source: Indonesia-investments.com

(ဆက်လက်ဖော်ပြပါမည်)

## မူဆယ် (၁၀၅)မိုင်ဒေသ ကွင်းဆက်ပိတ် (Close Loop) ဆောင်ရွက်မည့် အခြေအနေ

မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်ပြီး ရွှေလီမြို့ ပြည်သူ့အစိုးရက မြန်မာနိုင်ငံဘက်၌ ကိုဗစ်(၁၉)ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မူဆယ်-နမ့်ခမ်း၊ မုံးကိုး၊ ကြူကုတ်-ပန်ဆိုင်းဒေသရှိ ဒေသနေပြည်သူများအတွက် ကိုဗစ်(၁၉) ရောဂါ ကာကွယ်ဆေးလှူဒါန်းခြင်းနှင့် ကိုဗစ်(၁၉) ရောဂါပိုး ရှိ/မရှိစစ်ဆေးသည့် PCR (Realtime–Polymerase Chain Reaction) စက်များ လှူဒါန်းပေးသည့် အပြင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၌ ခုတင် (၁၀၀၀) ဆံ့ Quarantine Center တည်ဆောက်ပေးခြင်း၊ Quarantine Center အတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးခြင်းတို့ကို နှစ်နိုင်ငံကုန်သွယ်မှု ပြန်လည်စတင်နိုင်ရေးကို ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည်။

ရွှေလီမြို့ ပြည်သူ့အစိုးရအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ညှိနှိုင်းအစည်းအဝေး၌ ကုန်သွယ်မှုပြန်လည်လည်ပတ်နိုင်ရန် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါပိုး ရှိ/မရှိ စစ်ဆေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများကို Quarantine Center ၌ ဆေးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အကြံပြုထားသည့် အပြင် တရုတ်နိုင်ငံဘက်တွင် ဆောင်ရွက်လျက်ရှိသည့် ဝမ်တိန်မြို့မှ ကျင်စမ်းကျော့(မန့်မန်) ဂိတ်အကြား ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကွင်းဆက်ပိတ် (Close Loop) အစီအစဉ်အတိုင်း မြန်မာနိုင်ငံဘက်မှလည်း အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။

ရွှေလီမြို့ပြည်သူ့အစိုးရ တောင်းဆိုချက်အရ မူဆယ် (၁၀၅)မိုင် ဒေသကွင်းဆက်ပိတ် (Close Loop) အစီအစဉ်တွင် မန္တလေးဘက်မှ မူဆယ် (၁၀၅)မိုင်သို့ရောက်ရှိလာသည့် ကုန်တင်ယာဉ်များကို ရွှေမိုင်းယုဆီဆိုင် ကုန်တင်ယာဉ်ရပ်နားကွင်းတွင်ရပ်နားစေ၍ ရောက်ရှိလာသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ကိုဗစ်(၁၉)ရောဂါပိုး ရှိ/မရှိစစ်ဆေးခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းမှတစ်ဆင့် ပထမပိုင်းအနေဖြင့် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ကွင်းဆက်ပိတ် (Close Loop) စနစ်ဖြင့် ထိန်းချုပ် ဆောင်ရွက်နိုင်ရန်အတွက် ပထမအပိုင်း မိုင်းယုတိုးဂိတ်အဝင်မှ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အထိ ရှန်တိန်ယာဉ်မောင်းတစ်ဦး ချိန်းပြောင်း မောင်းနှင်ခြင်းနှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယအပိုင်းတွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ လွယ်အင်ကျေးရွာ ကုန်ချိန်းကွင်းအတွင်းထိ ရှန်တိန်ယာဉ်မောင်းတစ်ဦးချိန်းပြောင်း မောင်းနှင်ခြင်း၊ တတိယအပိုင်းတွင် လွယ်အင်ကျေးရွာ ကုန်ချိန်း ကွင်းမှ ကျင်စမ်းကျော့ (မန့်မန်) နယ်စပ်နယ်နိမိတ်မျဉ်း ဝင်/ထွက် ပေါက်အထိ ရှန်တိန်ယာဉ်မောင်းတစ်ဦး ချိန်းပြောင်းမောင်းနှင်ခြင်း စသည်ဖြင့် ရှန်တိန်ယာဉ်မောင်းသုံးပိုင်းခွဲ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ပတ်သက်၍ ကိုဗစ်(၁၉)ရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်နှင့် ပတ်သက်၍ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၌ ကွင်းဆက်ပိတ် (Close Loop) ဆောင်ရွက်မှုနှင့် ရှန်တိန်ယာဉ်မောင်းစနစ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အား ကုန်သည်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများ သိရှိနိုင်ရေး အသိပေးအပ်ပါသည်။

**မိုင်းယုသားဖိုးဇော်**
**မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်**

## အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်သို့ ကွင်းဆင်းစစ်ဆေး

နိုင်ငံတော်က ရောင်းချပေးသော အမေရိကန်ဒေါ်လာဖြင့် ပြည်ပမှတင်သွင်းသည့် စက်သုံးဆီများအပေါ် သက်သာသော အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရွှေဗျိုင်းဖြူစက်သုံးဆီအရောင်းဆိုင်သို့ စစ်ကိုင်းမြို့ ဈေးကွက်စောင့်ကြည့်စစ်ဆေး ကြပ်မတ်ရေးအဖွဲ့နှင့်အတူ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူး၊ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သော စစ်ကိုင်းခရိုင် ဦးစီးမှူးက စက်သုံးဆီခွဲတမ်းရရှိမှုအပေါ် နိုင်ငံတော်က သတ်မှတ်ပေးသည့် ဈေးနှုန်းများဖြင့် အချင်အတွယ် မှန်ကန်စွာရောင်းချရန်၊ ကားဆီဖြည့်သည့်နေရာနှင့် ဆိုင်ကယ်ဆီဖြည့်သည့် နေရာများကို သီးခြားခွဲထားရန်အကြံပြုခဲ့သည်။ ထို့နောက် နေ့စဉ်ရောင်းချရမှုစာရင်းနှင့် ဈေးနှုန်းများကို စနစ်တကျမှတ်တမ်းထားရှိပြီး နေ့စဉ် မိမိတို့ဌာနသို့ စာရင်းပေးပို့ရန်နှင့် ရောင်းချမှုအခြေအနေများအား မေးမြန်းခဲ့ရာ ဆိုင်မန်နေဂျာက မိမိတို့ဆိုင်သည် နေ့စဉ်နံနက် ၅ နာရီမှ ည ၈ နာရီထိ နိုင်ငံတော်က သတ်မှတ်ပေးသည့် ဈေးနှုန်းဖြင့် 92 ၊ ပရီမီယမ်ဒီဇယ်နှင့် ဒီဇယ်ရိုးရိုးတို့ကို အချင်အတွယ် မှန်ကန်စွာ ရောင်းချလျက်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် ရောင်းအားအနည်းငယ်ကျကြောင်း ပြောကြားခဲ့သည်။

**သန်းသန်းတင်(မုံရွာ)**

## ပုသိမ် ဆန်စပါးဈေးကွက် ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်



ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် ဧရာဝတီပေါ်ဆန်းစပါး (၁၀၅) ပေါင် တင်းတစ်ရာကို ကျပ် ၁၂ သိန်း၊ ၁၂ သိန်းခွဲဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၄၀၀၀၀-၄၁၀၀၀ ဈေးအတွင်းနှင့် ပေါ်ဆန်းယဉ် စပါး (၁၀၅)ပေါင် တင်းတစ်ရာကို ကျပ် ၁၁ သိန်း၊ ၁၁သိန်းခွဲဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၃၈၀၀၀- ၃၉၀၀၀ ဈေးနှင့် မနောသုခစပါး ပေါင် ၁၀၀ တင်းတစ်ရာကို ကျပ် ၇၇၀၀၀၀၊ ၇၃၀၀၀၀ နှင့် ဆန်တစ်အိတ်ကို ကျပ်၂၄၅၀၀၊ ၂၅၅၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း စက်ပိုင်/ကုန်သည်များထံမှ သိရသည်။

ယခင်နှစ် ဧရာဝတီပေါ်ဆန်းစပါးဈေး ၁၀၅ ပေါင် တင်းတစ်ရာကို ကျပ် ၁၁ သိန်းဝန်းကျင်၊ ပေါ်ဆန်းယဉ် စပါး ၁၀၅ ပေါင် တင်းတစ်ရာကို ကျပ် ၁၀ သိန်းဝန်းကျင်ဈေးသာရှိပြီး ယခင်နှစ် မနောသုခစပါးဈေးမှာ ပေါင် ၁၀၀ တင်း ၁၀၀ ကိုကျပ် ၆၇၀၀၀၀၊ ၆၈၀၀၀၀ ဈေးနှင့် ဆန်တစ်အိတ်ကို ကျပ် ၂၂၀၀၀၊ ၂၃၀၀၀ ဈေးရှိပြီး ယခုနှစ်တွင် ယခင်နှစ်ထက် တောင်သူများ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်မှ သိရသည်။

ပုသိမ် ဆန်စပါးဈေးကွက်တွင် အဓိကတင်ပို့လျက်ရှိသော ရန်ကုန်ဈေးကွက်၊ အထက်အညာဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် ဈေးကွက်မှာ အရောင်းအဝယ်အေး၍ တရုတ်နှစ်ကူးမတိုင်မီမှာလည်း နှစ်စဉ်အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## လက်ရှိ ရွှေဈေးကွက်အတွင်း ရွှေပြန်လည်ရောင်းချသူများသာရှိနေ

လက်ရှိ ရွှေဈေးကွက်အတွင်း ရွှေအဝယ်ထက် ပြန်လည်ရောင်းချသူများသာရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

"အခုအချိန်မှာ ကိုဗစ်နဲ့ပတ်သက်ပြီးတော့ စီးပွားရေးက သိပ်မကောင်းကြတော့ မဝယ်နိုင်ကြဘူးပေါ့။ လာပြန်ရောင်းတဲ့သူများတယ်။ တကယ်ဝယ်တာကတော့ နိုင်ငံခြားကလာတဲ့ ပုဂ္ဂိုလ်တွေပဲ ဝယ်ကြတာ။ ပြည်တွင်းအဝယ်က မရှိသေးဘူး"ဟု ၎င်းက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်း၏ သဘောသဘာဝမှာ ကမ္ဘာ့ရွှေဈေးနှုန်းအပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ ရှိတတ်သည့်အတွက် ကမ္ဘာ့ရွှေဈေးမြင့်တက်ပါက ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်လေ့ရှိသော်လည်း လက်ရှိအချိန်တွင်တော့ ပြည်တွင်းရွှေဈေးနှုန်း အတက်မရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် ပေါက်ဈေးအရ ၁၆ ပဲရည် အခေါက်ရွှေဈေးမှာ ကျပ် ၁၈၂၃၀၀၀၊ ၁၅ ပဲရည် ပြည့်စပ်ရွှေမှာ ကျပ် ၁၇၁၆၀၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၈၀၂ ဒေါ်လာဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ဒေါ်လာဈေးနှုန်း ကျဆင်းခြင်းမရှိသေး

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာဈေး တည်ငြိမ်စေရန်အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ဒေါ်လာသန်းပေါင်း ရာနှင့်ချီ ထုတ်ရောင်းနေသော်လည်း လက်ရှိအချိန်အထိ ဒေါ်လာဈေးနှုန်း ကျဆင်းခြင်း မရှိသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြင်ပဈေးကွက်အတွင်း ဒေါ်လာအရောင်းအဝယ် ပြုလုပ်မည်ဆိုပါက ဗဟိုဘဏ်၏ ငွေလဲနှုန်းထက် သုည ဒသမ ၅ ရာခိုင်နှုန်း အတိုးအလျှော့ပြုလုပ်၍ ဆောင်ရွက်ရမည်ဖြစ်သော်လည်း လက်ရှိဈေးကွက်တွင်တော့ အဆိုပါ သတ်မှတ်ဘောင်အတွင်းက ရောင်းချ၍မရသေးဘဲ ကြိုက်ရောင်းကြိုက်ဝယ် အခြေအနေသာရှိနေကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ဒေါ်လာဈေးနှုန်းတည်ငြိမ်စေရန်အတွက် လက်ရှိ နယ်စပ်ကုန်သွယ်ရေး၌ ယွမ်/ကျပ် တိုက်ရိုက် အသုံးပြုမှုကို ခွင့်ပြုပေးထားပြီး ဒေါ်လာသုံးစွဲမှုကိုလျှော့ချရန် နည်းလမ်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ပြည်တွင်းငွေလဲနှုန်းမှာ ဒီဇင်ဘာ ၂၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၇၈၅ ကျပ်၊ ဝယ်ဈေး ၁၇၇၇ ကျပ်ရှိပြီး ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန် တစ်ဒေါ်လာ ရောင်းဈေး ၁၇၈၆ ကျပ်၊ ဝယ်ဈေး ၁၇၇၇ ကျပ် ရှိကာ ဒီဇင်ဘာ ၃၀ ရက် တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၇၈၆ ကျပ်၊ ဝယ်ဈေး ၁၇၈၁ ကျပ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ပန်းဆု**

### ၁၇-၁၂-၂၀၂၁မှ ၂၉-၁၂-၂၀၂၁ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 587 | 9 | - | - | - | 597 |
| | Form AANZ | 26 | - | - | - | - | 26 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 239 | 5 | - | - | - | 244 |
| | Form AJ | 43 | 0 | - | - | - | 43 |
| | Form AK | 188 | 7 | - | - | - | 195 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 69 | 6 | - | - | - | 75 |
| | Form E | 705 | 50 | - | - | 6 | 761 |
| | Form Korea | 25 | 2 | - | - | - | 27 |
| | E Form D | 349 | - | - | - | - | 349 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2232 | 79 | - | - | 7 | 2318 |

## ခတ်မြေသြဇာ

# ခတ်မြေသြဇာအဝင် လျော့နည်း

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၂ သန်းတန်ဖိုးရှိ ခတ်မြေသြဇာ ၅၁၆၀၁၃၆ တန်အား တင်သွင်းနိုင်ခဲ့သည်။ ယခုတစ်ပတ်တွင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ ၂၁၅၉၉၀၀ တန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ၅၅၅၀၀၀ တန်၊ အီဂျစ်နိုင်ငံမှ ၂၁၄၂၃၆ တန်၊ ရုရှားနိုင်ငံမှ ၆၁၆၀၀၀ တန်၊ ထိုင်ဝမ်မှ တန်ချိန် ၄၀၀၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃၆၀၀၀၀၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၂၁၅၀၀၀ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀၀၀၀၀ တင်သွင်းခဲ့ကြောင်း သိရှိရသည်။ တောင်ကိုးရီးယားသမ္မတနိုင်ငံမှ ခတ်မြေသြဇာ အများဆုံးတင်သွင်းကြောင်း သိရသည်။ အနီးစပ်ဆုံးယခင် သီတင်းပတ်နှင့်နှိုင်းယှဉ်ပါက ၃၃၇၂၅၈၆ တန် လျော့နည်းတင်သွင်းခဲ့ကြောင်းသိရှိရသည်။ ယခုတစ်ပတ်အတွင်း နယ်စပ်မှ ခတ်မြေသြဇာ တင်သွင်းခြင်းမရှိကြောင်း သိရှိရသည်။

**အိမ့် (CJ)**

# ဆောင်းသီးနှံစိုက်ပျိုးမှုနှင့်အတူ ဈေးနှုန်းမြင့်လာသည့် ခတ်မြေသြဇာ

ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး ခတ်မြေသြဇာကုမ္ပဏီများနှင့် အရောင်းဆိုင်များတွင် ခတ်မြေသြဇာ အမျိုးမျိုးရောင်းချလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အတွင်းရှိတောင်သူများအနေဖြင့် ပုလဲခတ်မြေသြဇာများဖြစ်သည့် မြင်းပျံ၊ သြဘာ၊ ရွှေနဂါး၊ အာမို၊ ကောမတ် ခတ်မြေသြဇာများအား အများဆုံး အသုံးပြုလျက် ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ အသုံးပြုများသည့် မြင်းပျံ၊သြဘာ၊ ရွှေနဂါး၊ အာမို၊ ကောမတ်ခတ်မြေသြဇာ ဈေးနှုန်းများအနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ခတ်မြေသြဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် မြင်းပျံခတ်မြေသြဇာ တစ်အိတ်ကျပ် ၇၅၀၀၀၊ သြဘာခတ်မြေသြဇာ တစ်အိတ် ကျပ် ၇၆၀၀၀၊ ရွှေနဂါးခတ်မြေသြဇာတစ်အိတ် ကျပ် ၇၈၀၀၀၊ အာမိုခတ်မြေသြဇာတစ်အိတ် ကျပ် ၇၅၀၀၀နှင့် ကောမတ်ခတ်မြေသြဇာတစ်အိတ် ကျပ် ၇၆၀၀၀ ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ခတ်မြေသြဇာ ၅၀ ကီလိုဂရမ်တစ်အိတ် ဈေးနှုန်းများအနေဖြင့် မြင်းပျံခတ်မြေသြဇာ တစ်အိတ်ကျပ် ၃၉၅၀၀၊ သြဘာခတ်မြေသြဇာ တစ်အိတ် ကျပ် ၃၂၀၀၀၊ ရွှေနဂါးခတ်မြေသြဇာ တစ်အိတ် ကျပ် ၃၂၀၀၀၊ အာမိုခတ်မြေသြဇာ တစ်အိတ် ကျပ် ၂၉၀၀၀ နှင့် ကောမတ်ခတ်မြေသြဇာတစ်အိတ် ကျပ် ၃၆၀၀၀ ဖြစ်ပေါ်ခဲ့သဖြင့် ယခုနှစ်ဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ခတ်မြေသြဇာများဈေးနှုန်း မြင့်တက်လာရခြင်းမှာ တောင်သူများ သီးနှံစိုက်ရာတွင် မဖြစ်မနေလိုအပ်ချက်အဖြစ် အသုံးပြုရခြင်းနှင့် ခတ်မြေသြဇာများ တင်သွင်းမှု အကန့်အသတ်ရှိခြင်းကြောင့် ဈေးနှုန်းမြင့်တင်ရောင်းချလာခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ခတ်မြေသြဇာအရောင်းဆိုင် ၁၀၃၇ ဆိုင်၊ ပိုးသတ်ဆေးအရောင်းဆိုင် ၇၈၉ ဆိုင်နှင့် မျိုးစေ့အရောင်းဆိုင် ၁၁၆ ဆိုင်ရှိကြောင်း သိရှိရသည်။

**အိအိမင်း (ပဲခူး)**

## နှံ့ဆီ

# နှံ့ဆီတင်သွင်းမှု မြင့်တက်

အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၁ သန်း တန်ဖိုးရှိ နှံ့ဆီ ၄၃၃၁၉၅ တန်အား ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုပတ်အတွင်း မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ တင်သွင်းခဲ့ပြီး တင်သွင်းခဲ့သည့် အမျိုးအစားများမှာ Mari Gold Brand, Dawn Brand, Hawk Brand, Teapot Gold Brand တို့ဖြစ်ကြောင်း သိရသည်။ ယခင်တစ်ပတ်တွင် နှံ့ဆီ ၂၄၀၇၆၈ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်ပါက ၁၉၂၄၂၇ တန် တင်သွင်းမှုပိုမိုခဲ့ကြောင်း သိရသည်။ ယခုပတ်အတွင်း နယ်စပ်မှ နှံ့ဆီတင်သွင်းမှု မရှိကြောင်း သိရှိရသည်။

**အိမ့် (CJ)**

## ဘိလပ်မြေ

# ပင်လယ်ရေကြောင်းမှ ဘိလပ်မြေ တင်သွင်းမှု ဆက်လက်ကျဆင်း

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၈၅၂ သန်းတန်ဖိုးရှိခတ်မြေသြဇာ ၅၁၆၀၁၃၆ တန်အား တင်သွင်းနိုင်ခဲ့သည်။ ယခုတစ်ပတ်တွင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ ၂၁၅၉၉၀၀ တန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ၅၅၅၀၀၀ တန်၊ အီဂျစ်နိုင်ငံမှ ၂၁၄၂၃၆ တန်၊ ရုရှားနိုင်ငံမှ ၆၁၆၀၀၀တန်၊ ထိုင်ဝမ်မှ တန်ချိန် ၄၀၀၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃၆၀၀၀၀၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၂၁၅၀၀၀ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀၀၀၀၀ အသီးသီး တင်သွင်းခဲ့ကြောင်းသိရှိရသည်။ တောင်ကိုရီးယားသမ္မတနိုင်ငံမှ ခတ်မြေသြဇာ အများဆုံး တင်သွင်းကြောင်းသိရသည်။ အနီးစပ်ဆုံး ယခင်သီတင်းပတ်နှင့်နှိုင်းယှဉ်ပါက ၃၃၇၂၅၈၆ တန် လျော့နည်းတင်သွင်းခဲ့ကြောင်းသိရှိ ရသည်။ ယခုတစ်ပတ်အတွင်း နယ်စပ်မှ ခတ်မြေသြဇာတင်သွင်းခြင်းမရှိကြောင်း သိရှိရသည်။

**အိမ့် (CJ)**

# ပြည်မြို့ရှိ ခတ်မြေသြဇာနှင့် ဘိလပ်မြေဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ခတ်မြေသြဇာဈေးမှာ အနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။ အရောင်းအဝယ်ဖြစ်နေသော ခတ်မြေသြဇာဈေးနှုန်းများမှာ ယူရီးယား အလုံးကြီး (မြင်းပျံ) တစ်အိတ်လျှင် ကျပ် ၈၂၆၀၀၊ ယူရီးယားအလုံးသေး ရွှေနဂါး တစ်အိတ်လျှင် ကျပ် ၇၈၅၀၀၊ တီစူပါသံလွင် တရုတ် တစ်အိတ်လျှင် ကျပ် ၆၄၂၀၀ ပိုတက် (ဂျာမနီ) တစ်အိတ်လျှင် ကျပ် ၇၇၇၀၀၊ ကွန်ပေါင်း (အာမို) တစ်အိတ်လျှင် ကျပ် ၇၈၅၀၀ ၊ ကလိုင်ကိုဗစ် ဝိစာရ တစ်လီတာလျှင် ကျပ် ၁၀၀၀၀နှင့် ရှောင်လင်ရွှေခြေသံ့ တစ်လီတာလျှင် ကျပ် ၁၅၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြည်မြို့၌ ယခုတစ်ပတ် ဘိလပ်မြေဈေးကွက်မှာ ယခင်တစ်ပတ်နှင့်စာလျှင် ဈေးအနည်းငယ် မြင့်တက်လျက်ရှိကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ ကြံ့နီနှစ်ကောင် တစ်အိတ်လျှင် ကျပ် ၇၃၀၀၊ အယ်လ်ဖာတစ်အိတ်လျှင် ကျပ် ၇၀၀၀ နှင့် အပါချီ တစ်အိတ်လျှင် ကျပ် ၆၉၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**သင်းသင်းအောင်(ပြည်)**

### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၁၂-၂၀၂၁) *ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၂၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ |
| ရန်ကုန် | ၇၂၀၀ | ၇၂၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ |
| မန္တလေး | ၆၅၀၀ | ၆၅၀၀ | □ | ၅၅၀၀ | ၆၅၀၀ | △ | ၄၆၀၀ | ၄၅၀၀ | ▽ |
| ပဲခူး | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၄၆၀၀ | ၄၄၃၀ | ▽ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၄၆၀၀ | ၄၅၅၀ | ▽ |
| မုံရွာ | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၄၅၀၀ | ၄၅၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | - | - | - | ၅၀၀၀ | ၄၈၀၀ | ▽ |

စားအုန်းဆီ တစ်ပိဿာ တင်သွင်းရာတွင် CBM ငွေလဲနှုန်းအပေါ်မူတည်၍ ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်ပုံ (၂၉.၁၂.၂၀၂၁)ရက်နေ့

Quantity (MT) 1000
CIF Price (USD/MT) 1340
Earning (USD) 1787 CBM rate + 0.5%
Customs Exchange Rate 1780

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 50,000 | 0.08 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x Earning x 0.125% | 2,993,225 | 4.89 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x Earning | 11,972,900 | 19.55 |
| ၄ | ဆိကန်သို့လှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ROE x 5% | 119,260,000 | 194.75 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 260 | 260,000 | 0.42 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x Earning | 5,629,050 | 9.19 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| | Local cost | | **145,704,295** | **237.93** |
| ၁၀ | CIF Cost (1000 MT x CIF Price x Earning) | | 2,394,580,000 | 3,910.22 |
| | စရိတ်စုစုပေါင်း | | **2,540,284,295** | **4,148.15** |

စားအုန်းဆီ တစ်ပိဿာ တင်သွင်းရာတွင် MICB Earning ငွေလဲနှုန်းအပေါ်မူတည်၍ ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်ပုံ (၂၉.၁၂.၂၀၂၁)ရက်နေ့

Quantity (MT) 1000
CIF Price (USD/MT) 1340
Earning (USD) MICB rate 1907
Customs Exchange Rate 1780

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 50,000 | 0.08 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x Earning x 0.125% | 3,194,225 | 5.22 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x Earning | 12,776,900 | 20.86 |
| ၄ | ဆိကန်သို့လှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ROE x 5% | 119,260,000 | 194.75 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 260 | 260,000 | 0.42 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x Earning | 6,007,050 | 9.81 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| | Local cost | | **147,087,295** | **240.19** |
| ၁၀ | CIF Cost (1000 MT x CIF Price x Earning) | | 2,555,380,000 | 4,172.80 |
| | စရိတ်စုစုပေါင်း | | **2,702,467,295** | **4,412.98** |

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘိလပ်မြေ ဈေးနှုန်းဈေးကွက်အခြေအနေ

ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီအတွင် ကျိုင်းတုံမြို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များသို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံရှိစစ်ဆေးရေးမှူးများနှင့်ဝန်ထမ်းများသည် ဘိလပ်မြေဈေးနှုန်းနှင့် ဈေးကွက်အခြေအနေများအား ကွင်းဆင်းစိစစ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ နယ်စပ်မှ ဘိလပ်မြေ တင်သွင်းခွင့်များ ကန့်သတ်ခဲ့ရာ ပစ္စည်းအဝင်နည်းပါးပြီး ဘိလပ်မြေဈေးနှုန်းများ ယခင်ကျပ် ၇၅၀၀-၈၀၀၀ မှ နိုဝင်ဘာ-ဒီဇင်ဘာအတွင်း ကျပ် ၁၀၅၀၀-၁၁၀၀၀ ထိမြင့်တက်ခဲ့သည်။ ပစ္စည်းလိုသလောက် နယ်စပ်မှတင်သွင်းခွင့်မရ၍ တောင်ကြီးဘက်မှ မှာယူရောင်းချနေရပြီး ထိုင်းနိုင်ငံကထုတ်လုပ်သော ဆင်၊ ကျား၊ စိန်တံဆိပ်များသည် ဈေးနှုန်းမြင့်သော်လည်း အရည်အသွေးကောင်းမွန်၍ သုံးစွဲသူများပြားသည်။ ယခုအခါ ပြည်တွင်းထုတ် ကြံ့နှစ်ကောင်၊ အယ်ဖာ(Alpha)၊ ရှမ်းရိုးမတံဆိပ်များမှာ ယူရောင်းချနေသော်လည်း သယ်ယူစရိတ်များပြားခြင်း၊ ပစ္စည်းအရည်အသွေးကွာခြားခြင်းကြောင့် ဈေးနှုန်း ၉၀၀၀-၉၇၀၀ ကျပ်ဖြင့်သာရောင်းချသော်လည်း သုံးစွဲသူနည်းပါး၍ အခက်အခဲရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ၂၄ ရက်မှစ၍ တာချီလိတ်နယ်စပ်မှ ဘိလပ်မြေတင်သွင်းခွင့် ပြန်လည်ဖြေလျှော့ပေးသောကြောင့် ထိုင်းနိုင်ငံမှထုတ်လုပ်သော ဆင်၊ ကျား၊ စိန်တံဆိပ်များမှာ ကျပ် ၉၀၀၀-၉၅၀၀ ထိဈေးကျသွားခြင်းကြောင့် ဖြန့်ဖြူးရောင်းချရာတွင် အဆင်ပြေကြောင်း၊ တာချီလိတ်နယ်စပ်မှပစ္စည်းများ ပြန်လည်တင်သွင်းခွင့်ပြုသည့်အတွက် ပြည်တွင်းထုတ် ဘိလပ်မြေလက်ကျန်များ ပြတ်လပ်ပါက ထပ်မံမှာယူ ရောင်းချတော့မည်မဟုတ်ကြောင်း ကျိုင်းတုံမြို့ ဘိလပ်မြေ တင်သွင်းရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် တရုတ်နှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ထိုင်းနိုင်ငံထုတ် ဘိလပ်မြေ များ သယ်ယူရာတွင် အချိန်ကုန်သက်သာခြင်းနှင့် သယ်ယူစရိတ် သက်သာခြင်းတို့ကြောင့် တင်သွင်းရောင်းချသူများ အဆင်ပြေချောမွေ့စေပြီး ပြည်တွင်းထုတ်ဘိလပ်မြေများသည် လမ်းခရီးဝေးသည့်အတွက် သယ်ယူစရိတ်များပြားခြင်း၊ အချိန်ကြန့်ကြာခြင်း၊ ပစ္စည်းအရည်အသွေး ကွာခြားခြင်းတို့ကြောင့် တင်သွင်းရောင်းချသုံးစွဲသူများအနေဖြင့် အခက်အခဲများ ဖြစ်စေသည်။ ယခုအခါ တာချီလိတ်နယ်စပ်မှ ဘိလပ်မြေများ တင်သွင်းခွင့် ပြန်လည်ဖြေလျှော့ပေးသည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဆောက်လုပ်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းလင်းထက်(ကျိုင်းတုံ)**



## ယခုတစ်ပတ် ရော်ဘာတန်ချိန် ၆၅၀၀ ကျော်တင်ပို့

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း မှ ၉ ဒသမ ၈၈၉ သန်း တန်ဖိုးရှိ ရော်ဘာတန် ချိန် ၆၄၈၀ ကျော် တင်ပို့ခဲ့ကြောင်း သိရ သည်။ တင်ပို့မှုအများဆုံးနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရော်ဘာတန်ချိန် ၃၈၃၀ခန့်၊ မလေးရှားနိုင်ငံသို့ ရော်ဘာ တန်ချိန် ၂၃၆၀ ကျော်၊ ပါကစ္စတန်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၆၀ ခန့် နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း ရော်ဘာတန်ချိန် ၁၀၀ ခန့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းခန့်ရရှိကြောင်း သိရသည်။ ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ စုစုပေါင်း ရော်ဘာတန်ချိန် ၆၅၈၀ ကျော် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ရော်ဘာတင်ပို့မှု တန်ချိန် ၃၂၀၀ ကျော် လျော့နည်းခဲ့သည်ကို စာရင်းများအရ သိရှိရသည်။

**အေးအေးသန့်**

## ပေါက်ခေါင်းဒေသထုတ်ကုန် ဣစ္စိတံမုန့်လုပ်ငန်း လေ့လာဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့သည် ပြည်မြို့မှ ၂၄ မိုင်ကွာဝေးသော မြို့လေးတစ်မြို့ ဖြစ်သည်။ ပေါက်ခေါင်းမြို့သည် အခြားမြို့များကဲ့သို့ စည်ကားမှုမရှိသော်လည်း ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် ဣစ္စိတံမုန့်ကို လုပ်ငန်းရှင် သုံးဦးဖြင့် လုပ်ကိုင်နေသည့်မြို့ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပေါက်ခေါင်းမြို့နယ်တာဝန်ခံနှင့်အဖွဲ့သည် ဒေါ်ဆိတ်မ တံဆိပ် ဣစ္စိတံမုန့်လုပ်ငန်းသို့ သွားရောက်လေ့လာခဲ့သည်။ ဣစ္စိတံမုန့်လုပ်ငန်းမှာ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြစ်ပြီး တစ်နေ့လျှင် မုန့်ထုပ် ၁၅၀ ခန့် ထုတ်လုပ်နိုင်သည်။ ဣစ္စိတံမုန့်ကို ပေါက်ခေါင်းမြို့နယ်တွင်သာရောင်းချပြီး ခရီးသွား ဧည့်သည်များက အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူကြပြီး တစ်ရက်လျှင် ၅၀၀ ကျပ်တန် အိတ် ၁၅၀ ခန့် ရောင်းချရသည်ဟု သိရသည်။ မုန့်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ဂျုံ၊ သကြားနှင့် ဆီတို့ကို ပြည်မြို့မှ ဝယ်ယူရသည်။ ကုန်ကျစရိတ်မှာ ဂျုံအိတ်ဝက်၊ သကြား ငါးပိဿာနှင့် ဆီငါးပိဿာ၊ ထုပ်ပိုးသည့်အိတ်မှာ ၁၅၀ အိတ်ဖြင့် စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၆၅၆၀၀ ခန့် ကုန်ကျသည်။ မုန့်ထုပ်မှာ တစ်ရက်လျှင် အိတ် ၁၅၀ ခန့်ထွက်၍ တစ်ထုပ်လျှင် ၅၀၀ ကျပ် ရောင်းရသဖြင့် စုစုပေါင်းရောင်းရငွေမှာ ကျပ် ၇၅၀၀၀ ခန့်ဖြစ်သဖြင့် အသားတင် တစ်ရက်အမြတ်ငွေမှာ ကျပ်တစ်သောင်းနီးပါး ခန့်ရရှိသည်ဟု သိရသည်။

ဣစ္စိတံမုန့်ကို ယခုထက်ပိုမိုဈေးကွက်ရရှိနိုင်ရေးအတွက် ထုပ်ပိုးမှုပုံစံများဖြင့် ပိုမိုသပ်ရပ်စွာ ထုတ်ပိုးနိုင်ပြီး နယ်ကိုယ်စားလှယ်များကို ဖြန့်ဝေနိုင်မည်ဆိုပါက ယခုထက်ပို၍ ထုတ်လုပ်မှုများပြားလာမည်ဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ လုပ်ငန်း အခက်အခဲများမရှိအောင်လည်း လိုအပ်သည်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အကူအညီများ ပံ့ပိုးပေးသွားမည်ဆိုလျှင် ဂျုံမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုမှာ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်သည်။

**ဝေဝေမင်း(ပြည်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၁

၁၃၈၃ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

( ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။) ပုဒ်မ ၈၃ ပုဒ်မခွဲ (a) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

၁။ စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (a) အရ ဤဥပဒေ၏ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ အာဏာတည်ပြီး ဖြစ်သည်။

၂။ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ ဖြင့် "ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်" ကို ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်နှင့်တကွ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်းညွှန်ကြားချက်၏ အသေးစိတ်စိစစ်ချက်ပါ ကုန်စည်အုပ်စု ၈ ခုအနက် အစားအသောက်ကုန်စည်အုပ်စုတွင် ပါဝင်သည့် စားသုံးဆီအမျိုးမျိုးနှင့် စပ်လျဉ်း၍ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း တို့ကိုမဖြစ်မနေဖော်ပြရန် လိုအပ်ကြောင်းသတ်မှတ်ထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ဈေးကွက်အတွင်းစားသုံးဆီများအနက် အချို့သော စားသုံးဆီများကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) ဟူ၍ ဖော်ပြပြီးထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ "ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil, Cooking Oil)" ဟူသည့် ဖော်ပြချက်သည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်း မရှိသောယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ စားသုံးသူများ ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့် ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) အမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် -

(က) ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသော ကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်။ ( ဥပမာ - ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)၊ ဟင်းသီးဟင်းရွက်ဆီ (အဆင့်မြင့်စားအုန်းဆီ))

(ခ) ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန် ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သား တို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။ (ပိဿာ၊ ကျပ်သား)

၅။ ဤညွှန်ကြားချက်သည် စတင်ထုတ်ပြန်ပြီး ၆ လပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင် အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက် အပိုဒ် ၄ ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

(ပုံ)

ဒေါက်တာပွင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

## ပြည်ခရိုင်အတွင်း ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ရွှေတောင်မြို့နယ်တွင် ဒီဇင်ဘာ ၁၆ ရက်၊ သဲကုန်းမြို့နယ်တွင် ဒီဇင်ဘာ ၂၀ ရက်၊ ပြည်မြို့နယ်တွင် ဒီဇင်ဘာ ၂၂ ရက် ၊ ပေါက်ခေါင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်တို့တွင် ဒီဇင်ဘာ ၂၃ ရက်တို့၌ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများဦးဆောင်၍ မြို့နယ်အလိုက် ဖွဲ့စည်းထား သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေး အဖွဲ့ဝင်များဖြင့် မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်း လက်လီလက်ကားရောင်းချနေသော ဆေးဆိုင်များသို့ သွားရောက်၍ ဆေးဝါးနှင့်ဆေးပစ္စည်းများ ပစ္စည်းပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းများ အဆမတန် ရောင်းချမှုမရှိစေရေးနှင့် အရည်အသွေး ပြည့်မီသော ဆေးဝါးများကိုသာ ရောင်းချစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းစိစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ပြည်ခရိုင်အတွင်းရှိ ကွင်းဆင်းစိစစ်ခဲ့သည့် ဆေးဝါးနှင့် ဆေးပစ္စည်း လက်လီ၊ လက်ကား အရောင်းဆိုင်ကြီးများ၌ ဆေးဝါးနှင့် ဆေးပစ္စည်းများပြတ်လပ်မှုမရှိဘဲ ပုံမှန်ရောင်းချနေမှုများ တွေ့ရှိရကြောင်း သိရှိရသည်။

**နိုင်လင်းထွန်း(ပြည်)**

Vol: 22, No.1 Monday January 3 2022

# စီးပွားရေးတွင် အစိုးရက ဝင်ရောက်ထိန်းကျောင်းသင့်ပါသလား (၁)

(မျိုးသူ-ကုန်သွယ်မြှင့်)

**နိုင်ငံစီးပွားရေး**

စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံစီးပွားရေးဆိုင်ရာလုပ်ငန်းများ Macroeconomics နှင့် တစ်ဦးချင်း တစ်ယောက်ချင်းစီအတွက်ဖြစ်စေ၊ တစ်စုတစ်ဖွဲ့အတွက်ဖြစ်စေ ဆောင်ရွက်သည့်လုပ်ငန်းများ Microeconomicsဟူ၍ ခွဲခြားထားသည်။စီးပွားရေးဟုဆိုသော်လည်း နိုင်ငံစီးပွားရေးအတွက် ဆောင်ရွက်ရသည့် နည်းလမ်းများနှင့် လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့အတွက် လုပ်ကိုင်ရသည့်စီးပွားရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရသည့် နည်းလမ်းများသည် ပုံစံမတူတတ်ကြပါ။ နိုင်ငံစီးပွားရေးအတွက် ဆောင်ရွက်ရသည့်အချက်များမှာ အခွန်များ၊ငွေဖောင်းပွမှုဆိုင်ရာကိစ္စများ၊အလုပ်လက်မဲ့ဆိုင်ရာ ပြဿနာများ စသည်တို့သည် နိုင်ငံစီးပွားရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည်။ လူတစ်ဦးချင်း၏ စီးပွားရေးဆိုင်ရာကိစ္စများမှာ ရောင်းရငွေများ၊ စုဆောင်းငွေများ စသည်တို့ဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့်ချီသည့် စီးပွားရေးဆိုင်ရာကိစ္စများသည် လူတစ်ဦး၊ လူတစ်စု တစ်ဖွဲ့အတွက် စီးပွားရေးဆိုင်ရာ ကိစ္စများနှင့်စဉ်းစားတွေးခေါ်ရပုံ၊ လုပ်ကိုင် ဆောင်ရွက်ရပုံများသည် မတူကြပါ။ များစွာကွဲလွဲကြောင်း တွေ့နိုင်ပါသည်။ ထို့ပြင် နိုင်ငံတစ်ခုနှင့်တစ်ခုလည်း စီးပွားရေးဆိုင်ရာကိစ္စများအပေါ် ယူဆပုံ၊ တွေးခေါ်ပုံနှင့် အခြေခံနိုင်ငံရေးအရ စီးပွားရေးပုံစံ တည်ဆောက်မှုများလည်း ကွဲလွဲကြသည်။ ဥပမာ-အရင်းရှင်စီးပွားရေး၊ ဈေးကွက်စီးပွားရေး၊ ဆိုရှယ်လစ်စီးပွားရေး၊ ကွန်မြူနစ်စီးပွားရေး၊ ရောထွေးစီးပွားရေး စသဖြင့် အမျိုးမျိုးရှိကြသည်။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ဂျာမနီ၊ ဂျပန် စသည့် နိုင်ငံများသည် အရင်းရှင်စီးပွားရေးစနစ်များဖြစ်ကြသည်။ ယခင်က အရှေ့ဥရောပနိုင်ငံများ၊ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအချို့တို့သည် ဆိုရှယ်လစ်စနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆောင်ရွက်ခဲ့ကြသည်။ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့သည် ဈေးကွက်စီးပွားရေးစနစ်၊ ပို့ကုန်ဦးစားပေးသော စနစ်များကို ကျင့်သုံးကြသည်။ ယခုအထိ တရုတ်၊ ဗီယက်နမ်တို့သည် ကွန်မြူနစ် နိုင်ငံရေးနှင့် ရောထွေး စီးပွားရေးပုံစံကို ကျင့်သုံးကြသည်။ ထို့ကြောင့် နိုင်ငံများ၏ စီးပွားရေးပုံစံများသည် အခြေခံလာသည့် နိုင်ငံသမိုင်းအလိုက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တည်ဆောက်ပုံခြင်းလည်း မတူတတ်ကြသည်ကို တွေ့နိုင်သည်။

**နိုင်ငံငယ်များနှင့် စီးပွားရေး**

နိုင်ငံကြီးများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးတည်ဆောက်ပုံများကို မည်သို့မျှ မဝေဖန်လိုသော်လည်း နိုင်ငံတကာစီးပွားရေး ကုန်ကူးသန်းရောင်းဝယ်ရေးများကိုကြည့်လျှင် အင်အားကြီးနိုင်ငံများကသာ အသာစီးရအောင် ဖန်တီးထားကြသည့် အနေအထားကို တွေ့နိုင်သည်။ စီးပွားရေး အင်အားနည်းပါးသော နိုင်ငံငယ်များအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်ရန်၊ တောင်သူများ၏စီးပွားရေးကို ကာကွယ်ရန် အစိုးရက ပါဝင်ထိန်းကျောင်းစွက်ဖက်ရသည်ကို တွေ့နိုင်ပါသည်။ အချို့သော နိုင်ငံကြီးများတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၊ တောင်သူများအတွက်ဟုဆိုကာ ကုန်ပစ္စည်းထုတ်လုပ်မှုများ၊ တင်သွင်းရောင်းဝယ်မှုများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများတွင် ပါဝင်ထိန်းကျောင်းနေကြသည်ကို ယနေ့ကမ္ဘာ့စီးပွားရေးတွင် မြင်တွေ့နိုင်ပါသည်။ ထိုသို့ ထိန်းကျောင်းစွက်ဖက်မှုများကြောင့်ပင် အမေရိကန်နှင့်တရုတ်တို့၏ ကုန်သွယ်မှုသည် ကုန်သွယ်မှုစစ်ပွဲ Trade War အသွင် ဖြစ်လာသည်ဟု သုံးသပ်ပြောဆိုကြခြင်းဖြစ်သည်။ စီးပွားရေးအရ ချမ်းသာသော အစိုးရဖြစ်စေ၊ ဆင်းရဲသောနိုင်ငံမှ အစိုးရဖြစ်စေ ပြည်တွင်းမှကုန်ထုတ်လုပ်သူများ၊စီးပွားရေးလုပ်ငန်းများ ရှင်သန်ရပ်တည်ရေးအတွက် ဝင်ရောက်ဆောင်ရွက်ပေးရသည်သာဖြစ်သည်။ ထိုသို့ အစိုးရက ထိန်းကျောင်းသည့်လုပ်ငန်းစဉ်များကို Government Intervention ဟုခေါ် ဆိုကြပြီး အဆိုပါ လုပ်ငန်းစဉ်များကိုကြည့်လျှင် အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

(က) အကောက်ခွန် Tariffs
( ခ ) ထောက်ပံ့မှု Subsidies
( ဂ ) ပို့ကုန်ထိန်းသိမ်းပေးခြင်း Voluntary Export Restraints
(ဃ) ဒေသဆိုင်ရာလိုအပ်ချက် Local Content Requirements
( င ) သွင်းကုန်ကန့်သတ်ချက် Import Quotas

**အကောက်ခွန် Tariffs**

နိုင်ငံတိုင်းတွင် နိုင်ငံ၏ လူဝင်လူထွက်ကို လူဝင်မှုကြီးကြပ်ရေးဌာနက ထိန်းသိမ်းကြပြီးနှင့် နိုင်ငံ၏ကုန်ပစ္စည်းများ ဝင်ထွက်ခြင်းကို အကောက်ခွန်ဌာနက ထိန်းသိမ်းတတ်ကြပါ သည်။ လူဝင်လူထွက်ကို စောင့်ကြည့်ထိန်းသိမ်းရသကဲ့သို့ နိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများ ရောင်းရန်၊ ဝယ်ရန်အတွက် ကုန်သွယ်ခြင်းများကို အကောက်ခွန်အနေဖြင့် အခွန်ကောက်ခံခြင်းကိုပါ ဆောင်ရွက်ရင်း ထိန်းသိမ်းကြရပါသည်။ ထိုသို့ အခွန်ကောက်ခံခြင်းလုပ်ငန်းကို အကောက်ခွန် Tariffs ကောက်ခြင်း ပြုလုပ်သည်ဟုခေါ်ကြသည်။ နိုင်ငံတွင်းမှ ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချလျှင်လည်း စည်းကမ်းအတိုင်း ပို့ကုန်အခွန်ကောက်ခံခြင်း ပြုလုပ်ပါသည်။ ပို့ကုန်၊ သွင်းကုန်များကို ဥပဒေနှင့်အညီ အကောက်ခွန်ကောက်ခံသကဲ့သို့ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းကြီး World Trade Organization- WTO ၏ စည်းမျဉ်းစည်းကမ်းများနှင့် မကင်းကွာစေရန်လည်း ကောက်ခံကြရသည်။ နိုင်ငံ၏ဖြစ်ချင်သော ဆန္ဒအတိုင်း ကောက်ခံ၍ မရပါ။ သို့ရာတွင် ပြည်တွင်းသို့ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများကို အဓိက ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းသည် အကောက်ခွန်လုပ်ငန်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပြည်တွင်းရှိ အရေးကြီးသော Staple Food အစားအစာများ၊ သီးနှံများ ထုတ်လုပ်မှုကို ကာကွယ်ရန် ဆောင်ရွက်ခြင်း စသည်တို့ကို အကောက်ခွန်ဖြင့် ထိန်းသိမ်းကြရသည်။ နိုင်ငံတကာကုန်သွယ်မှုများတွင် နိုင်ငံများသည် Free Trade Area ဟူသော လွတ်လပ်သော ကုန်သွယ်မှုနေရာများဟု သတ်မှတ်ကာ နိုင်ငံနှစ်ခုမှစ၍ နိုင်ငံပေါင်းများစွာပါဝင်သည့် အဝန်းအဝိုင်း သတ်မှတ်ကာ အကောက်ခွန်မဲ့ တင်သွင်းတင်ပို့မှုများကို အဆိုပါအသိုင်းအဝိုင်းထဲပါသော နိုင်ငံများက ဆောင်ရွက်လာကြသည်။ နိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများ ဝင်ရောက်မှုကို အကောက်ခွန်ဖြင့် ထိန်းသိမ်းရန်ခက်ခဲလာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကုန်ပစ္စည်းများ မိမိနိုင်ငံအတွင်း ဝင်ရောက်မှုကို ပထမစည်းရိုးဖြစ်သော အကောက်ခွန် Tariffs ဖြင့် ထိန်းသိမ်းနိုင်မှုလျော့ကျလာသဖြင့် ဒုတိယစည်းရိုးဖြစ်သော အရည်အသွေး ထိန်းသိမ်းသတ်မှတ်ခြင်း လုပ်ငန်းစဉ် Quality Control Mechanism ဖြင့် ထိန်းသိမ်းလာကြပါသည်။ ဂျပန်နိုင်ငံဆိုလျှင် တင်သွင်းလာမည့် အစားအသောက်များ၊ ကုန်ကြမ်းများနှင့်ပတ်သက်လျှင် ဓာတုဆေးကြွင်းပါဝင်မှုကို အထူး သတ်မှတ်ထိန်းချုပ်သည်ကို တွေ့နိုင်ပါသည်။ ကမ္ဘာပေါ်တွင် အများက သတ်မှတ်ထားသည့် ခွင့်ပြုနှုန်းများထက်ပင် ပို၍ ဂျပန်နိုင်ငံက တင်သွင်းကုန်များအပေါ် ထိန်းချုပ်ထားသည်ကို တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးအင်အားနည်းသောနိုင်ငံများတွင် တင်သွင်းကုန်များအား အကောက်ခွန်မှ ထိန်းသိမ်းရန်ခက်ခဲသကဲ့သို့ အရည်အသွေးထိန်းသိမ်းခြင်း နည်းလမ်းဖြင့် ထိန်းသိမ်းနိုင်ရန်မှာလည်း မလွယ်ကူပါ။ ထို့ကြောင့် သွင်းကုန်ဆိုင်ရာ မူဝါဒနှင့်မဟာဗျူဟာ ကောင်းမွန်ခိုင်မာရန် လိုအပ်ပါသည်။

**ထောက်ပံ့မှုများ Subsidies**

နိုင်ငံအစိုးရသည် နိုင်ငံအတွင်းရှိ ပြည်သူများ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသည်နှင့်အညီ အမျိုးမျိုးသော နည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြပါသည်။ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် နိုင်ငံရေးကို ကွန်မြူနစ်စနစ် ကျင့်သုံးသော်လည်း စီးပွားရေးတွင် ဈေးကွက်စီးပွားရေးဆန်သော ရောထွေးစီးပွားရေးစနစ်မျိုးကို ကျင့်သုံးကြသည်ကို တွေ့နိုင်သည်။ထို့ပြင် နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှု မကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်ကြမြဲဖြစ်သည်။ အထူးသဖြင့် ပြည်တွင်း ကုန်ထုတ်လုပ်မှု GDP တိုးတက်အောင်လည်း ကြိုးပမ်းကြပါသည်။ ထို့ပြင် အရေးကြီး စားသုံးသီးနှံများ Staple Crops များဖြစ်သော ဆန်၊ ဂျုံ၊ ပြောင်း၊ ကြံ စသော သီးနှံများကို ထုတ်လုပ်မှုတိုးတက်စေရန်နှင့် တောင်သူများအတွက် စီးပွားရေး တွက်ခြေကိုက်စေရန် ဆောင်ရွက်ပေးကြရသည်။ ပြည်တွင်းလုပ်ငန်းများကို အစိုးရက အထောက်အပံ့ပေးသည့် နည်းလမ်းများ အများအပြားရှိသည်ကို တွေ့နိုင်ပါသည်။ ပြည်တွင်းအခွန်ကို လျှော့ချပေးခြင်း၊ ချေးငွေများကို သီးသန့်ခေါင်းစဉ်ဖြင့် ထုတ်ချေးခြင်း၊ ဥပမာ- ကိုဗစ် ပြန်လည်ကုစားရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များအား အတိုးသက်သာစွာဖြင့် ငွေချေးခြင်းများ ပါဝင်ပါသည်။ တရုတ်နိုင်ငံကိုကြည့်လျှင် ဆန်စပါး၊ ပြောင်းနှင့်သကြားတို့ကို စိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးမှုစရိတ်ထက်ပို၍ ဈေးပေးဝယ်ယူခြင်းကို ယခင်ကတည်းက ထောက်ပံ့မှုပေးခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုအခါ စပါးကဲ့သို့အရေးကြီးသီးနှံကို အခြေခံ ကြမ်းခင်းဈေး သတ်မှတ်ပေးထားပြီး အဆိုပါဈေးထက် နိမ့်ပါက တောင်သူများထံမှ ဝယ်ယူပေးခြင်းသည်လည်း ထောက်ပံ့ပေးခြင်းတစ်မျိုးဖြစ်ပါသည်။ သီးနှံတိုင်းအတွက် အဆိုပါ အထောက်အပံ့ပေးခြင်းကို လုပ်ဆောင်ရန် မလွယ်ကူပါ။ ထောက်ပံ့မှုပေးသည့်အနေဖြင့် တောင်သူထံမှဝယ်ယူခြင်းသည် အစိုးရတစ်ခုအတွက် ရေရှည်တွင် လုပ်ဆောင်ပေးနိုင်ရန် ခက်ခဲပါသည်။ ဘဏ္ဍာရေး အကန့်အသတ်ရှိသကဲ့သို့ ဝယ်ယူပြီး သီးနှံများ ထိန်းသိမ်းခြင်း၊ ပြန်လည်ရောင်းချခြင်းစသည့် လုပ်ငန်းများနှင့် အခြားသောလုပ်ငန်းစဉ်များသည် အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေပါသည်။သို့ဖြစ်၍ ထောက်ပံ့ပေးသည့်စနစ်ကို ချမ်းသာသောအစိုးရများမှသာ လုပ်ကိုင်သင့်သည်ဟုသုံးသပ်ကြသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## တရုတ်နိုင်ငံက ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံး စက္ကူဖြူစာတမ်း ထုတ်ပြန်

တရုတ်နိုင်ငံသည် ဆက်စပ်မူဝါဒများကိုအပြည့်အစုံဖော်ပြရန်နှင့် ၎င်း၏ရပ်တည်ချက်ကို နိုင်ငံတကာ အသိုင်းအဝိုင်းကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံး စက္ကူဖြူစာတမ်းကို ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ "တရုတ်ပြည်ပတင်ပို့မှုထိန်းချုပ်ရေး"ခေါင်းစဉ်ဖြင့် နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးမှ ထုတ်ပြန်သည့်စာတမ်းတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်၊ အဖွဲ့အစည်းများ နှင့် ကျင့်ထုံးများကို မြှင့်တင်ရာတွင် ပို့ကုန်ထိန်းချုပ်ရေး အုပ်ချုပ်ရေးစနစ်အပြင် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကိုကာကွယ်ရန် ၎င်း၏ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များကို အသေးစိတ်ရှင်းလင်းဖော်ပြထားသည်။

စက္ကူဖြူစာတမ်း၏ အဓိကအပိုင်းမှာ အပိုင်းလေးပိုင်း ပါဝင်သည်။ ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ တရုတ်နိုင်ငံ၏ အခြေခံရပ်တည်ချက်၊ ပို့ကုန် ထိန်းချုပ်မှုအတွက် တရားဥပဒေနှင့်စည်းမျဉ်းစည်းကမ်းစနစ်အား ဆက်လက်တိုးတက်စေရေး၊ ပို့ကုန် ထိန်းချုပ်ရေးစနစ် ခေတ်မီရေး၊ နိုင်ငံတကာဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်သည်။

မတည်မငြိမ်ဖြစ်စေသော အချက်များနှင့် မသေချာမရေရာမှုများ တိုးမြင့်လာခြင်း၊ နိုင်ငံတကာလုံခြုံရေးနှင့်စည်းမျဉ်းစည်းကမ်းများကို နှောင့်ယှက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများတို့နှင့်အတူ ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မမြင်နိုင်သော လေးနက်သော အပြောင်းအလဲများကို ကြုံတွေ့နေရကြောင်း နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေးအန္တရာယ်များနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကာအကွယ်ပေးရန်အတွက် တရားမျှတသော၊ကျိုးကြောင်းဆီလျော်ပြီး ခွဲခြားမှုမရှိသော ပို့ကုန်ထိန်းချုပ်ရေးအစီအမံများသည် ပိုမိုအရေးကြီးကြောင်း၊ တရုတ်နိုင်ငံသည် အမျိုးသားလုံခြုံရေးအတွက် ဘက်စုံချဉ်းကပ်မှုတစ်ရပ်ကို ချဉ်းကပ် လျှောက်လှမ်းနေပြီး စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင် ပေါင်းစည်းရန် ပိုမိုတက်ကြွသောခြေလှမ်းများကို လုပ်ဆောင်နေကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။ ပိုမိုပွင့်လင်းသောစီးပွားရေးနှင့် ပိုမိုငြိမ်းချမ်းသော တရုတ်နိုင်ငံကို တည်ဆောက်ရန်အတွက် နိုင်ငံအနေဖြင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အာမခံချက်ရှိသော လုံခြုံရေးတို့ကြား အပြန်အလှန်အကျိုးသက်ရောက်မှုရှိစေရန်၊ ၎င်း၏ပို့ကုန်ထိန်းချုပ်ရေးစနစ်ကို ခေတ်မီစေရန်နှင့် ပို့ကုန်ထိန်းချုပ်ရေးစီမံခန့်ခွဲမှုတွင် တိုးတက်မှုသစ်များရရှိရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှနေ၍ ၎င်း၏တာဝန်ဝတ္တရားများကို တာဝန်ယူမည်ဖြစ်ပြီး ၎င်း၏နိုင်ငံတကာတာဝန်များကို အသိစိတ်ရှိရှိဆောင်ရွက်ကာ နိုင်ငံတကာဖလှယ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း၊ ပို့ကုန်ထိန်းချုပ်ရေး နိုင်ငံတကာညှိနှိုင်းဆောင်ရွက်မှုတွင် ပါဝင်ရန်၊ ဆက်စပ် နိုင်ငံတကာလုပ်ငန်းစဉ်များ တိုးတက်လာစေရန်နှင့် မျှဝေသော အနာဂတ် ကမ္ဘာ့အသိုက်အဝန်းကို တည်ဆောက်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသောတွန်းအားပေးမှု ဖော်ဆောင်ရာတွင် အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

**ဒေါက်တာဝေရီလင်း (စီးပွားရေးသံမှူး၊ ကူမင်း)**

# ငရုတ်သီးဈေးနှုန်း အခြေအနေ

ဘုရင့်နောင်ကုန်စည်ဒိုင် တွင် ဒီဇင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော ငရုတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲ (ငရုတ်ရှည်) AC ကျပ် ၄၇၀၀၊ သာစည် (မိုးထောင်) ကျပ် ၃၉၀၀၊ ရမည်းသင်း (မိုးထောင်) ကျပ် ၃၉၀၀၊ ဟသ်ာတ (မိုးထောင်) ကျပ် ၃၃၀၀၊ အိမ်မဲ(AC) ကျပ် ၄၂၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၄၅၀၀၊ မြစ်ဝ (ပု) AC ကျပ် ၈၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) AC ကျပ် ၇၅၀၀ အသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲ(ငရုတ်ရှည်) ကျပ် ၄၀၀၊ သာစည် (မိုးထောင်) ကျပ် ၂၀၀၊ ရမည်းသင်း (မိုးထောင်) ကျပ် ၂၀၀ခန့် ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ငရုတ်ရှည် အိတ်ပေါင်း ၄၉၀၀ (၉၈၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၆၀၀ (၉၀၀၀) ပိဿာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ **SSM (myantrade)**

# ဈေးကွက်အတွင်း မြန်မာဘာသာဖြင့် ရေးသားထားသော စာသားများမပါရှိသည့် ကုန်စည်များအား တားမြစ်

ဖျာပုံမြို့နယ် စစ်ဆေးရေးအရာရှိ ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ပထမလမ်းတစ်လျှောက်ရှိ စတိုးဆိုင်နှင့် မုန့်မျိုးစုံ အရောင်းဆိုင်များအား စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ(၁၅)(ခ) စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များအရ ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များ ပါဝင်မှု ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအရောင်းဆိုင်များအား စစ်ဆေးရာ ပထမလမ်း (၅)ရပ်ကွက် စတိုးဆိုင်၌ ၄၀၀ ဂရမ်ရှိ သာဂူစေ့အထုပ်များတွင် နားမလည်သည့် ထိုင်းဘာသာစာဖြင့် ရေးသားထားပြီး မြန်မာဘာသာဖြင့် ရေးသားထားသော စာသားများမပါရှိခြင်း၊ နေရပ်လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်စွဲများ မပါရှိခြင်းတို့ကြောင့် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ (၄၁)(၄၃)နှင့် ကိုက်ညီမှုမရှိသည့်အတွက် ၎င်းကုန်စည်အား ဆက်လက်ရောင်းချခြင်း မပြုရန် တားမြစ်ခဲ့ပြီး ဆိုင်ရှင်အား အရေးယူဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးတွေ့ရှိမှု အခြေအနေကို ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဇော်မွန်(ဖျာပုံ)**

# ဧရာဝတီမြစ်ရိုးတစ်လျှောက်စိုက် ပြောင်းဖူးများ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ရှိ ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ ကျေးရွာများမှထွက်ရှိသော ပြောင်းဖူးများ ဈေးကွက်အတွင်း ဝင်ရောက်နေရာ ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေကြောင်း သိရသည်။

“နယ်စုံကဝင်နေတာပါ။ ဧရာဝတီမြစ် ဝဲ၊ယာ ပွင့်ဖြူ စလင်း၊ ရေနံချောင်းမြို့နယ်စိုက် ပြောင်းဖူးတွေဖြစ်ပြီး သီတင်းကျွတ်လက မိုးရာသီစိုက် ပြောင်းဖူး ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀ ကနေ ကျပ် ၁၅၀၀၀ ရောင်းရတယ်။ ယခုပြောင်းဖူး ၁၀၀ ကို ငွေကျပ် ၂၅၀၀၀၊ ရောင်းရတယ်”ဟု ရေနံချောင်းမြို့နေ ပြောင်းဖူးရောင်းသူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ဘေးရှိ ကျေးရွာများအပါအဝင် ကိုင်းမြေနုစိုက် ပြောင်းဖူးများ အဆက်မပြတ် ဝင်မည့်ကာလ ရောက်လာနိုင်ကြောင်း သိရသည်။ ဖူးစားပြောင်းကို သီးသန့်စိုက်ကြသည့်အပြင် သီးညှပ်အဖြစ် စိုက်ကြကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် မိုးရာသီ၌ ဖူးစားပြောင်း ၆၂၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆောင်းသီးနှံအဖြစ် ၁၈၆ ဧကအား လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လျာထားစာရင်းအရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ထန်းမြစ်လှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းရနေ

အညာဒေသ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့မှထွက်ရှိသော ထန်းမြစ်များ စတင်ပေါ်လာပြီဖြစ်ရာ ဈေးကောင်းရနေကြောင်း ထန်းမြစ်ရောင်းဝယ်သူများထံမှ သိရသည်။

“ယခုလထဲမှာ ထန်းမြစ်လှိုင်လှိုင်ပေါ်တဲ့လ ဖြစ်ပါတယ်။ ကျေးရွာအချို့မှာ မြေပဲနုတ်သိမ်းနေကြတဲ့ အလုပ်ရှုပ်နေပြီး ထန်းမြစ်ဖော်ပြီး ရောင်းချတာမျိုး မရှိသေး ပါဘူး။ ဒါကြောင့် ထန်းမြစ်လှိုင်လှိုင်မပေါ်သေးဘူး”ဟု ချောက်မြို့နယ်မှ ထန်းမြစ်ရောင်းဝယ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

အညာဒေသတွင် ထန်းပင်မှထန်းသီးမှည့်ကို မြေကြီးအကျယ် ခုနစ်ပေပတ်လည်တူး၍ ထည့်ထားကာ မြေကြီး၊ သဲမြေအုပ်၍ ထန်းမြစ်အဖြစ် ရောင်းချရသောကြောင့် ထန်းပင်ပိုင်ရှင်များ ဝင်ငွေရကြကြောင်း သိရသည်။

ရေနံချောင်းဈေးကွက်တွင် ထန်းမြစ်အကြီး တစ်စည်းလျှင် ငွေကျပ် ၁၅၀၀၊ ထန်းမြစ် အသေးတစ်စည်းလျှင် ငွေကျပ် ၈၀၀ ဖြင့် ရောင်းချရပြီး ယခင်နှစ်က ထန်းမြစ်တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ကနေ ကျပ် ၇၀၀ အတွင်း ရောင်းချခဲ့သောကြောင့် ဈေးကောင်းရနေကြောင်း သိရသည်။

အညာဒေသထွက် ထန်းမြစ်ကို ရခိုင်ပြည်နယ်နှင့် ရန်ကုန်၊ နေပြည်တော်အထိ ဈေးကွက်ဝင်ကြောင်း သိရသည်။ ထန်းပင်ကနေ ထန်းလျက်၊ ထန်းရွက်သက်ငယ်၊ ထန်းလျှော်၊ ထန်းလက်ပရိဘောဂ (ကုလားထိုင်၊ စားပွဲ၊ ထန်းသားခြမ်း)အဖြစ် အသုံးပြုနေကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**



## ပြည်ပဆန်ဈေးနှုန်းများ

၂၉-၁၂-၂၀၂၁ မှ ၄-၁-၂၀၂၂ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 345 - 350 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 337 - 342 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 335 - 337 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 330 - 335 | |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 320 - 325 | |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 315 - 320 | |
| 9 | Myanmar Long Grain White Rice (Emata) 25% Broken (Reasonable Well Milled)( For Africa) | 305 - 310 | |
| 10 | Myanmar Long Grain Brown Rice 5% Broken | 320 - 325 | |
| 11 | Myanmar Long Grain Brown Rice 10% Broken | 315 - 320 | |
| 12 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 355 - 360 | |
| 13 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 345 - 350 | |
| 14 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 343 - 345 | |
| 15 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 340 - 343 | |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 350 - 355 | |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 345 - 350 | |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 340 - 345 | |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 20 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun pu 5% Broken (Well Milled Double Polished Softexed) | 355 - 360 | |
| 21 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun pu 10% Broken (Well Milled Double Polished Softexed) | 350 - 355 | |
| 22 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun Pu 15% Broken (Well Milled Double Polished Sortexed) | 345 - 350 | |
| 23 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun Pu 25% Broken (Well Milled Double Polished Sortexed) | 340 - 345 | |
| 24 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 415 - 420 | |
| 25 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 26 | Myanmar Long Grain Parboiled Brown Rice 5% Broken | 385 - 395 | |
| 27 | Myanmar Glutinous Rice 5% Broken | 450 - 460 | |
| 28 | Myanmar Glutinous Rice 10% Broken | 440 - 450 | |
| 29 | A-1 , 2 (Sortexed) | 315 - 320 | |
| 30 | B-1 , 2 (Sortexed) | 308 - 313 | |
| 31 | B-1,2 (Non-Sortexed) | 300 - 305 | |
| 32 | B-2,3,4 (Non-Sortexed) | 295 - 298 | |
| 33 | 100% Broken Rice Softexed Reject (Animal Feed) | 274 - 278 | |
| 34 | 100% Parboiled Broken Rice Sortexed Reject | 274 - 278 | |
| 35 | 100% Parboiled Broken (B-1,2) | 274 - 278 | |
| 36 | 100% Brown Rice Broken (B-1,2) | 262 - 266 | |
| 37 | Parboiled Rice Reject (Grade 2) | 268 - 272 | |
| 38 | Glutinous Broken Rice (Sortexed) | 340 - 350 | |
| 39 | Paw San 5% Broken | 575 | |
| 40 | Paw San 10% Broken | 560 | |
| 41 | Paw San 15% Broken | 550 | |
| 42 | Paw San 100% Broken | 310 - 315 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

Vol: 22, No.1 Monday January 3 2022

# pufoHk;(DwfqD? 'DZ,f) qefolu: a&Eat&uef'iv jynwG

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်း သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် လက်ဘနွန်နိုင်ငံသည် ယခင်အပတ်ဈေးနှုန်းထက် ၃ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှုအမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Puerto Rico နိုင်ငံတွင် ၂ ဒသ မ ၇၀ ရာခိုင်နှုန်းနှင့် ဆွီဒင်နိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံ ရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ အစ္စရေး၊ နိုင်ဂျီးရီးယား၊ အိုမန်နှင့် သီရိလင်္ကာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အီတလီ၊ နယ်သာလန်၊ ဘရာဇီး၊ နယူးဇီလန်၊ ဆွစ်ဇာလန်နှင့် ပိုလန်အပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၉ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၇၀ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းတို့ ဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် Puerto Rico နိုင်ငံသည် ယခင်အပတ်ဈေးနှုန်းထက် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၂ ဒသမ ၆၀ရာခိုင်နှုန်းနှင့် ဒိန်းမတ်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၀ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အစ္စရေး၊ မိုနာကို၊ နော်ဝေး၊ ကာတာနှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘရာဇီး၊ လက်ဘနွန်၊ ထိုင်ဝမ်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံ၊ နယူးဇီလန်နှင့် ပိုလန်အပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၂၂ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း များအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းတို့ဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၈၄ | ၀.၇၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၈ | ၀.၉၂ |

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 23-Dec-21 | 18.90 cts/lb | 18.92 cts/lb | 501.00 $/T | 22.73 cts/lb |
| 22-Dec-21 | 18.85 cts/lb | 18.88 cts/lb | 500.40 $/T | 22.70 cts/lb |
| 21-Dec-21 | 18.40 cts/lb | 18.84 cts/lb | 490.00 $/T | 22.23 cts/lb |
| 20-Dec-21 | 18.28 cts/lb | 18.84 cts/lb | 486.50 $/T | 22.07 cts/lb |
| 17-Dec-21 | 18.74 cts/lb | 18.87 cts/lb | 496.40 $/T | 22.52 cts/lb |
| 16-Dec-21 | 19.07 cts/lb | 18.89 cts/lb | 503.20 $/T | 22.82 cts/lb |
| 15-Dec-21 | 18.96 cts/lb | 18.89 cts/lb | 501.50 $/T | 22.75 cts/lb |
| 14-Dec-21 | 19.27 cts/lb | 18.92 cts/lb | 508.90 $/T | 23.08 cts/lb |
| 13-Dec-21 | 19.25 cts/lb | 18.96 cts/lb | 508.20 $/T | 23.05 cts/lb |
| 10-Dec-21 | 19.31 cts/lb | 18.97 cts/lb | 509.90 $/T | 23.13 cts/lb |
| 9-Dec-21 | 19.27 cts/lb | 19.00 cts/lb | 509.10 $/T | 23.09 cts/lb |
| 8-Dec-21 | 19.39 cts/lb | 19.03 cts/lb | 511.95 $/T | 23.22 cts/lb |
| 7-Dec-21 | 19.04 cts/lb | 19.08 cts/lb | 503.40 $/T | 22.83 cts/lb |
| 6-Dec-21 | 18.72 cts/lb | 19.12 cts/lb | 494.80 $/T | 22.44 cts/lb |
| 3-Dec-21 | 18.37 cts/lb | 19.17 cts/lb | 486.10 $/T | 22.05 cts/lb |
| 2-Dec-21 | 18.25 cts/lb | 19.26 cts/lb | 483.55 $/T | 21.93 cts/lb |
| 1-Dec-21 | 18.30 cts/lb | 19.37 cts/lb | 483.45 $/T | 21.93 cts/lb |
| 30-Nov-21 | 18.31 cts/lb | 19.44 cts/lb | 485.05 $/T | 22.00 cts/lb |
| 29-Nov-21 | 18.82 cts/lb | 19.52 cts/lb | 496.65 $/T | 22.53 cts/lb |
| 26-Nov-21 | 18.96 cts/lb | 19.57 cts/lb | 500.50 $/T | 22.70 cts/lb |
| 25-Nov-21 | 19.19 cts/lb | 19.62 cts/lb | 510.85 $/T | 23.17 cts/lb |
| 24-Nov-21 | 19.41 cts/lb | 19.63 cts/lb | 510.75 $/T | 23.17 cts/lb |
| 23-Nov-21 | 19.75 cts/lb | 19.61 cts/lb | 517.75 $/T | 23.48 cts/lb |
| 22-Nov-21 | 19.46 cts/lb | 19.58 cts/lb | 507.65 $/T | 23.03 cts/lb |
| 19-Nov-21 | 19.70 cts/lb | 19.56 cts/lb | 512.40 $/T | 23.24 cts/lb |
| 18-Nov-21 | 19.85 cts/lb | 19.51 cts/lb | 516.30 $/T | 23.42 cts/lb |
| 17-Nov-21 | 20.04 cts/lb | 19.47 cts/lb | 523.50 $/T | 23.75 cts/lb |
| 16-Nov-21 | 19.68 cts/lb | 19.42 cts/lb | 513.65 $/T | 23.30 cts/lb |
| 15-Nov-21 | 19.48 cts/lb | 19.40 cts/lb | 516.95 $/T | 23.45 cts/lb |
| 12-Nov-21 | 19.73 cts/lb | 19.37 cts/lb | 521.65 $/T | 23.66 cts/lb |
| 11-Nov-21 | 19.82 cts/lb | 19.30 cts/lb | 519.40 $/T | 23.56 cts/lb |
| 10-Nov-21 | 19.34 cts/lb | 19.22 cts/lb | 505.95 $/T | 22.95 cts/lb |
| 9-Nov-21 | 19.58 cts/lb | 19.18 cts/lb | 513.20 $/T | 23.28 cts/lb |
| 8-Nov-21 | 19.61 cts/lb | 19.13 cts/lb | 512.10 $/T | 23.23 cts/lb |
| 5-Nov-21 | 19.62 cts/lb | 19.09 cts/lb | 507.00 $/T | 23.00 cts/lb |
| 4-Nov-21 | 19.38 cts/lb | 19.08 cts/lb | 504.50 $/T | 22.88 cts/lb |
| 3-Nov-21 | 19.15 cts/lb | 19.07 cts/lb | 502.35 $/T | 22.79 cts/lb |
| 2-Nov-21 | 19.28 cts/lb | 19.09 cts/lb | 505.30 $/T | 22.92 cts/lb |

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၁၁-၂၀၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၅၀၅ ဒသမ ၅၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၃-၁၂-၂၀၂၁ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

လက်ရှိ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ(ယာယီ) စာရင်းများအရ သကြားတန်ချိန် ရှစ်ထောင်ကျော်ကို ပင်လယ်ရေကြောင်းမှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဗီယက်နမ် သကြားဈေးကွက်သို့ ထိုင်းနှင့် အခြားနိုင်ငံများမှ သကြားများ ဝင်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စက်မှုဝန်ကြီးဌာနမှ ပြည်တွင်းလုပ်ငန်းများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သကြားတင်သွင်းမှုများကို anti-dumping duty လုပ်ဆောင်လျက်ရှိပြီး မိမိနိုင်ငံမှ နိုဝင်ဘာပထမပတ်မှစ၍ သကြားတင်ပို့မှုမရှိကြောင်း တွေ့ရှိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၉၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၄ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၈၈-၄၉၃ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၆၁-၅၆၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများမှာ မြင့်တက်နေပြီး တရုတ်နိုင်ငံတွင် သကြားဈေးနှုန်းမှာ ကျဆင်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၉၉ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၆၉ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိသည်။ မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြား ပေါက်ဈေးများကို လေ့လာရာ၌ ကျိုင်းတုံနှင့် လွိုင်ကော်မြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး လားရှိုးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၂၈ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တရုတ်ယွမ်ငွေဖြင့် ကုန်သွယ်မှုဆောင်ရွက်နိုင်တော့မည်



မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု၌ တရုတ်နိုင်ငံသုံးငွေကြေးဖြစ်သည့် ယွမ်ဖြင့် တရားဝင် ငွေပေးချေမှုများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၌ ထုတ်ဝေသည့် Global Time သတင်းစာတွင် ဖော်ပြပါရှိသည့် "Myanmar to use yuan in trade" သတင်းဆောင်းပါးအား ဘာသာပြန်ဆိုတင်ပြအပ်ပါသည်။ အဆိုပါ သတင်းဆောင်းပါး၌ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသုံးငွေကြေး(ယွမ်)အား တရားဝင်ငွေကြေးအဖြစ် အသုံးပြုပေးချေနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အရှေ့တောင်အာရှနိုင်ငံများရှိ စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းကြောင့် အမေရိကန်ဒေါ်လာနှင့် အခြားနိုင်ငံတကာငွေကြေးများ ပြတ်လပ်မှုအား ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ကြုံတွေ့နေရသည့် ဘဏ္ဍာရေးအခက်အခဲများကို ကျော်လွှားနိုင်ရန်၊ စီးပွားရေးပြန်လည် ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် မြန်မာနိုင်ငံရှိဘဏ်များ အနေဖြင့် တရုတ်ယွမ်ငွေအား လက်ခံဆောင်ရွက်ရာတွင် အဆင်ပြေ တည်ငြိမ်မှုရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာသို့ ငွေပေးချေရာတွင် အမေရိကန်ဒေါ်လာဖြင့်သာ အများဆုံး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပြုရာတွင် တရုတ်ယွမ်ငွေ အသုံးပြုမှု ပိုမိုကျယ်ပြန့်လာစေရေးအတွက် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်အတူ ပူးပေါင်းကြိုးပမ်း လုပ်ဆောင်လျက်ရှိကြောင်း၊ တရုတ်ယွမ်ငွေအား ကုန်သွယ်မှုတွင် တရားဝင်ပေးချေနိုင်ပြီဖြစ်ကြောင်း စတင်ကြေညာမည့် အခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများသည် ၁-၁-၂၀၂၂ ရက်တွင် ကျင်းပနိုင်ဖွယ်ရှိသည်ဟု သိရှိရသည်။ အချို့သော သတင်းရင်းမြစ်များမှ ခန့်မှန်းချက်အရ ရှေ့ပြေးအဆင့်အဖြစ် တရုတ်ယွမ်ငွေ နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁၄) သန်းအား ငွေပေးချေမှု ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း၊ အဆိုပါပမာဏသည် ကုန်းလမ်းခရီးဖြင့် သယ်ယူပို့ဆောင်သည့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း၊ တရုတ်ယွမ်ငွေအသုံးပြု၍ ငွေပေးချေခြင်းကို အသေးစားကုန်စည်များ၊ နေ့စဉ်သုံးပစ္စည်းများ အရောင်းအဝယ်ပြုလုပ်သည့်အသေးစား ကုန်သွယ်မှုများအတွက် ဦးတည်၍ နယ်စပ်ကုန်သွယ်မှုများတွင် ရှေ့ပြေးအစီအစဉ်အဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံသုံးငွေကြေးဖြင့် ငွေပေးချေမှုသည် နောင်အခါတွင် ကြီးမားသည့်ကုန်စည်များ၊ ရေထွက်ကုန်များ၊ စက်ပစ္စည်းကိရိယာများ သယ်ဆောင်သည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုစနစ်အထိ ကျယ်ပြန့်စွာ အသုံးပြုလာနိုင်ဖွယ်ရှိကြောင်း၊ မြန်မာနိုင်ငံ သည် ၂၀၂၁ ခုနှစ်မေလမှစတင်၍ တရုတ်ဘဏ်များနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေး အခြေအနေများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းခဲ့သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု ပိုမိုခိုင်မာ အားကောင်းအောင်ဆောင်ရွက်ခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပြန်လည်ရရှိစေရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသုံးငွေကြေးသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲစေရန် ချိတ်ဆက်ပေးမည့် သက်သေတစ်ခုလည်း ဖြစ်ကြောင်း၊ တရုတ် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ICBC) ၏ မြန်မာနိုင်ငံဘဏ်ခွဲမှ တာဝန်ရှိသူက ပြောကြားခဲ့ကြောင်း၊ ICBC သည် မြန်မာနိုင်ငံ၌ ပထမဆုံး လာရောက်ဖွင့်လှစ်ခဲ့သည့် တရုတ်ကူးသန်းရောင်းဝယ်ရေးဘဏ်ဖြစ်ကြောင်း၊ ICBC (ရန်ကုန်ဘဏ်ခွဲ)သည် ၂၀၂၁ ခုနှစ် ဇွန်လအတွင်း၌ လုပ်ငန်းများအား တရုတ်ယွမ်ငွေဖြင့် ဘဏ်စာရင်း စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**ရွှေစင်ဦး (စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**






UMS ULTRA MAJOR SHIPPING CO., LTD.

ABS Quality Evaluations, Inc. Management System Certification
ANAB ACCREDITED MANAGEMENT SYSTEMS CERTIFICATION BODY
ISO 9001:2015 Cert.5xxxx



Add : No. 74/A, 1st Floor, Sanpya(4) Street, Yamonar 2Quarter, Dawbon Township, Yangon, Myanmar.
Ph : +959263628989
Email : info@ultramajoroffice@gmail.com
Gmail : ultramajoroffice@gmail.com
Website : www.ultramajorshipping.com.mm



MYANMAR CONFIDENT GROUP
COMPANY LIMITED
EXPORT & IMPORT

+959420186883 myanmarmcg@gmail.com www.mmpulses.com

1 URAD (BLACK MATPE) SSQ
2 URAD (BLACK MATPE) SQ
3 URAD (BLACK MATPE) FAQ
4 URAD (BLACK MATPE) GOTA
5 URAD (BLACK MATPE) DAL (SPLIT)
6 URAD (BLACK MATPE) CHILKA DAL (SPLIT)
7 TUR WHOLE LEMON
8 TUR WHOLE LINKHEY
9 TUR WHOLE WHITE
10 TUR DAL(SPLIT)
11 GREEN MUNG BEANS(PADI SHWEWAR)
12 GREEN MUNG BEANS(PAKAKKU)
13 GREEN MUNG BEANS(ANYASHWEWA)
14 GREEN MUNG BEANS(WAKHAYMA)
15 GREEN MUNG BEANS DAL (SPLIT)
16 GREEN MUNG BEANS CHILKA DAL (SPLIT)
17 RED KIDENY BEANS (BAMAWKATA)
18 RED KIDENY BEANS (HAND PICK POLISH)
19 BLACK EYE BEANS(BROWN)SQ
20 BLACK EYE BEANS(BROWN)FAQ
21 BLACK EYE BEANS(BLACK)SQ
22 BLACK EYE BEANS(BLACK)FAQ
23 BROWN EYE BEANS (COWPEA)
24 BOCKET BEANS(COWPEA)
25 CHICKPEA (6mm , 7mm , 8mm +)
26 GRAM WHOLE (6mm , 7mm , 8mm +)
27 DESI CHANA/KALA CHANA
28 CHANA DAL (SPLIT)
29 LAB LAB BEANS
30 NIGER SEED
31 YELLOW MAIZE
32 MYANMAR RICE ALL VARIETIES
33 TURMERIC
34 TAMARIND
35 JAGGERY
36 SULTANI BEANS
37 BUTTER BEANS
38 SOYA BEANS
39 CORIANDER SEED
40 PEANUTS / GROUNDNUT
41 BLACK CUMIN SEEDS
42 SOYA MEAL
43 SESAME SEEDS ALL VARIETIES
44 SUGER



No.86, 4th Floor, 49 Street, Pazundaung Township, Yangon, Myanmar.
+959420186883, +959793333577 , +9595390423
rammuni.ygn@gmail.com



Apex
AESTHETIC DENTAL CLINIC



Your Dental Health is Our Priority

FREE CHECK UP

Our Dental Services

- ✓ Orthodontic Treatment (သွားညှိကုသခြင်း)
- ✓ Dental Veneers (သွားကြွေလွှာကပ်ခြင်း)
- ✓ Laser Whitening (လေဆာကုထုံးဖြင့်သွားဖြူအောင် ကုသခြင်း)
- ✓ Light-Cured Composite Filling (ရောင်ခြည်ဖြင့် သွားဖာခြင်း)
- ✓ Root Canal Therapy (သွားအကြောထုတ်ကုသခြင်း)
- ✓ Dental Prosthetic (သွား အသေ/အရှင်စိုက်ခြင်း)
- ✓ Porcelain & Zirconia (ခေတ်စီကြွေသွားတပ်ဆင်ခြင်း)
- ✓ Flexible Denture (အကောင်းစားသတ္တုအံကပ် တပ်ဆင်ခြင်း)
- ✓ Skeletal Denture (အံကပ်အပျော့ တပ်ဆင်ခြင်း)
- ✓ Tooth Extraction (သွားနှုတ်ခြင်း)
- ✓ Wisdom Tooth Extraction (အံဆုံးသွား ခွဲစိပ်ကုသခြင်း)

09 88 1111 582 | 09 88 1111 583

No. 608, Bosonpat Condo, 13th Floor, Merchant Road, Pabedan Township, Yangon, Myanmar



21ST CENTURY
For A Healthier Future

ကိုယ်ခံစွမ်းအားကောင်းမွန်စေဖို့
အစာအိမ်ကို မထိခိုက်စေသော
ဗီတာမင် - စီ



# ဘီးလင်းမြို့နယ် မင်္ဂလာဈေး၌ ဈေးကွက်စောင့်ကြည့်စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ်မှ ဘီးလင်းမြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်တွင် ဘီးလင်းမြို့နယ် မင်္ဂလာဈေးရှိ ရောင်းချနေသောဆိုင်များမှာ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ/မရှိ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိသော ထုတ်ကုန်များအား ရောင်းချမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင်ဘေးအန္တရာယ်ရှိသောကုန်စည်များ၊ သက်တမ်းလွန် ကုန်စည်များ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မိုးမိုး(မွန်)**

# ကျိုက်ထိုတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန မွန်ပြည်နယ်မှကျိုက်ထိုမြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများသည် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၃ ရက်တွင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အုပ်စုဇရပ်ကွင်းရှိ Pepper Garden Hotel & Resortအား ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စံသတ်မှတ်ချက် (Version 2.0)နှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ သွားရောက်စစ်ဆေးခဲ့သည်။ထိုသို့စစ်ဆေးရာတွင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဟိုတယ်မှ စားသုံးသူများအား ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဝန်ဆောင်မှုပေးရန် ကြော်ငြာထားသည့်အတိုင်း အပြည့်အဝဆောင်ရွက်ပေးရန်၊ စားသုံးသူ စိတ်ကျေနပ်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**မိုးမိုး(မွန်)**

# ကျိုက်မရောမြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအသိပညာပေး(Talk Show)ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် လူထုအခြေပြုဗဟိုဌာန၊(Community Center) ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး (Talk Show)ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ကျိုက်မရောမြို့နယ်ရုံး တာဝန်ခံ ဒု-ဦးစီးမှူး ဦးအောင်ညီညီခန့်က စားသုံးသူပြည်သူများအနေဖြင့် မိမိတို့ရရှိမည့် စားသုံးသူအခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပါက စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့်တာဝန်များ၊ ကုန်စည် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကုန်ညွှန်းအမှတ်အသားများ ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန်၊ စားသုံးသူရေးရာဦးစီးဌာနနှင့်ပတ်သက်သော သတင်းအချက်အလက်များအား သိရှိစုံစမ်းလိုလျှင် Consumer Call Centre များသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း စသည့်အချက်များအား အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဦးအောင်ညီညီခန့်(ကျိုက်မရော)**

# မော်လမြိုင်တွင် ဘိလပ်မြေနှင့်ဓာတ်မြေသြဇာ အရောင်းအဝယ် ပုံမှန်ဖြစ်

မော်လမြိုင်မြို့၌ ယခုတစ်ပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင် (အနီ) ကျပ် ၇၃၀၀၊ ဆင်(ထိုင်း) ကျပ်၇၆၀၀၊ ကြံ့တံဆိပ် (အဝါ)ကျပ် ၆၇၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာမှာ ဈေးအနည်းငယ်မြင့်တက်ကာ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခင်တစ်ပတ်တွင် ကွန်ပေါင်း(မြန်မာ့သြဘာရွှေကောမက်) ၁၅း၁၅း၁၅ မှာ ကျပ် ၇၅၄၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ မှာ ကျပ်၇၂၂၀၀၊ ကွန်ပေါင်း(Thai Grow How) ၁၅း၁၅း၁၅မှာ ကျပ်၇၅၀၀၀၊ ပုလဲ (အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ(MPE)မှာ ကျပ်၄၈၀၀၀၊ ပုလဲ (အသေး) ၄၆ ရာခိုင်နှုန်း ၊ တရုတ် (ရွှေတောင်) ကျပ် ၅၈၀၀၀၊ ပုလဲ(အကြီး) ၄၆ရာခိုင်နှုန်း ထိုင်း(မြင်းပျံ)ကျပ် ၆၈၀၀၀၊တီစူပါ တရုတ်(သံကွင်း) ကျပ် ၄၀၅၀၀ ရှိခဲ့ပြီး ယခုအပတ်တွင် ကွန်ပေါင်း(မြန်မာ့သြဘာ ရွှေကောမက်) ၁၅း၁၅း၁၅ မှာ ကျပ် ၇၅၅၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ မှာ ကျပ် ၇၃၈၀၀၊ ကွန်ပေါင်း (Thai Grow How)၁၅း၁၅း၁၅မှာ ကျပ်၇၈၀၀၀ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ(MPE)မှာကျပ် ၄၅၀၀၀ ၊ ပုလဲ(အသေး) ၄၆ရာခိုင်နှုန်း တရုတ်(ရွှေတောင်)ကျပ်၅၈၀၀၀၊ ပုလဲ(အကြီး) ၄၆ ရာခိုင်နှုန်း ထိုင်း (မြင်းပျံ) ကျပ်၇၂၅၀၀၊ တီစူပါ တရုတ် (သံကွင်း) ကျပ် ၄၂၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# မအူပင်မြို့နယ် ကျီးချောင်းကျေးရွာတွင် ပြောင်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အရည်အသွေး သတင်းအချက်အလက်နှင့် နည်းပညာစီမံခန့်ခွဲမှုဌာနခွဲမှူး ဦးစံကြည် ဦးဆောင်၍ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် မအူပင်မြို့နယ် တော်တလုပ်ကျေးရွာ အုပ်စု ကျီးချောင်းကျေးရွာရှိ ရှူးဂါးဂိမ်း ပြောင်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုများကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းလေ့လာခဲ့ကြသည်။

ကျီးချောင်းကျေးရွာတွင် တောင်သူ ဦးဌေးဝင်းစိုက်ပျိုးထားသည့် တစ်လသားအရွယ်ပြောင်းပင်များကို ကွင်းဆင်းလေ့လာရာ၌ တောင်သူ ဦးဌေးဝင်းက မိမိ၏ ကိုင်းမြေ တစ်ဧကပေါ်တွင် ရှူးဂါးဂိမ်းပြောင်းမျိုး တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀ဖြင့် သုံးထုပ် ဝယ်ယူစိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် သွင်းအားစုအနေဖြင့် ထိုင်းပုလဲ တစ်အိတ် အသုံးပြုခဲ့ရပြီး ပြောင်းပင်များအတွက် ရေလိုအပ်ပါက ရေတင်ပေးခဲ့ရကြောင်း မိမိ စိုက်ပျိုးထားသော ပြောင်းပင်များသည် တစ်ပင်လျှင် တစ်ဖူး၊ နှစ်ဖူးထွက်ရှိနိုင်ပြီး ပြောင်းပင်များမှာ ၂၅၀၀ ခန့်ရှိ၍ တစ်ပင်လျှင် တစ်ဖူးနှုန်းဖြင့် တွက်ချက်ပါက ပြောင်းဖူး ၂၅၀၀ခန့် ထွက်ရှိနိုင်သဖြင့် ယနေ့ မအူပင်ဈေးကွက်တွင် ပြောင်းတစ်ဖူးလျှင် ၂၅၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ရှိသည်ဖြစ်၍ မိမိ ပြောင်း ပေါ်ချိန်တွင် ကျဈေးဖြစ်ပါက တစ်ဖူးလျှင် ၂၀၀ ကျပ်နှုန်းထက် မနိမ့်ကျနိုင်သဖြင့် မိမိထွက်ရှိသော ပြောင်းဖူးမှ ရောင်းရငွေ ငါးသိန်းခန့် ရရှိနိုင်ကြောင်း ပြောဆိုခဲ့သည်။

တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဌာနခွဲမှူး ဦးစံကြည်နှင့် ခရိုင်ဦးစီးမှူး ဦးဇော်မင်းတို့သည် မြို့နယ်ဈေးကွက်မှ ရန်ကုန်ဈေးကွက်ရရှိနိုင်ရေးနှင့် ပြည်ပဈေးကွက်ထိ ထိုးဖောက်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရန် သွင်းအားစုများကို စနစ်တကျ သုံးစွဲရန်နှင့် တောင်သူ အများစု အားကျလာသည့် ဈေးကွက်ဝင် သီးနှံအဆင့်ထိ ဆောင်ရွက်နိုင်ရန်တို့ကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဦးမြင့်သူ**
(Consumer MT)

# ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ဂေါ်ဖီထုပ်များသည် ယခုလက်ရှိအချိန်တွင် တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ်၆၀၀ မှ ၇၀၀ ၊ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၀၀၀ နှုန်းဖြင့် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ဂေါ်ဖီထုပ်ကို ပင်းတယ၊ ကလော(ဟဲဟိုး)၊ ပင်လောင်း(နောင်တရား၊ တီကျစ်)မြို့နယ်များတွင် အများဆုံး စိုက်ပျိုးထွက်ရှိသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တစ်ခုလုံးအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ၁၄၀၁၆ ဧက စိုက်ပျိုးပြီး ထွက်ရှိသော ဂေါ်ဖီထုပ်များကို မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယခင်နှစ်တွင် ကိုဗစ်ရောဂါအခြေအနေများအရ ဝယ်ယူစားသုံးမှု နည်းပါးသောကြောင့် ဂေါ်ဖီထုပ်များ ဈေးနှုန်းရသင့်သလောက်မရဘဲ တချို့တောင်သူများအနေဖြင့် အရှုံးပေါ်ခဲ့ကြောင်း သိရှိရသည်။ ယခင်နှစ်ကာလတူ ဈေးနှုန်းမှာ ပွဲရုံရှိ ဈေးတစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ၂၅၀၊ လက်လီဈေးနှုန်းမှာ ကျပ် ၃၀၀ မှ ၄၀၀ ရှိခဲ့သည်။

ယခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးမှု နည်းပါးလာခြင်းကြောင့်လည်းကောင်း ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိခြင်းဖြစ်ကြောင်း သိရသည်။ **မေမြတ်နိုး(တောင်ကြီး)**

# မော်လမြိုင်ကုန်စည်ဒိုင်၌ ရေထွက်ကုန်များ ဈေးနှုန်းတည်ငြိမ်နေ

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်း ပေါက်ဈေးများမှာ ရော်ဘာ R.S.S-3 (နေလှန်းပြား) တစ်ပေါင် ကျပ် ၉၆၀၊ (မှိုင်းခံပြား) တစ်ပေါင်၉၇၅ ကျပ်၊ ၁၀၈ပေါင် (ဆန်သား ၉၀ ရာခိုင်နှုန်း) ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၇၅၀၀၊ပေါ်ကျွဲကျပ် ၃၅၀၀၀၊ ပေါ်ဆန်းကျပ် ၄၁၅၀၀၊ ၂၀ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၉၀၀၀၊ မတ်ပဲ ကျပ် ၄၀၀၀၀၊ ပဲလွမ်းဖြူကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ်ကျပ် ၃၆၀၀၀၊ ပဲပုပ်ကျပ် ၃၇၀၀၀၊ မြေပဲ ၅၅၀၀၀ ကျပ်၊ ရေထွက်ကုန် (အလတ်စ) တစ်ပိဿာဈေးနှုန်းမှာ ငါးကွန်းရှပ် ကျပ် ၇၀၀၀၊ ကကတစ်ကျပ် ၇၀၀၀၊ ငါးသလောက် (အာနီ)ကျပ်၉၀၀၀၊ ငါးတန်ကျပ် ၂၂၀၀၊ ငါးဖားမ ကျပ်၁၉၀၀၊ တီလားပီးရား ကျပ် ၂၇၀၀၊ ငါးပုဏ္ဏား(ထီး) ကျပ် ၆၀၀၀၊ ငါးပုတ်သင် ကျပ် ၅၀၀၀၊ ငါးမြစ်ချင်းကျပ် ၂၆၀၀၊ ကင်းမွန်ကျပ် ၄၀၀၀ မှ ၈၀၀၀၊ ပုစွန်ပျော့ကျပ် ၂၀၀၀၀မှ၂၅၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ်၁၅၀၀၀မှ၃၀၀၀၀၊ကဏန်း(ပန်း) ကျပ် ၅၀၀၀ မှ ၈၀၀၀ အသီးသီးဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင် နိုဝင်ဘာ ၂၅ ရက်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ရော်ဘာ R.S.S-3 (နေလှန်းပြား)တစ်ပေါင်လျှင် ၂၀ ကျပ်၊ မှိုင်းခံပြား တစ်ပေါင် ၂၅ ကျပ်နှင့် ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ်၁၀၀၀ ၊ မတ်ပဲ ကျပ် ၆၀၀၀ ၊ ပဲပုပ်ကျပ် ၁၃၀၀၀၊ မြေပဲ ကျပ် ၂၀၀၀ ဈေးနှုန်း ကျဆင်းနေပြီး ပဲလွမ်းဖြူတစ်အိတ် ကျပ် ၂၀၀၀ဈေးတက်နေသည်။ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၅၀၀၊ ပေါ်ကျွဲ ကျပ် ၁၄၀၀ ၊ ပေါ်ဆန်း ကျပ် ၁၅၀၀ ဈေးနှုန်းမြင့်တက်နေပြီး ရေထွက်ကုန်အများစု ဈေးနှုန်းတည်ငြိမ်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်-ရာမညကုန်သွယ်မှုဗဟိုဌာန**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း . . . မှအဆက်

| | | | |
|---|---|---|---|
| ၂၁ | ၂.၁၂.၂၀၂၁ | ၁၇၇၅၀၀၀ | ၁၇၈၁ |
| ၂၂ | ၃.၁၂.၂၀၂၁ | ၁၇၇၅၀၀၀ | ၁၇၇၂ |
| ၂၃ | ၆.၁၂.၂၀၂၁ | ၁၇၇၂၀၀၀ | ၁၇၈၁ |
| ၂၄ | ၇.၁၂.၂၀၂၁ | ၁၇၇၄၀၀၀ | ၁၇၈၂ |
| ၂၅ | ၈.၁၂.၂၀၂၁ | ၁၇၉၅၀၀၀ | ၁၇၉၁ |
| ၂၆ | ၉.၁၂.၂၀၂၁ | ၁၈၂၅၀၀၀ | ၁၇၉၁ |
| ၂၇ | ၁၁.၁၂.၂၀၂၁ | ၁၇၉၀၀၀၀ | ၁၇၈၃ |
| ၂၈ | ၁၃.၁၂.၂၀၂၁ | ၁၇၉၀၀၀၀ | ၁၇၈၈ |
| ၂၉ | ၁၄.၁၂.၂၀၂၁ | ၁၇၉၂၀၀၀ | ၁၇၈၈ |
| ၃၀ | ၁၅.၁၂.၂၀၂၁ | ၁၇၉၀၀၀၀ | ၁၇၇၂ |
| ၃၁ | ၁၆.၁၂.၂၀၂၁ | ၁၇၉၆၀၀၀ | ၁၇၈၄ |
| ၃၂ | ၁၇.၁၂.၂၀၂၁ | ၁၈၀၂၀၀၀ | ၁၈၀၈ |
| ၃၃ | ၂၀.၁၂.၂၀၂၁ | ၁၈၀၄၀၀၀ | ၁၈၀၂ |
| ၃၄ | ၂၁.၁၂.၂၀၂၁ | ၁၈၀၇၀၀၀ | ၁၇၉၃ |
| ၃၅ | ၂၂.၁၂.၂၀၂၁ | ၁၈၁၄၀၀၀ | ၁၇၉၃ |
| ၃၆ | ၂၃.၁၂.၂၀၂၁ | ၁၈၁၅၀၀၀ | ၁၈၀၈ |
| ၃၇ | ၂၇.၁၂.၂၀၂၁ | ၁၈၁၆၀၀၀ | ၁၈၀၈ |
| ၃၈ | ၂၈.၁၂.၂၀၂၁ | ၁၈၁၈၀၀၀ | ၁၈၁၆ |

Source: estimate of world's exchange rate and gold price page


ငွေကြေးဈေးကွက်သတင်းအနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ခြောက်ကြိမ်ခွဲ၍ ဒေါ်လာ ၈၈ သန်းအထိ ရောင်းချထားကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဒီဇင်ဘာ ၃ ရက်တွင် ဒေါ်လာ ၁၅ သန်း၊ ဒီဇင်ဘာ ၉ ရက်တွင် ဒေါ်လာ ၁၃ သန်း၊ ဒီဇင်ဘာ ၁၅ ရက်တွင် ဒေါ်လာ ၁၅ သန်း၊ ဒီဇင်ဘာ ၁၇ရက်တွင် ဒေါ်လာ ၁၅ သန်း၊ ဒီဇင်ဘာ ၂၂ ရက်တွင် ဒေါ်လာ ၁၅ သန်း နှင့် ဒီဇင်ဘာ ၂၃ ရက်တွင် ဒေါ်လာ ၁၅ သန်းဖြင့် စုစုပေါင်း ကန်ဒေါ်လာ ၈၈ သန်းအထိ ရောင်းချခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာအစီရင်ခံစာ နောက်ဆုံးထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် အနုတ် ၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။


၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၂၂ ရက် မှ ၂၈ ရက်အထိ အမေရိကန်တစ်ဒေါ်လာလျှင် ၁၇၇၈ ကျပ် ဖြစ်ပေါ်နေခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၉၂၀ ကျပ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၉၂၅ ကျပ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၉၀၀ နှင့် ဒီဇင်ဘာ ၂၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၉၁၀ အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။



**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၂-၁၂-၂၀၂၁ | ၂၃-၁၂-၂၀၂၁ | ၂၇-၁၂-၂၀၂၁ | ၂၈-၁၂-၂၀၂၁ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၇၇၈.၀ | ၁၇၇၈.၀ | ၁၇၇၈.၀ | ၁၇၇၈.၀ | ၀.၀၀ | |
| ၂ | Thai Baht | THB | ၃၃.၆၇၀ | ၃၃.၅၆၀ | ၃၃.၅၄၀ | ၃၃.၅၃၀ | -၀.၄၂ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၆၆ | ၁.၃၆၀ | ၁.၃၅၆ | ၁.၃၅၄ | -၀.၈၈ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၂၁၄ | ၄.၂၀၅ | ၄.၁၈၂ | ၄.၁၈၃ | -၀.၇၄ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၈၈ | ၁၄၂၄၈ | ၁၄၂၂၆ | ၁၄၂၂၇ | -၀.၄၂ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၃၇၁ | ၆.၃၇၀ | ၆.၃၇၂ | ၆.၃၇၁ | ၀.၀၀ | |
| ၇ | Indian Rupee | INR | ၇၅.၅၇၆ | ၇၅.၂၆၆ | ၇၅.၀၀၈ | ၇၄.၇၂၅ | -၁.၁၃ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၄.၂၇၅ | ၁၁၄.၂၉၇ | ၁၁၄.၅၈၄ | ၁၁၄.၈၅၈ | ၀.၅၁ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၃၉၉ | ၁.၃၈၃ | ၁.၃၈၄ | ၁.၃၈၁ | -၁.၂၉ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၇ | ၀.၈၈၃ | ၀.၈၈၃ | ၀.၈၈၃ | -၀.၄၅ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၄ | ၀.၇၄၇ | ၀.၇၄၅ | ၀.၇၄၄ | -၁.၃၃ | ⬇ |

Source- Central Bank of Myanmar

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . မှအဆက်

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဒီဇင်ဘာ ၂၉ ရက်တွင် အောက်တိန်း-၉၂ တစ်လီတာလျှင် ကျပ်၁၃၆၀၊ အောက်တိန်း -၉၅ တစ်လီတာလျှင် ၁၄၁၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၁၃၄၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၁၃၅၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်ကာ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်က ရည်ညွှန်း ငွေလဲလှယ်နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးရန် နိုင်ငံခြားငွေဖြင့်မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၅-၉-၂၀၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် အရောင်းဆိုင် ၇၂ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၃၈ ဆိုင်နှင့် နေပြည်တော်တွင် အရောင်းဆိုင် ရှစ်ဆိုင်တို့တွင် သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၁၈၅၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၇၅၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ်၁၆၇၀ ၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ လွိုင်ကော်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၁၃၈၆ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၁၂၈၆ ကျပ်၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၁၄၀၀၊ ဒီဇယ်တစ်လီတာလျှင် ၁၂၄၁ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ၇၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၈၅ ကျပ်သို့ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာ၌ စပါးရိတ်သိမ်းခြွေလှေ့နေမှု ကွင်းဆင်းလေ့လာ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် မိုးစပါးစိုက်ဧကမှာ ၃၈၂၆၀၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်ထိ ၂၄၁၅၁၃ ဧက ရိတ်သိမ်း၍ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှတင်း ၇၀ ခန့် ထွက်ရှိသည်။ ပန်းတောင်းမြို့နယ်အနေဖြင့် ၄၆၉၃၁ ဧက စိုက်ပျိုး၍ ၃၇၁၂၄ ဧက ရိတ်သိမ်းပြီးဖြစ်၍ ပန်းတောင်းမြို့နယ် တာဝန်ခံနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်တွင် ဒေါင်းမြတ်နားအုပ်စု ဒေါင်းမြတ်နားကျေးရွာရှိ တောင်သူဦးခင်မောင်ဌေး၏ မိုးစပါးခြွေလှေ့ခြင်း လုပ်ငန်းခွင်သို့ ကွင်းဆင်းလေ့လာခဲ့သည်။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် ဦးခင်မောင်ဌေး၏ မိုးစပါးစိုက်ဧက ၁၀ တွင် စိုက်ပျိုးသော စပါးမျိုးမှာ ကျောက်ရွှေးစပါးမျိုးဖြစ်၍ စိုက်ပျိုးစနစ်မှာ ကြဲခင်းစနစ်ဖြစ်ပြီး တစ်ဧကလျှင် တင်း ၇၀ ခန့် ထွက်ရှိသည်။ စပါးဈေးမှာ ကွင်းပေါက်ဈေး ၄၆ပေါင်တင်း၁၀၀လျှင် ကျပ် ၆၁၀၀၀၀ ဖြင့် ကွင်းထဲတွင် ရောင်းချလျက်ရှိသည်။ စက်အရောက်ဈေးမှာ ၄၆ပေါင်တင်း ၁၀၀ လျှင်ကျပ် ၆၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်နှစ်စပါးဈေးမှာ စက်အရောက်စပါး တင်း ၁၀၀ လျှင် ကျပ် ၅၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုနှစ်အနေဖြင့် သွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်မားလာခြင်း ၊စက်သုံးဆီဖြစ်သော ဒီဇယ်ဆီ၊ ဓာတ်ဆီဈေးများ မြင့်တက်လာ၍ စပါးရိတ်သိမ်းခြွေလှေ့ခများ ကြီးမြင့်လာခြင်း၊ စိုက်ပျိုးစရိတ်များ ပိုမိုကုန်ကျခြင်းတို့ ရှိခဲ့သော်လည်း စပါးဈေးမှာ ယခင်နှစ်ထက်ဈေးပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် စပါးဈေးကောင်းမွန်သကဲ့သို့ သွင်းအားစုဈေးနှုန်းများနှင့် ထွန်ယက်ရိတ်သိမ်းခများ ဈေးနှုန်းသက်သာစွာ ရရှိနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံး(ပြည်)**

## စာမျက်နှာ (၁၅) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၁၈ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်၊ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်၊ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



# ဆန်နှင့်ဆန်ကွဲ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိသည့်ကုမ္ပဏီများ ယွမ်အကောင့်ဖွင့်လှစ်မှု ဦးစားပေးဆောင်ရွက်သွားမည်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်နှင့် ဆန်ကွဲ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီများ ယွမ်အကောင့်ဖွင့်လှစ်မှုနှင့် နယ်စပ်မှ တစ်ဆင့် တင်ပို့ရောင်းချမည့် အစီအစဉ်များကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဒီဇင်ဘာ ၂၄ ရက်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပပြုလုပ်သည့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးဆိုင်ရာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



လက်ရှိတွင် တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တရားဝင် တင်ပို့ခွင့် ရရှိသည့် ကုမ္ပဏီပေါင်း ၄၃ ခု ရှိပြီး လာမည့် ၂၀၂၂ ခုနှစ်တွင်တော့ ကုမ္ပဏီပေါင်း ၆၂ ခုကို ထပ်မံ အဆိုပြုတင်ပြထားကြောင်း ၎င်းက ပြောသည်။

"ဒီကုမ္ပဏီ ၄၃ ခုက တရုတ်နိုင်ငံ GACC ကနေပြီးတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ကတော့ ပထမဦးစားပေးအနေနဲ့က ဆန်နဲ့ဆန်ကွဲကို တရုတ်နိုင်ငံကို တင်ပို့ခွင့်ရရှိတဲ့ ကုမ္ပဏီတွေ ယွမ်အကောင့်တွေဖွင့်တဲ့ကိစ္စတွေ၊ နယ်စပ်ကနေ တင်ပို့ရောင်းချမယ့်ကိစ္စတွေကို ဆက်လက်ပြီးတော့ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အနေနဲ့ တိုက်တွန်းပြီး စီစဉ်ဆောင်ရွက်သွားပါမယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့်ရရှိရန် စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ၁၇ရက်တွင် ချုပ်ဆိုနိုင်ခဲ့ပြီး အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံဘက်မှ ဆန်တင်ပို့မည့်ကုမ္ပဏီ ၄၃ခုနှင့် ဆန်စက် ၇၉ လုံးတို့ကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးစစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီမှု ရှိစေရေးနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရန်အတွက် မှတ်ပုံတင်လျှောက်ထားသည့် ကုမ္ပဏီများ၏ အချက်အလက်များအား SPS Protocol နှင့်အညီ စနစ်တကျ စစ်ဆေးခဲ့ပြီး တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် မြန်မာကုမ္ပဏီ ၄၃ ခု နှင့် ဆန်စက် ၇၉လုံးတို့အား စစ်ဆေးထားသည့် Inspection Report ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ၂၀၂၀ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် တရုတ်နိုင်ငံ GACC သို့ ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် ကုမ္ပဏီ ၄၃ ခုအား မှတ်ပုံတင်ခွင့်ရရှိခဲ့ကာ လက်ရှိနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်၊ ကျပ်တိုက်ရိုက်အသုံးပြုပေးချေနိုင်ရေးအတွက် အဆိုပါ ကုမ္ပဏီ ၄၃ ခုကို ပထမဦးစွာ ယွမ်အကောင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ဈေးကွက်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ ယူနန်၊ ရှီရွမ်၊ ကွမ်ရှီး၊ ကွေ့ကျိုးပြည်နယ် ဒီပြည်နယ် ၄ ခုရဲ့ စုစုပေါင်းလူဦးရေ သန်း ၂၀၀ လောက် ရှိပါတယ်။ ဒီသန်း ၂၀၀ က ကျွန်တော်တို့အတွက် ဆန်စပါးတင်မကပါဘူး။ လယ်ယာထွက်ကုန်တွေအတွက် တော်တော်ကိုကြီးမားတဲ့ market ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ နယ်စပ်ကုန်သွယ်မှုကို စနစ်တကျ ဖော်ဆောင် နိုင်မယ်၊ နှစ်နိုင်ငံအသုံးပြုမယ့် currency တွေကို ကောင်းမွန်စွာအသုံးပြုနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ပုဂ္ဂလိက ကဏ္ဍဘက်က ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်ကို ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားပါမယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုတွင် ကိုဗစ်ကာလဖြစ်သည့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၂၈ သန်းရှိပြီး ဆန်စပါးကုန်သွယ်မှု၏ ၃၃ ရာခိုင်နှုန်းမှာ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ပန်းဆု-စုစည်းသည်**

# ဗဟိုဘဏ်အနေဖြင့် ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုအတွက် ယွမ်စာရင်း ဖွင့်လှစ်နိုင်မည့်ဘဏ်များကို စိစစ်နေ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုအတွက် လက်ရှိ၌ ယွမ်စာရင်းဖွင့်လှစ်နိုင်မည့် ဘဏ်များကို စိစစ်နေကြောင်း ယင်းဘဏ်၏ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်သန်းသန်းဆွေက ဒီဇင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ကျင်းပပြုလုပ်သည့် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးဆိုင်ရာ ရှင်းလင်းပွဲ၌ ပြောသည်။

ယင်းသို့ ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုဆောင်ရွက်ခြင်းဖြင့် ဘဏ်လမ်းကြောင်းပေါ် အခြေခံသည့် ကုန်သွယ်မှုစနစ်ကို ဗဟိုဘဏ်က ဖော်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် ယွမ်စာရင်းဖွင့်လှစ်ခွင့်ရရှိမည့် ဘဏ်များကို စိစစ်လျက်ရှိကာ လုပ်ငန်းစဉ် လမ်းညွှန်ချက်များဖြင့် ကိုက်ညီပါက ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း ဒေါ်သန်းသန်းဆွေက ပြောသည်။

"အခုလို တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ တရုတ်နိုင်ငံသုံး ယွမ်နဲ့မြန်မာကျပ်ငွေ တိုက်ရိုက်ပေးချေဖို့ ဆောင်ရွက်ခွင့်ပြုလိုက်တဲ့အတွက် နိုင်ငံခြားငွေ အဝင်အထွက်တွေကို ဖော်ထုတ်ပြီး ထိန်းချုပ်သွားနိုင်မှာဖြစ်သလို နယ်စပ်ကုန်သွယ်ရေးရဲ့တရားမဝင်ဈေးကွက်ကိုလည်း ထိန်းချုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ လက်ရှိမှာ ယွမ်စာရင်း ဖွင့်လှစ်ခွင့်ရရှိမယ့် ဘဏ်တွေကို စိစစ်နေပါတယ်။ လုပ်ငန်းစဉ် လမ်းညွှန်ချက်များနဲ့ ကိုက်ညီမယ်ဆိုရင်တော့ ဖွင့်လှစ်ခွင့်ပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်သည် ငွေကြေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြစ်သည့်အပြင် ဒေသတွင်း စီးပွားရေးစနစ် တိုးမြှင့်ရာတွင်လည်း အထောက်အကူဖြစ်သောကြောင့် နှစ်နိုင်ငံအတွက် မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ကုန်သွယ်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များသည် Non-Resident စာရင်းများဖွင့်လှစ်၍ ဆောင်ရွက်ခြင်းအတွက် တရုတ်ဘဏ်တွင် AML/CFT ကိစ္စရပ်များဖြစ်ပေါ်လာပါက စာရင်းပိတ်သိမ်းခံရသည့်ကိစ္စရပ်များရှိနေသောကြောင့် ယခုကဲ့သို့ တရားဝင် ဘဏ်လမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးမှုများ လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Cross-border Transaction များကို Wechat ၊ Alipay များဖြင့် ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုမှ ရရှိသောငွေများနှင့် အခွန်ရငွေများကို တရားဝင်ဘဏ်လမ်းကြောင်း အသုံးပြု၍ မှန်ကန်စွာရရှိစေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှာ တရားဝင်ဘဏ်လမ်းကြောင်းကို ဖော်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှု အချက်အလက်တွေကို မှန်မှန်ကန်ကန် သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ကုန်ကျစရိတ်တွေကိုလည်း သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါတယ်"ဟု ဒေါ်သန်းသန်းဆွေက ပြောသည်။

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုတွင် ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုကိုဆောင်ရွက်ခွင့်ပြုကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယခု ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ့စီးပွားရေးဘဏ်၊ Bank of China - BOC (Hong Kong) ရန်ကုန်ရုံးခွဲနှင့် Industrial and Commercial Bank of China (ICBC)တို့ကို ယွမ်/ကျပ် တိုက်ရိုက်ပေးချေမှုဆောင်ရွက်ခွင့်ရသည့်ဘဏ်(Designated Bank)များအဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုက အမြတ်ဝေစု ၉ ရာခိုင်နှုန်း ခွဲဝေပေးမည်

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု(NDCG)က ပြီးခဲ့သည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုကို ၉ရာခိုင်နှုန်း ခွဲဝေပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုမ္ပဏီအနေဖြင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်က အမြတ်ဝေစု ၁၅ ရာခိုင်နှုန်း ခွဲဝေပေးနိုင်ခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်တော့ ရရှိသည့်အမြတ်ပမာဏ လျော့နည်းသွားခဲ့သည့်အတွက် အမြတ်ဝေစု ၉ ရာခိုင်နှုန်းသာ ခွဲဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ရှယ်ယာကျပ်သိန်း ၆၈၀၀ ကျော် ဝယ်ယူထည့်ဝင်ထားသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(SMEDB)ထံမှ လက်ရှိအချိန်အထိ ဝင်ငွေခွန်ဆောင်ပြီး အစုပေါ် အမြတ်ငွေ ကျပ်သိန်း ၅၈၀၀ ကျော် ရရှိထားပြီး မြန်မာသီလဝါအက်စ်အီးအက်စ် အများပိုင်ကုမ္ပဏီ(MTSH)ထံမှ ကျပ်သိန်း ၂၀၀၀ ခန့် အမြတ်ဝေစု ရရှိခဲ့သည့်အပြင် MTSH မှာ ထည့်ဝင်ထားသည့် ၎င်း၏ရှယ်ယာအချို့ကို ရောင်းချခဲ့ခြင်းမှလည်း ကျပ်သိန်း ၁၈၀ ကျော် အမြတ်ရရှိခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ပါရှိသည်။

ထို့ပြင် ကုမ္ပဏီလက်ဝယ်ရှိ ငွေများထဲမှ ကျပ်သိန်း ၁၈၄၀၀ ကို ဒါရိုက်တာအဖွဲ့ဝင် ရှစ်ဦးနှင့် အကျိုးတူဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံထားကာ ယင်းမှ ကျပ်သိန်း ၃၇၀၀ကျော် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

NDCG အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများထံမှ အမြတ်ငွေ ကျပ်သိန်း ၆၂၀၀ကျော် ရရှိခဲ့ပြီး နိုင်ငံတော်သို့ အခွန်အခများ ပေးဆောင်ရန် လျာထားပြီးဖြစ်ကာ အသားတင်အမြတ် ကျပ်သိန်း ၃၃၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

## ၂၀၂၁ မိုးစပါးနှင့် ၂၀၂၂ နွေစပါးတို့အတွက် စပါးဈေးနှုန်းသတ်မှတ်

၂၀၂၁ ခုနှစ် မိုးစပါးနှင့် ၂၀၂၂ ခုနှစ် နွေစပါးတို့အတွက် စပါးတင်း ၁၀၀ လျှင် ကျပ် ၅၄၀၀၀၀ အဖြစ် သတ်မှတ်ကြောင်း တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အောက်တိုဘာ ၅ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်းကိုက် စပါးတင်း ၁၀၀၏ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကို ကျပ် ၅၄၀၀၀၀ သတ်မှတ်လိုက်ပြီး ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဟု အသိပေးထားကြောင်း သိရသည်။

အခြေခံ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချရန် အခက်အခဲရှိသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံး၏ ဖုန်း- ၀၁-၂၃၀၁၁၂၈၊ ၀၈၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အသိပေးထားကြောင်း သိရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လက်ရှိ စပါးတစ်တင်း ပေါက်ဈေးမှာ ကျပ် ၇၅၀၀ ရှိကြောင်း သိရသည်။

**လွင်ကိုအောင်(စားသုံးသူရေးရာ)**

## ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ် နယ်စပ်ဒေသများ၏ ကုန်သွယ်မှုအခြေအနေ

ရှမ်းပြည်နယ်အနေဖြင့် နယ်စပ်ကုန်သွယ်မှုများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်(၁၀၅)မိုင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်များတွင် အဓိကထား ဆောင်ရွက်လျက်ရှိရာ ကိုဗစ်(၁၉) ရောဂါကြောင့် ၂၀၂၀ပြည့်နှစ် ဧပြီလပိုင်းမှစ၍ နယ်စပ်ဂိတ်များ ပိတ်ထားခဲ့ရာမှ ဒီဇင်ဘာ ၂၆ ရက်မှစ၍ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဂိတ် (ကျိန်းစန်းကျော့ဂိတ်) ပြန်လည်ဖွင့်လှစ်၍ တရုတ်နိုင်ငံသို့ သီးနှံများ ပြန်လည်တင်သွင်းလျက်ရှိသည်။

ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်(၁၀၅)မှ တရုတ်နိုင်ငံသို့ ရော်ဘာ တန် ၁၀၀၊ တစ်တန်ကို မြန်မာငွေဖြင့် ၂၁၄၁၆၁၂ ကျပ်၊ တရုတ်ယွမ်ဖြင့် ၇၅၄၈ ယွမ်၊ ဖရဲသီး ၇၃၂၁ ဒသမ ၅ တန် တစ်တန်ကို မြန်မာငွေဖြင့် ၁၄၈၈၉၆ ကျပ်၊ တရုတ်ယွမ်ဖြင့် ၅၂၇ ယွမ်၊ သခွားမွှေး ၂၈၆ ဒသမ ၅တန်၊ တစ်တန်ကို မြန်မာငွေဖြင့် ၃၆၆၂၄၀ ကျပ်၊ တရုတ်ယွမ်ဖြင့် ၁၂၈၃ ယွမ်ဖြင့်လည်းကောင်း တင်ပို့နိုင်ခဲ့ရာ ယခုလအနေဖြင့် ဖရဲသီးနှင့် သခွားမွှေး နှစ်မျိုးသာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း-မိုင်းလားနယ်စပ်မှာတော့ ဒီဇင်ဘာလအတွင်း ပို့ကုန်များတင်ပို့နိုင်ခြင်းမရှိကြောင်းနှင့် သွင်းကုန်များမှာ ဆပ်ပြာမှုန့်၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တင်သွင်းခဲ့သည်။ တာချီလိတ်မြို့ မယ်ယန်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ကော်ဖီစေ့၊ နှမ်းနက်၊ ကြက်သွန်ဖြူ၊ကြက်သွန်နီ၊ ပြောင်း၊ ဆန်၊ ထောပတ်သီး၊ ရော်ဘာ၊ သစ်သားပြားများကို တင်ပို့နိုင်ခဲ့ပြီး ဒီဇယ်၊ ဓာတ်ဆီ၊ ပြောင်းဖူးစေ့၊ သံချောင်းနှင့်အိမ်ဆောက်ပစ္စည်းများကိုလည်း တင်သွင်းခဲ့သည်။

ကုန်သွယ်မှုပမာဏမှာ နိုဝင်ဘာလအတွင်း မူဆယ်(၁၀၅)မိုင်မှ တရုတ်နိုင်ငံသို့ ရော်ဘာ ၃၁ ဒသမ ၅တန်၊ တစ်တန်ကို မြန်မာငွေကျပ် ၂၁၃၈၄၀၀၊ တရုတ်ယွမ် ၇၇၇၆ ယွမ်ဖြင့် တင်ပို့နိုင်ခဲ့သော်လည်း ယခုလမှာ ရော်ဘာကို တန် ၁၀၀၊ တစ်တန်ကို မြန်မာငွေ ၂၁၄၁၆၁၂ ကျပ် တရုတ်ယွမ် ၇၅၄၈ ဖြင့် တင်ပို့နိုင်ခဲ့သဖြင့် ရော်ဘာတင်ပို့မှုတန်ချိန်မှာများလာ၍ ဈေးနှုန်းလည်း ပိုမိုရရှိခဲ့သည်။ နိုဝင်ဘာလအတွင်း ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း-မိုင်းလား နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၇၃၆ ဒေါ်လာ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ယခုလမှာတော့ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ ၁၅၁၉ ဒေါ်လာသန်းဖိုး တင်ပို့လာနိုင်သဖြင့် တင်ပို့မှုပမာဏ များလာတာကို နယ်စပ်ကုန်သွယ်မှု စာရင်းများအရ သိရသည်။

၂၀၂၀ပြည့်နှစ် ဧပြီလမှစ၍ မြန်မာ-တရုတ် နယ်စပ်ဂိတ်များကို ကိုဗစ်(၁၉) ရောဂါကြောင့် ပိတ်ထားခဲ့ရာမှ နယ်စပ်ကုန်သွယ်မှုများ ခေတ္တရပ်ဆိုင်းခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှစ၍ ဖွင့်လှစ်ပေးခဲ့သော်လည်း ကုန်သွယ်မှုများ ယခင်လို မြန်ဆန်ချောမွေ့မှု မရှိသေးကြောင်းနှင့် မိုင်းယောင်း-မိုင်းယု ကုန်သွယ်ရေးလမ်းကြောင်းမှာလည်း ကိုဗစ်(၁၉) ရောဂါဖြစ်ပွားသူများ တွေ့ရှိရမှု များနေသောကြောင့် ၁၉-၇- ၂၀၂၁ရက်မှစ၍ ယနေ့အထိ ယာယီပိတ်ထားပြီး မိုင်းယောင်း-မိုင်းယု ကုန်သွယ်ရေးလမ်းကြောင်းမှာ ကုန်သွယ်မှုမရှိသေးကြောင်း စုံစမ်းသိရသည်။

**သက်ပိုင်ဦး(စားသုံးသူရေးရာ၊ တောင်ကြီး)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ကြံစိုက်တောင်သူများ ဈေးကောင်းရနေ

ကြံကို ပထမနှစ်(ခင်းသစ်)၊ ဒုတိယနှစ်(လမိုင်း)၊ တတိယနှစ်(လမတ်)နှင့် စတုတ္ထနှစ်(ခင်းဟောင်း) ဆိုပြီး ကြံတစ်ကြိမ်စိုက်လျှင် လေးနှစ်အထိထား၍ ခုတ်သိမ်းရကြောင်း သိရှိရသည်။ ပထမနှစ် စစိုက်စိုက်ချင်း(ခင်းသစ်)ကို ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ စိုက်ပျိုးကြ၍ ဒီဇင်ဘာလမှ စတင်ခုတ်သိမ်းကြပြီး ဒုတိယနှစ်(လမိုင်း)၊ တတိယနှစ်(လမတ်)၊ စတုတ္ထနှစ်(ခင်းဟောင်း)များကို ဖေဖော် ဝါရီလမှ ဇူလိုင်လအထိ စိုက်ခင်းမြေပြုပြင်ခြင်းကိုသာ ဒီဇင်ဘာလတွင် ခုတ်သိမ်းရောင်းချကြကြောင်း သိရှိရသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် ကြံကို တောင်ကြီး၊ ဟိုပုံး၊ ရပ်စောက်နှင့် ညောင်ရွှေ မြို့များတွင် အများဆုံးစိုက်ပျိုးကြပြီး ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ဧကမှာ ၂၃၁၁၇ ရှိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ကြံများကို တောင်သူအများစုသည် သကြားချက်စက်ရုံများသို့ ကြံအချောင်းလိုက် ရောင်းချလျက်ရှိပြီး ယခုနှစ် ကြံရာသီတွင် စက်ရုံမှ ကြံတစ်တန်လျှင် ကျပ် ၆၀၀၀၀ ပေးဝယ်ရကြောင်း စုံစမ်းသိရှိရသည်။ ယခင်နှစ် ကြံရာသီတွင် ကြံတစ်တန်လျှင်ကျပ် ၄၂၀၀၀မှ၄၅၀၀၀အထိ အများဆုံး ကျပ် ၅၀၀၀၀အထိသာ ဈေးရှိခဲ့ပြီး ယခုနှစ်တွင် ဈေးပိုရရှိခဲ့ကြောင်း သိရှိရသည်။ ရှမ်းပြည်နယ်မှ ထွက်ရှိသော ကြံများကို တောင်ကြီးမြို့နယ်၊တောင်လေးလုံးကျေးရွာရှိမြဘုရင် သကြားစက်ရုံသို့ အဓိကထား ရောင်းချလျက်ရှိသည်။

ကြံစိုက်တောင်သူများအနေဖြင့် ကြံတစ်ဧက စိုက်လျှင် အထွေထွေကုန်ကျစရိတ်မှာ ကျပ် ခြောက်သိန်းကျော်ကုန်ကျပြီး ယခုတစ်တန် ကျပ် ၆၀၀၀၀ ပေါက်ဈေးကို တစ်ဧကအထွက်နှုန်း ၂၈ တန်ဖြင့် တွက်ပါက တောင်သူအတွက် အကျိုးမြတ်မှာ ၁၀သိန်းကျော်အထိမြတ်ပြီး ယခင်နှစ် တစ်တန်ဈေး ကျပ် ၄၅၀၀၀ကို တစ်ဧက အထွက်နှုန်း ၂၈ တန်ဖြင့် တွက်ရာ ကျပ် ခြောက်သိန်းကျော်သာမြတ်ပြီး ယခုနှစ်တွင် ပိုမြတ်နေကြောင်း တွက်ချက်မှုများအရ သိရသည်။

**ဆောင်းစံပယ်ဖြူ**
**(စားသုံးသူရေးရာ၊ တောင်ကြီး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# လေ့လာမှတ်သား ကုန်အညွှန်းအမှတ်အသား

ဒေါက်တာသရဖီထွန်း (DOCA-YGN)

ကုန်အညွှန်းအမှတ်အသား (Label)ဆိုတာ သတင်းဖြန့်ဝေခြင်းပါပဲ။ ကိုယ်သိထားတဲ့ အချက်အလက်နဲ့အကြောင်းအရာများကို တစ်ဦးတစ်ယောက် (သို့) အများသိအောင် ဖြန့်ဝေခြင်းပါ။ သတင်းဆိုသည့်နေရာမှာ မဖြစ်မနေ သိဖို့လိုအပ်တဲ့ သတင်းရှိသလို သိဖို့မလိုအပ်တဲ့သတင်းဆိုတာမျိုးလည်း ရှိနေပြန်ပါသေးတယ်။ ကမ္ဘာကျော် ရှိတ်စပီးယားရေးထားတဲ့ ဝတ္ထုထဲက ဇာတ်ကောင်နှစ်ဦးအကြောင်း ပြန်ပြောင်းပြောရမယ်ဆိုရင် ဂျူးလီယက်ရဲ့ သေဟန်ဆောင်တဲ့သတင်းဟာ ရိုမီယိုထံရောက်ဖို့ နောက်ကျလေတော့ ချစ်သူနှစ်ဦးစလုံး သေဆုံးရတဲ့အထိ ရောက်ရှိခဲ့တာလည်း သိဖို့လိုအပ်တဲ့သတင်းကို ဖြန့်ဝေပေးတာ နောက်ကျခြင်းကြောင့်ပါ။ သိဖို့ မလိုအပ်တဲ့သတင်းဆိုတာကတော့ အိမ်တိုင်ရာရောက်ထိ ရောက်လာလေ့ရှိကြပြီး မိသားစုနဲ့ပတ်ဝန်းကျင်အတွက် အသုံးမဝင်တဲ့သတင်းအမှားတစ်နည်းအားဖြင့် အတင်းအဖျင်းဆိုတာမျိုးတွေပါ။

"ပန်းသတင်း လေညင်းဆောင်သလို လူသတင်းကို လူချင်းဆောင်ပေမယ့် ကုန်ပစ္စည်းတွေရဲ့သတင်းကတော့ Label က ဆောင်တာပါ"။ဒီနေရာမှာ စာရေးသူက လူသတင်းထက် Label သတင်းလေးကို ဖြန့်ဝေရေးသားချင်ပါတယ်။ ကုန်အညွှန်းအမှတ်အသား (Label)တွေကို လွန်ခဲ့သောနှစ်ပေါင်း ၁၇၀၀ လောက်က ဆေးဝါးများသယ်ဆောင်ရာတွင် အမျိုးအစားခွဲခြားစေရန် စတင်သုံးစွဲခဲ့ကြပြီး ၁၈ ရာစုနောက်ပိုင်းမှာ ဝိုင်ပုလင်းတွေမှာ ကုန်အညွှန်းအမှတ်အသား (Label)တွေကို စတင်သုံးစွဲလာခဲ့ကြပါတယ်။ ကုန်ပစ္စည်းတွေမှာ ကုန်အညွှန်းအမှတ်အသား(Label)တပ်ရခြင်းကတော့ ကုန်ပစ္စည်းနဲ့ပတ်သက်ပြီးတော့ သတင်းအချက်အလက် ပေးချင်လို့ပဲဖြစ်တယ်။ ကုန်ပစ္စည်းရဲ့အကြောင်းကို ပေးချင်တဲ့သတင်းဟာ ကုန်ပစ္စည်း၏ အမျိုးအမည်ခွဲခြားနိုင်ဖို့အတွက် ဖြစ်နိုင်သလို ဈေးနှုန်းသတင်းပေးချင်လို့လည်း ဖြစ်နိုင်ပါတယ်။ Expiry date အတွက် သတင်းပေးချင်လို့လည်းဖြစ်နိုင်သလို အခြားသောအချက်အလက်များနှင့် ပတ်သက်သည့် သတင်းအတွက်လည်း ဖြစ်နိုင်ပါတယ်။

ကုန်ပစ္စည်းတွေမှာ ကုန်အညွှန်းအမှတ်အသား (Label)ကို တပ်ထားရခြင်းရဲ့ ပထမ ရည်ရွယ်ချက်ကတော့ စားသုံးသူများ၏ အကျိုးအတွက်နှင့် စားသုံးသူများပေါ် ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ပြီး ထည့်ပေးထားတာပါ။ စားသုံးသူများအတွက် "သုံးတတ်ရင်ဆေးမသုံးတတ်ရင်ဘေး"ဆိုတဲ့ စကားပုံအတိုင်းပါပဲ။ ထုတ်လုပ်သူလုပ်ငန်းရှင်တွေဟာ ကုန်အညွှန်းအမှတ်အသား(Label)ကို အဓိကထား သေချာတပ်ပေးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ဆေးဝါးများအတွက် Label ဟာ ပိုအရေးကြီးပါတယ်။ Label ပြည့်စုံစွာဖော်ပြထားမှသာလျှင် သုံးစွဲသူများဟာ ၎င်းတို့ရဲ့ အနေထားများအရ သောက်သုံးရန် သင့်၊ မသင့်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်မှု ရှိ၊မရှိကိုလည်း သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ Label အညွှန်းမပါတဲ့ဆေးဝါးများကို နားလည်မှု လွဲမှားစွာ သုံးစွဲမှုများကြောင့် သေဆုံးခဲ့ရသည့်အမှုများစွာလည်း ရှိနေပြန်ပါသေးတယ်။ ဒီလိုကိစ္စရပ်များကိုကြည့်ခြင်းအားဖြင့် ကုန်အညွှန်းအမှတ်အသား (Label) ဟာ စားသုံးသူပြည်သူများအတွက် လုံခြုံရေးလက္ခဏာရပ်သင်္ကေတဆိုရင်လည်း မှားမည်မထင်ပါ။

ကုန်ပစ္စည်းတွေမှာ ကုန်အညွှန်းအမှတ်အသား(Label)ကို တပ်ထားရခြင်းရဲ့ ဒုတိယရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်များအတွက် ထိရောက်တဲ့ အကျိုးစီးပွားဖြစ်ထွန်းစေခြင်းပါ။ လုပ်ငန်းရှင်များဟာ သူတို့ထုတ်လိုက်တဲ့ ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့်သတင်းအချက်များအား Label ထဲမှာ ဖော်ပြပြီးသား ဖြစ်သွားတာပါ။ Product Marketing မှာလည်း Label ဟာ အလွန်အရေးကြီးပါတယ်။ လုပ်ငန်းရှင်တစ်ဦးဟာ သူထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းအပေါ် မှာ Label ပြည့်စုံစွာဖော်ပြပေးထားရင် Customer အတွက် Informationပေးနေတာပဲဖြစ်တဲ့အတွက် ၎င်းပစ္စည်းအား ဝယ်မယ်၊ မဝယ်ဘူးဆိုတဲ့ စားသုံးသူရဲ့ဆုံးဖြတ်ချက်ဟာ ပြီးပြည့်စုံတဲ့ Label အပေါ် မှာ မှီတည်နေတာဖြစ်ပါတယ်။ Label သေချာစွာ ဖော်ပြပေးထားပါက တစ်ခါမှ မသုံးဖူးသေးတဲ့ Customer တစ်ဦးတောင် ထုတ်ကုန်အပေါ် သေချာစွာ နားလည်သွားစေနိုင်ပြီး ဝယ်၊ မဝယ်ကို စားသုံးသူကိုယ်တိုင် ဆုံးဖြတ်နိုင်တဲ့အခြေအနေထိ Label ဟာ ငွေ့ငင်အား ကြီးလွန်းလှပါတယ်။ Label တပ်ထားရင်အဲကုန်ပစ္စည်းကို ငွေ့ငင်အားကြီးသွားစေသလို Label ဖော်ညွှန်းပြသထားခြင်းမရှိလို့ ကမ္ဘာကျော်သမ္မတတစ်ဦး သေဆုံးစေခဲ့တဲ့အထိ အန္တရာယ်ဖြစ်စေခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ၁၂ဦးမြောက်သမ္မတဖြစ်တဲ့ ဇက်ခရီတေလာ (Zachary Taylor)ဟာ ပါတီပွဲတစ်ခုမှာ နွားနို့နှင့်အသီးအချို့ကို တွဲ၍ စားသုံးမိသောကြောင့် အသက်သေဆုံးခဲ့ရပြီး ၎င်းသေဆုံးပြီးနောက်ပိုင်းတွင် စစ်ဆေးချက်များအရ သမ္မတကြီးစားသုံးခဲ့သည့် နွားနို့တွင် တွဲဖက်စားသုံးရန်မသင့်သည့် အစားအစာများအား ကြိုတင်သတိပေးချက် Label တပ်ဆင်ထားမှုမရှိသည့်အတွက် တွဲမစားသင့်သည့် အစားအစာများအား သမ္မတကြီးက စားသုံးမိ၍ သေဆုံးခဲ့ရကြောင်းကို နိုင်ငံပိုင်သတင်းစာတွေမှာ ကြေညာခဲ့ရသည့်အထိ ဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ သမ္မတအေဘရာဟမ်လင်ကွန်း (Abraham Lincoln) လက်ထက်မှာ ကုန်အညွှန်းအမှတ်အသား(Label) များနှင့် ပတ်သက်ပြီး တိကျတဲ့လမ်းညွှန်ချက်များအား ထုတ်ပြန်ခဲ့ရပါတယ်။ကုန်အညွှန်းအမှတ်အသား Label ဟာ အဲဒီလောက်ထိကို အရေးပါအရာရောက်တာပါ။

ကုန်အညွှန်းအမှတ်အသား (Label)ကို နောက်တစ်မျိုး တင်စားပြောရမယ်ဆိုရင် "သတိပေးနှိုးဆော်ချက်"လို့ ပြောချင်ပါသေးတယ်။ တချို့ကုန်ပစ္စည်းနှင့် အစားအသောက်များသည် ပမာဏနည်းနည်းသုံးစွဲ၍ အန္တရာယ်မဖြစ်သော်လည်း များများသုံးစွဲပါက အန္တရာယ်ဖြစ်နိုင်ခြင်း၊ Label တွင် ဖော်ပြထားသော်လည်း တွဲဖက်မစားသင့်သည့် အစားအစာများအား သုံးစွဲမိခြင်းနှင့် အခြားသော ဘေးအန္တရာယ်ဖြစ်နိုင်ခြင်းတို့မှ ကာကွယ်ရန်နှင့် ကြိုတင်သတိပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကုန်အညွှန်းအမှတ်အသား တစ်နည်းအားဖြင့် (Warning Label)များအား ဥပဒေအရ မဖြစ်မနေ ပြဋ္ဌာန်းနှိုးဆော်ခိုင်းတာမျိုးတွေလည်း ရှိနေပြန်ပါသေးတယ်။ ဥပမာ-ဆေးလိပ်ဘူးပေါ် တွင် "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည်" ဆိုသည့် သတိပေးနှိုးဆော်ဖော်ပြချက် (Warning Label) အမျိုးအစားတွေကို စာဖတ်သူတို့ မကြာခဏ မြင်ဖူးကြလိမ့်မယ်လို့လည်း ထင်မိပါတယ်။

> **ဌာနမှ ကုန်အညွှန်းအမှတ်အသားများအား တရားဝင် မှတ်ပုံတင်ရန် ဥပဒေအရပြဋ္ဌာန်းထားခြင်း မရှိသောကြောင့် လုပ်ငန်းရှင်များ လာရောက် စစ်ဆေးခြင်းသည် တရားဝင် မှတ်ပုံတင်ခြင်းမဟုတ်ဘဲ ဌာနမှ အကူအညီပေးစစ်ဆေးခြင်းသာ ဖြစ်ပါတယ်။ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြထားသော်လည်း ဖော်ပြထားသော Label များသည် အဓိပ္ပာယ်မှန်ကန်မှုမရှိတဲ့ ကုန်ပစ္စည်းအချို့အား ဈေးကွက်အတွင်း၌ စစ်ဆေးတွေ့ရှိနေပါတယ်။**

ကုန်အညွှန်းအမှတ်အသား(Label)ရဲ့ အရေးပါတဲ့အခန်းကဏ္ဍများကြောင့် မြန်မာနိုင်ငံတွင် စားသုံးသူများအား ထိရောက်သော ကာကွယ်မှုများ ရရှိနိုင်ရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)၊ အခန်း(၁၈)တွင် ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်ပြီး တိကျစွာပြဋ္ဌာန်းခဲ့ပါတယ်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ကုန်ပစ္စည်းများအပေါ် တွင် ကုန်အညွှန်းအမှတ်အသားများအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့် မြန်မာဘာသာတွဲ၍ ဖြစ်စေ တိကျစွာဖော်ပြ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ စားသုံးသူကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်နေရသည့် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် တိုင်းနယ်/ပြည်နယ်များတွင် စုံစမ်းစစ်ဆေးရေးအရာရှိ မြောက်မြားစွာခန့်အပ်ထားရှိပြီးဖြစ်သောကြောင့် ဌာနအနေဖြင့် ဈေးကွက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် Label တပ်ဆင်ထားခြင်းမရှိသည့် ကုန်ပစ္စည်းများတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီနေရာတွင် အယူအဆ လွဲမှားနေကြသည့် အကြောင်းအရာလေးတစ်ခုအား တိတိကျကျတင်ပြရေးသားရမယ်ဆိုရင် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)၊ ပုဒ်မ ၄၁ အရ ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်အညွှန်းအမှတ်အသားများအား သိသာစွာ ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်များအပေါ် တွင် ဥပဒေနှင့်ညီသည့် ကုန်အညွှန်းအမှတ်အသားများအတိုင်း ဖော်ပြတပ်ဆင်နိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်ပြီးဖြစ်ပါတယ်။ ကုန်အညွှန်းအမှတ်အသားများအား ဖော်ပြနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာနတွင် လာရောက်စစ်ဆေးရမည်ဟု စားသုံးသူကာကွယ်ရေးဥပဒေတွင် ဖော်ပြထားခြင်းမရှိသည့်အတွက်ဌာနတွင် လာရောက်စစ်ဆေးခြင်းပြုရန်မလိုဘဲ မိမိတို့ထုတ်ကုန်များတွင် ကုန်အညွှန်းအမှတ်အသားများအား ဖော်ပြနိုင်ပါတယ်။

သို့သော် ကုန်အညွှန်းအမှတ်အသားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စားသုံးသူကော်မရှင်က ၃-၁၂-၂၀၁၉ရက်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉)ဖြင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ ထိုကြေညာချက်ထဲ၌ ကုန်ပစ္စည်းများပေါ် တွင် ဖော်ပြရမယ့် အမျိုးအမည်၊ အသားတင် ပမာဏ၊ ထားသိုပုံ၊ သုံးစွဲပုံ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက် စသည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက် ခုနစ်ချက်တို့အား ဖော်ပြထားပါတယ်။ ကုန်စည်အမျိုးအစားများသည် မတူညီကြသောကြောင့် ၎င်းခုနစ်ချက်အား ကုန်ပစ္စည်းတိုင်းတွင် ခုနစ်ချက်စလုံးထည့်သွင်းဖော်ပြရန် မလိုအပ်သည့်အတွက် ကုန်စည်များကို အုပ်စု ၄၂ မျိုးခွဲ၍ ကုန်စည်အမျိုးအစားအလိုက် ထည့်သွင်းဖော်ပြရမယ့် Label အချက်များအား ကြေညာချက်ထဲတွင် ဖြည့်စွက်ထည့်သွင်း ဖော်ပြခဲ့ပါတယ်။

ရေသန့်ကဲ့သို့သော ကုန်ပစ္စည်းအမျိုးအစားများသည် ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နဲ့ ကြိုတင်သတိပေးချက်စတဲ့ အချက်များ ထည့်သွင်းဖော်ပြရန်မလိုအပ်ဘဲ အချက်လေးချက်လောက်သာ ဖော်ပြရန်လိုအပ်ခြင်း၊ ဆေးဝါးကဲ့သို့သော အချို့ ကုန်ပစ္စည်းများသည် အချက်ခုနစ်ချက်စလုံး ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း စတဲ့ မတူညီသောအချက်အလက်တို့ကြောင့် လုပ်ငန်းရှင်များအနေနဲ့ မိမိတို့ကုန်ပစ္စည်းများအပေါ် တိကျသော Label များ တပ်ဆင်ရန် ဆန္ဒရှိလာကြခြင်း၊ အချို့လုပ်ငန်းရှင်များသည် ကုန်အမျိုးအမည်အား Branch Name ဖြင့် မှားယွင်းထည့်သွင်းဖော်ပြခြင်းနဲ့ ကုန်ပစ္စည်း အမျိုးအမည်အား တိုက်ရိုက်ဘာသာပြန် ထည့်သွင်းဖော်ပြလာကြခြင်း စတဲ့ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်အမှားများ ဖော်ပြမှုများလာတာကို တွေ့ရှိလာရပါတယ်။ (ဥပမာ-ပန်းသီးယမကာဟု ဖော်ပြရမည့်အစား ပန်းသီးဆိုက်ဒါဟု ဖော်ပြလာခြင်း၊ ဂျုံမှုန့်ဟုသုံးရမည့်အစား ဖလောဟု ဖော်ပြခြင်း) ယင်းကဲ့သို့ ဥပဒေဖော်ပြချက်များနဲ့ ကိုက်ညီမှုမရှိသည့် ကုန်အညွှန်းအမှတ်အသားများအား မှားယွင်းထည့်သွင်းခဲ့သောကြောင့် Label များ ပြန်လည်ပြင်ဆင်ရ၍ ပြင်ဆင်ကုန်ကျစရိတ်များ မကုန်သင့်ဘဲ များစွာ ကုန်ကျနေရတဲ့ ဖြစ်စဉ်မျိုး ကြုံတွေ့ရတဲ့အပေါ် လုပ်ငန်းရှင်များအနေနဲ့ ၎င်းတို့ဖော်ပြညွှန်းဆိုထားသည့် ကုန်အညွှန်းများ မှန်ကန်ပြည့်စုံခြင်း ရှိ၊ မရှိကို စစ်ဆေးပေးပါရန် စားသုံးသူရေးရာဦးစီးဌာနသို့ အကူအညီ တောင်းခံမှုများရှိလာခဲ့တဲ့အတွက် ဌာနအနေဖြင့်ဥပဒေနဲ့ ကိုက်ညီသော ကုန်အညွှန်းအမှတ်အသားများ ဖော်ပြနိုင်ရေးနှင့် ဥပဒေအားတိကျစွာ လိုက်နာသည့်လုပ်ငန်းရှင်များ ဖြစ်လာနိုင်စေရေးအတွက် ရည်ရွယ်၍ စစ်ဆေးဆောင်ရွက်ပေးနေရခြင်းသာ ဖြစ်ပါတယ်။

ဌာနမှ ကုန်အညွှန်းအမှတ်အသားများအား တရားဝင်မှတ်ပုံတင်ရန် ဥပဒေအရပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် လုပ်ငန်းရှင်များ လာရောက်စစ်ဆေးခြင်းသည် တရားဝင်မှတ်ပုံတင်ခြင်းမဟုတ်ဘဲ ဌာနမှ အကူအညီပေးစစ်ဆေးခြင်းသာ ဖြစ်ပါတယ်။ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားသော်လည်း ဖော်ပြထားသော Label များသည် အဓိပ္ပာယ်မှန်ကန်မှုမရှိတဲ့ ကုန်ပစ္စည်းအချို့အား ဈေးကွက်အတွင်း၌ စစ်ဆေးတွေ့ရှိနေပါတယ်။ တချို့သော မှားယွင်းမှုမျိုးသည် စားသုံးသူများအား ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည့်အတွက် ပြန်လည်ပြုပြင်ဖော်ပြရမယ့် အချက်များအား စားသုံးသူကာကွယ်ရေးဥပဒေနဲ့အညီ ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်း ကြေညာပေးခဲ့ရတဲ့ဖြစ်စဉ်မျိုးလည်း ရှိပါတယ်။ (ဥပမာ-၂၂-၁၂-၂၀၂၁ ရက်က ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော စားသုံးဆီများနှင့်ပတ်သက်သည့် ကြေညာချက်ထုတ်ပြန်ချက်)

**စာမျက်နှာ - ၂၃ သို့**



# ရေနံချောင်း၌ ခြောက်လ မြေပဲများကို ပွဲစားများ ဝယ်ယူလျက်ရှိ

မိုးရာသီသီးနှံဖြစ်သည့် ခြောက်လပင်ထောင်မြေပဲများ နုတ်သိမ်းနေကြပြီဖြစ်ရာ ပွဲစားများက ဝယ်ယူလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှမြေပဲစိုက် တောင်သူ အချို့ထံက သိရသည်။ မိုးရာသီ၌ မြေပဲပင်ထောင်၊ ဝါဆို မြေပဲနှင့်ခြောက်လမြေပဲတို့ကိုအဓိကစိုက်ပျိုးကြပြီး ခြောက်လ မြေပဲမှာ သက်တမ်းရှည်သောကြောင့် မြေပဲပင်ထောင်နှင့် ဝါဆိုမြေပဲများထက် နောက်ကျမှ နုတ်သိမ်းရကြောင်း သိရသည်။

“မိုးဦးစိုက်မြေပဲတွေက ခြောက်လမြေပဲ နုတ်သိမ်းနေတယ်။ အထွက်နှုန်းကတော့ သင့်တယ်။ ခြောက်လမြေပဲက ဆီထွက်ကောင်းတာကြောင့် ပွဲစား၊ ကုန်သည်အပြင် ဆီစက်လုပ်ငန်းကလည်း ကြိုက်တယ်။ ဒါကြောင့် တောင်သူတွေ စိုက်ကြတယ်၊ ခြောက်လ မြေပဲတောင့် တစ်ပိဿာ ငွေကျပ် ၁၂၀၀ ကနေ ၁၅၀၀အတွင်း မြေပဲတောင့် အနေအထားပေါ် မူတည်ပြီး ဝယ်တယ်”ဟု ရေနံချောင်းမြို့နယ်မှ ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

မြေပဲစိုက်တောင်သူတစ်ဦးက “တောင်သူတွေကတော့ မြေပဲအတောင့်အဖြစ် ရောင်းကြသလို မြေပဲဆန်အနေနဲ့ ရောင်းကြတယ်။ ဆီကြိတ်ပြီး ပဲဆီအနေနဲ့ ရောင်းချကြတယ်။ ဆီကြိတ်ရောင်းတာကတော့ ဆီကနေ ငွေရတယ်။ ပဲဖတ်အဖြစ်လည်း နေအိမ်မှ နွားစာအဖြစ် အသုံးပြုကြောင်း ၎င်းက ဆက်ပြောသည်။

ယခုနှစ် မြေပဲစိုက်တောင်သူများသည် မိုးဦးစိုက်မြေပဲများ အထွက်ကောင်းခဲ့သော်လည်း မိုးနှောင်းစိုက်မြေပဲများ မိုးရွာသွန်းမှု နည်းသောကြောင့် အထွက်နည်းခဲ့ကြောင်း သိရသည်။ ယခုနှစ်မိုးရာသီတွင် ရေနံချောင်းမြို့နယ်၌ မြေပဲစိုက်ဧက ၄၇၂၁၃ စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**ဆန်းညွှန့်(ရေနံချောင်း)**

# ပြည်ခရိုင်၌ ကြံများ စတင်ထွက်ရှိ



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ ယခုအချိန်တွင် ကြံသီးနှံများ ထွက်ရှိပြီဖြစ်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၃၂၀၉၄ ဧက စိုက်ပျိုးပြီး အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ၂၂ တန်ခန့် ထွက်ရှိသည်။

ယခုနှစ် ကြံဈေးနှုန်းအနေဖြင့် စက်အရောက်ဈေး တစ်တန်လျှင် ကျပ် ၅၄၀၀၀ ဈေးပေါက်ကြောင်း သိရသည်။ ပြည်ခရိုင် ပြည်မြို့နယ်တွင် နဝဒေး သကြားစက်နှင့် ပေါက်ခေါင်းမြို့နယ်တွင် အင်ငါးခွသကြား စက်ဟူ၍နှစ်စက် ရှိသည်။ နဝဒေးသကြားစက်သည် ယိုးဒယား စူးတက်ကုမ္ပဏီက ပိုင်ဆိုင်၍ ယခုဘဏ္ဍာနှစ်တွင် ကြံတန်ချိန် ၂၃၀၀၀၀ ခန့်အား ကြိတ်ခွဲရန်လျာထားပြီး သကြားတန်ချိန် ၂၃၁၀၀ တန် ထုတ်လုပ်ရန် လျာထားသည်။ အင်ငါးခွ သကြားစက်သည် မြန်မာ့ဦးပိုင်ကုမ္ပဏီက ပိုင်ဆိုင်၍ ယခုနှစ်အနေဖြင့် ကြံတန်ချိန် ၁၅၀၀၀၀ ခန့် ကြိတ်ခွဲရန် လျာထားပြီး သကြားတန်ချိန်ပေါင်း ၁၅၃၅၀ထုတ်လုပ်ရန်လျာထားကြောင်း သိရှိရသည်။ သကြားဈေးနှုန်းမှာ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် ပြည်တွင်းဈေးကွက်၌ ရောင်းချလျက်ရှိသည်။

ကြံစိုက်တောင်သူများအနေဖြင့် ကြံတစ်ဧက ထုတ်လုပ်ကုန်ကျစရိတ်မှာ စက်အရောက် တစ်ဧကလျှင် ကျပ် ၇၅၀၀၀၀ မှ ၈၀၀၀၀၀အထိ ကုန်ကျပြီး တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ ၂၂ တန်ခန့် ထွက်ရှိသည်။ ကြံတစ်တန်လျှင် စက်အရောက် ပေးချေနှုန်းမှာ ကျပ် ၅၄၀၀၀ ရှိ၍ တစ်ဧကဝင်ငွေမှာ ကျပ် ၁၁၈၈၀၀၀ ရရှိပြီး တစ်ဧက အကျိုး အမြတ်အနေဖြင့် ကျပ် ၃၈၈၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

DOCA (BAGO)

# စားသုံးသူဆိုင်ရာ သိကောင်းစရာ အသိပညာပေး

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒေါ်ဝေဝေနှင်း (ဦးစီးအရာရှိ) နှင့် ဒေါ်စောယုထွေး (ဦးစီးမှူး)တို့သည် ဒီဇင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြုလုပ်သည့် Talk Show အစီအစဉ်တွင် စားသုံးသူဆိုင်ရာ သိကောင်းစရာ အသိပညာပေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူပြည်သူများ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိစေရန် ရည်ရွယ်၍ ဒေါ်ဝေဝေနှင်း (ဦးစီးအရာရှိ)က စားသုံးသူကာကွယ်ရေး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဥပဒေရေးဆွဲရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူများ၏အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားနိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေါ်စောယုထွေး(ဦးစီးမှူး)က ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ ကုန်စည်တစ်ခုကို ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချမှုတွင် အဓိကပါဝင်ရမည့်အချက်အလက်များ၊ အာမခံချက်ပေးရမည့် အချက်အလက်များနှင့် မိမိတို့ဦးစီးဌာနအနေဖြင့် ထုတ်ကုန်(သို့) ကုန်စည်များ လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

S.Y.H(Tgi)

# ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး စီးပွားရေးရာဝန်ကြီးရုံးခန်း၌ ကျင်းပရာ အစည်းအဝေးတွင် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ဦးစိန်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကိုလည်းကောင်း၊ ဌာနမှဆောင်ရွက်နေသော လုပ်ငန်းစဉ်များအားလည်းကောင်း ရှင်းလင်းတင်ပြပြီး ဟင်းသီးဟင်းရွက်ဆီနှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ်(၁/၂၀၂၁)နှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များကို အမှာစာများဖြင့် အသေးစိတ် ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များကလည်း ဈေးကွက်အတွင်းရှိ စားသုံးဆီများတွင် တံဆိပ်အမျိုးမျိုးတပ်ပြီး ရောင်းချနေသည်ကို တွေ့ရကြောင်း၊ ထုတ်လုပ်ခွင့်ပေးသည့် ဌာနမှ အရည်အသွေး ကိုက်ညီမှု ရှိ/မရှိ ရေရှည်စောင့်ကြည့်ရန်လိုကြောင်း၊ ဥပဒေပါ အချက်အလက်များကို လုပ်ငန်းရှင်များက သိရှိလိုက်နာရန်လိုကြောင်း၊ပြည်သူများက နစ်နာဆုံးရှုံးမှုရှိလာလျှင် တိုင်ကြားမှုများရှိလာသည်ကို တွေ့ရကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးခဲ့ပြီးနောက် အမှာစာဖြင့် တင်ပြချက်များကို အတည်ပြုမှတ်တမ်းတင် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဆိုင်ဝမ်း(ကယား-စားသုံးသူ)**

**စာမျက်နှာ (၂၂) လေ့လာမှတ်သား ကုန်အညွှန်း . . . မှအဆက်**

ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များနဲ့ပတ်သက်၍ စားသုံးသူ ကာကွယ်ရေးဥပဒေတစ်မျိုးထဲ၌သာ ပြဋ္ဌာန်းထားခြင်းမျိုး မဟုတ်ပါ။ အစားအသောက်ကုန်ပစ္စည်းများနှင့်သက်ဆိုင်တဲ့ အခြားသော သက်ဆိုင်ရာ ဌာနများတွင်လည်း ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်အချို့ရှိနေသေးတဲ့အတွက် ထိုပြဋ္ဌာန်းချက်များကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသေးတယ်။

ဥပမာအားဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အစားအသောက်၊ ဆေးဝါး၊ အလှကုန်နဲ့ ရေသန့်တို့နဲ့ပတ်သက်တဲ့ တိကျသော ဥပဒေများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များကို ပြဋ္ဌာန်းဖော်ပြထားတာတွေလည်းရှိပါတယ်။ ဒီလိုပါပဲ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုးများအတွက် သက်ဆိုင်ရာထည့်သွင်းရမည့် ကုန်အညွှန်းအမှတ်အသားများအား စိုက်ပျိုးရေးဦးစီးဌာနက တိကျသော ဥပဒေများဖြင့် ပြဋ္ဌာန်းထားတာရှိသလို ကျန်းမာရေးအတွက် ထိခိုက်စေမယ့် ကုန်ပစ္စည်းများပေါ်တွင် Warning label (သတိပေးနှိုးဆော်ချက်အညွှန်း)တွေကိုလည်း ထည့်သွင်းဖော်ပြရန်အတွက် ကျန်းမာရေးဦးစီးဌာနက ကုန်အညွှန်းအမှတ်အသားနဲ့ပတ်သက်တဲ့ ဖော်ပြချက်အချို့လည်း ရှိနေပြန်ပါသေးတယ်။ဒါကြောင့် လုပ်ငန်းရှင်များအနေနဲ့ မိမိတို့ထုတ်ကုန်များ အပေါ် မူတည်၍ စားသုံးသူ ကာကွယ်ရေးဥပဒေအရရော အခြားသက်ဆိုင်ရာ ဌာနများရဲ့ကုန်အညွှန်းဖော်ပြချက်များကိုပါ တိကျစွာ လိုက်နာဖော်ပြဆောင်ရွက်သွားစေလိုပါတယ်။ ရပ်ကွက်ဈေးဆိုင်များမှစ၍ ဈေးဆိုင်ကြီးများ၊ Supermarket ကြီးများတွင် ကုန်အညွှန်းအမှတ်အသား (Label) များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားတဲ့ ကုန်ပစ္စည်းများသာ ရောင်းချစေရေး ကြပ်မတ် စစ်ဆေးပေးခြင်းဖြင့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေဖို့ DOCA ဝန်ထမ်းများက ထာဝရကြိုးစားနေကြမည်သာ ဖြစ်ပါတယ်။

# စတော့ဈေးကွက်များတွင် သကြားဈေးနှုန်းအတက်အကျများ ဖြစ်ပေါ်လျက်ရှိ

ဒီဇင်ဘာ ၂၃ ရက်တွင် လန်ဒန်စတော့ဈေးကွက်၌ သကြားကြိုပွဲဝင် ဈေးနှုန်းများသည ဒသမ ၄၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ သကြားဖြူ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဒသမ ၆၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ နယူးယောက်ဈေးကွက်တွင်သုည ဒသမ ၅၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သကြား တစ်ပေါင်လျှင် ၁၉ ဒသမ ၁၅ ဆင့်ဖြင့် ရောင်းဝယ်ခဲ့ကြကြောင်းနှင့် လတ်တလောအချိန်တွင် ဖြစ်ပေါ်နေသည့် အမေရိကန်ဒေါ်လာငွေတန်ဖိုး မတည်ငြိမ်မှုသည် သကြားဈေးကွက်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။



ဒီဇင်ဘာ ၂၂ ရက်ကလည်း နယူးယောက်စတော့ဈေးကွက်နှင့် လန်ဒန်စတော့ဈေးကွက်တို့တွင် သိသာသည့်ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုးတို့၏ ဈေးနှုန်းအတက်အကျများသည် အချိန်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ စတော့ဈေးကွက်ရှိ ဈေးနှုန်းများမှာလည်း အတက်အကျများ လျင်မြန်စွာ ဖြစ်ပေါ်လျက်ရှိနေကြောင်း သတင်းတွင်ဖော်ပြထားသည်။

လက်ရှိကာလတွင် ဖြစ်ပေါ်နေသော လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့်အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှုသည် သကြားဈေးနှုန်းများအား ပိုမိုမြင့်တက်စေခဲ့ပြီး ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနှင့်အတူ ပြည်ပပို့ကုန် တင်ပို့မှုများလည်း ကျဆင်းခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ထုတ်ကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ကာ လောင်စာဆီဈေးနှုန်းသည် စက်ရုံများလည်ပတ်နိုင်မှုအတွက် အဓိကအရေးပါလာခဲ့သည်။ ထို့ပြင် ကိုဗစ်(၁၉)ရောဂါပိုးအသစ်ဖြစ်သည့် အိုမီခရွန်တွေ့ရှိမှုများကလည်း ကမ္ဘာ့ထုတ်လုပ်မှုအပေါ် ပိုမိုထိခိုက်စေလျက်ရှိပြီး ထုတ်လုပ်မှု ကျဆင်းခြင်းနှင့်အတူ သကြားဈေးနှုန်းများ ပိုမိုမြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

**ထွန်းအောင်ဇော်(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ဘရာဇီးမြို့။**

# နယ်သာလန်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း လျှော့ချခန့်မှန်း

နယ်သာလန်နိုင်ငံတွင် Hard Lock down ချမှတ်ခဲ့မှုကြောင့် စီးပွားရေးအပေါ် ရိုက်ခတ်မှုရှိလာမည်ဟု ခန့်မှန်းချက်အရ နယ်သာလန် ဗဟိုဘဏ်သည် ၂၀၂၂ ခုနှစ်အတွက် နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ယခင်က ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ ၂ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သိရသည်။

Lockdown ချမှတ်ခဲ့မှုနှင့် အိုမီခရွန်ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ ကူးစက်ပြန့်ပွားမှုတို့ကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးအပေါ် ကာလတိုအနေဖြင့် ဆိုးကျိုးသက်ရောက်စေနိုင်သော်လည်း နယ်သာလန်နိုင်ငံ၌ ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်နေခြင်းသည် ကာလလတ်တွင် စီးပွားရေးအထောက်အပံ့များကို ပေးစွမ်းနိုင်မည်ဟု နယ်သာလန်ဗဟိုဘဏ်က မျှော်လင့်ထားသည်။

ယခုနှစ်အကုန်တွင် နယ်သာလန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု နယ်သာလန်ဗဟိုဘဏ်က ယူဆထားကြောင်း၊ ပျမ်းမျှအားဖြင့် ငွေတန်ဖိုးကျဆင်းမှုသည် ယခုနှစ်တွင် ၂ ဒသမ ၇ရာခိုင်နှုန်းခန့်ရှိပြီး လာမည့်နှစ်များတွင် ငွေကြေး ဖောင်းပွမှုနှုန်းမှာ အမြင့်ပိုင်းတွင် ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထားကြောင်း၊ နယ်သာလန်၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းတို့သို့ ရောက်ရှိနိုင်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ မလုံလောက်မှု ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ယင်းကြောင့် ကုန်ဈေးနှုန်းကို ပိုမိုမြင့်တက်စေနိုင်ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ သိသိသာသာမြင့်တက်မှုသည် လာမည့်နှစ်တွင် ထပ်မံ ဖြစ်ပွားနိုင်ဖွယ်မရှိဟု ခန့်မှန်းထားကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၃ဒသမ၄ ရာခိုင်နှုန်းရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် သုည ဒသမ ၁ ရာခိုင်နှုန်း ထပ်မံမြင့်တက်နိုင်ကြောင်း နယ်သာလန်ဗဟိုဘဏ်၏ ခန့်မှန်းချက်အရသိရသည်။လုပ်သား မလုံလောက်မှုပိုများလာနေကြောင်းနှင့်အစိုးရပိုင်းက ယင်းကို အဖြေရှာရန် လိုအပ်ကြောင်း၊ လုပ်သားပါဝင်မှု ပိုမိုတိုးတက်စေခြင်း၊ လုပ်ငန်းကဏ္ဍများအကြား လုပ်သားကူးပြောင်းမှုကို အားပေးခြင်း၊ ရွှေ့ပြောင်းလုပ်သား ခေါ်ယူခြင်းနည်းလမ်းတို့ ဖြင့်ဖြေရှင်းနိုင်မည်ဟု ယူဆကြောင်း နယ်သာလန်ဗဟိုဘဏ်ကဆိုသည်။

ကပ်ရောဂါအကျပ်အတည်းကို ကာလရှည် ထိန်းချုပ်ဆောင်ရွက်မည့် အစီအစဉ်များကို အစိုးရပိုင်းမှ ချမှတ်သွားရန် နယ်သာလန် ဗဟိုဘဏ်က ဆန္ဒရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် ကုမ္ပဏီများအနေဖြင့် ဘဏ္ဍာရေးအထောက်အပံ့လိုအပ်မှုကို လျှော့ချနိုင်စေလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း ကြွေးမြီကို ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်း မကျော်လွန်စေရေး သေချာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါနှုန်းထားမှာ ၅၅ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကျော်စိန်ဝင်း(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့။**

# အိန္ဒိယနိုင်ငံ၌ ပဲပုပ်ဆီကြိတ်ဖတ်အား အရေးကြီးကုန်စည်အဖြစ် သတ်မှတ်

အိန္ဒိယနိုင်ငံစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် အရေးကြီးကုန်စည်များအက်ဥပဒေကို ကျင့်သုံးလျက် ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိန်းသိမ်းကြပ်မတ်နိုင်ရန် အလို့ငှာ ပဲပုပ်ဆီကြိတ်ဖတ်အား ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်အထိ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်ကြောင်း ဒီဇင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ အိန္ဒိယပြည်တွင်းဈေးကွက်၌ အဓိကတိရစ္ဆာန်မွေးမြူရေး အစားအစာဖြစ်သော ပဲပုပ်ဆီကြိတ်ဖတ်၏ဈေးနှုန်းများကို လျှော့ချနိုင်ရန် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ယခုဆုံးဖြတ်ချက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်/ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအား ပဲပုပ်ဆီကြိတ်ဖတ် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ကြပ်မတ်ရန် အခွင့်အာဏာရရှိစေမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်ရရှိနိုင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ကို လွယ်ကူချောမွေ့စေမည်ဖြစ်သကဲ့သို့ သင့်တင့်မျှတမှုမရှိသော ဈေးကွက်အလေ့အထများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသော အိန္ဒိယပဲပုပ်ဆီကြိတ်ဖတ်များအပေါ် ပြည်ပမှဝယ်လိုအား များပြားမှုနှင့်အတူ ပဲပုပ်စေ့ဈေးနှုန်းများ မြင့်တက်လာခြင်းက ပြည်တွင်း၌ ပဲပုပ်ဆီကြိတ်ဖတ်ဈေးနှုန်းများကိုလည်း ၂၀၂၁ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း ၆၀ရာခိုင်နှုန်းကျော်အထိ တစ်ဟုန်ထိုးမြင့်တက်လာစေခဲ့သည်။ မွေးမြူရေးကဏ္ဍမှ လုပ်ငန်းရှင်များ၏ တောင်းဆိုမှုအရ အိန္ဒိယအစိုးရသည် မျိုးရိုးဗီဇပြုပြင် ထုတ်လုပ်ထားသည့် ပဲပုပ်ဆီကြိတ်ဖတ် တန်ချိန် ၁ဒသမ၂ သန်းကို ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရာ ဒီဇင်ဘာလအထိ တန်ချိန် သုည ဒသမ ၈ သန်းခန့်ကိုသာ တင်သွင်းထားပြီးဖြစ်သည်။ ထိုသို့ တင်သွင်းခွင့်ပြုထားသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲပုပ်ဆီကြိတ်ဖတ် ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ အိန္ဒိယပဲပုပ်ဆီ ကြိတ်ခွဲထုတ်လုပ်မှု နယ်ပယ်မှ အချက်အလက်များအရ ၂၀၂၀-၂၀၂၁ ခုနှစ်၌ ပြည်ပသို့ မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော ပဲပုတ်ဆီကြိတ်ဖတ်တန်ချိန် ၁ ဒသမ ၅၆ သန်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်(စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# တောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံး ဒစ်ဂျစ်တယ် ကုန်သွယ်ရေးသဘောတူညီချက် အပြီးသတ် ဆွေးနွေးပြီးစီး

တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Yeo Han-koo နှင့် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး Tan See Leng တို့သည် “Korea-Singapore Digital Par-tnership Agreement (DPA)”အား အပြီးသတ်ဆွေးနွေးပြီးစီးမှုအတွက် ပူးတွဲကြေညာချက်တစ်ရပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၎င်း DPA သည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံးသော ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ၂၀၂၀ ပြည့်နှစ် ဇွန်လမှစတင်၍ Video Conferencing ဖြင့် (၁၀)ကြိမ်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများပါဝင်ကြောင်း သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့အကြားDPA ကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံအကြား Bi-lateral FTA ကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပြည့်စုံသော ကမ္ဘာ့ဒစ်ဂျစ်တယ် ကုန်သွယ်မှုစည်းမျဉ်းများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်း DPA သဘောတူညီချက်သည် လက်တွေ့တွင် တောင်ကိုရီးယားနိုင်ငံ၏ New Southern Policy ၏ အဓိကမိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံနှင့် ဒစ်ဂျစ်တယ် စက်မှုလုပ်ငန်းကဏ္ဍအသစ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အာဆီယံဈေးကွက်တွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို အခြေပြု၍ ပို့ကုန်ကဏ္ဍအသစ်များ ဖန်တီးနိုင်ရေး ပိုမိုခိုင်မာ အားကောင်းစေမည့် လမ်းသစ်တစ်ရပ်ပင်ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီး Yeo Han-koo က ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းဒစ်ဂျစ်တယ်ကုန်သွယ်မှု သဘောတူညီချက်တွင် အဓိကအားဖြင့် အီလက်ထရွန်နစ်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် ကုန်သွယ်မှုစည်းမျဉ်းများကို ပြဋ္ဌာန်းထားပြီး e-commerce ၏ပံ့ပိုးကူညီမှု၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာရေး၊ အကောက်ခွန်များ ဖယ်ရှားခြင်းနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များအတွက် ခွဲခြားဆက်ဆံမှု မရှိရေးအပြင် Customer Production နှင့် Cybersecurity စသည်တို့ပါဝင်ကြောင်း လေ့လာသိရှိရသည်။

ကိုရီးယား-စင်ကာပူ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု သဘောတူ ညီချက်က မျှော်လင့်ထားသောရလဒ်များအနေဖြင့် စင်ကာပူနိုင်ငံနှင့် New Southern Policy ဆိုင်ရာ နိုင်ငံများတို့နှင့် ပိုမိုခိုင်မာသော ဒစ်ဂျစ်တယ် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်နိုင်ရေး၊ ဒစ်ဂျစ်တယ်နှင့် ထိတွေ့မှုမဲ့ပို့ကုန် (Digital & Contactless Export)များ တိုးချဲ့ခြင်းအပြင် အာဆီယံဈေးကွက်တွင် SMEs နှင့် Startup များအတွက် အခွင့်အလမ်းများ တိုးမြင့်စေရေး၊ အာရှ-ပစိဖိတ်ဒေသသာမက အခြားဒေသများ၌ ကုန်သွယ်မှုစည်းမျဉ်းများ ချမှတ်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရေးမျှော်လင့်ထားကြောင်း သိရှိရသည်။

ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအနေဖြင့် ကိုရီးယား-စင်ကာပူ DPA ကို တရားဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာ နှစ်နိုင်ငံ၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် သဘောတူညီထားသောကြောင့် တောင်ကိုရီးယားအစိုးရအနေဖြင့် DPA သဘောတူညီချက်အား ဘာသာပြန်ဆိုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပါအဝင် နောက်ဆက်တွဲအစီအမံများကို လျင်မြန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၊ ကုန်သွယ်ရေး၊စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၏ တရားဝင် ထုတ်ပြန်ကြေညာချက်များအရ လေ့လာသိရှိရသည်။

**ဝင်းပပသူ(စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# ဂျပန်နိုင်ငံက စီးပွားရေးအမြင်ကို အဆင့်မြှင့်တင်ခဲ့

ဂျပန်နိုင်ငံပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာမှု အနေအထား ပိုမိုကောင်းမွန်လာသောကြောင့် စားသုံးသူများနှင့် ကုမ္ပဏီများသည် ဒီဇင်ဘာလတွင် ၁၇ လအတွင်း စီးပွားရေးကဏ္ဍအပေါ် ဘက်စုံအကဲဖြတ်ချက်ကို ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်ခဲ့ကြောင်း သိရသည်။

အစိုးရအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကသုံးစွဲမှုနှင့် လုပ်ငန်းအခြေအနေများအပေါ် တိုးတက်မှုရှိကြောင်း သုံးသပ်သည့် ၎င်းတို့အမြင်များကို ထုတ်ဖော်ပြောကြားခဲ့သော်လည်း ကုန်ထုတ်လုပ်ငန်းတွင် ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်ဆိုင်ရာ ကန့်သတ်ချက်များနှင့် မြင့်တက်လာသည့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများကြောင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် အကျပ်အတည်းများကိုလည်း သတိပြုရန် သုံးသပ်ခဲ့သည်။

ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏တတိယသုံးလပတ်မှ စီးပွားရေးအနေအထားသည် ကနဦးခန့်မှန်းထားသည်ထက် အနည်းငယ် ပိုမိုတိုးတက်လာသည်။ သို့သော် ပြီးခဲ့သည့် စက်တင်ဘာလကုန်တွင် ကူးစက်ရောဂါထိန်းချုပ်မှု အစီအမံများကို ရုပ်သိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၏ နောက်ဆုံး သုံးလပတ်တွင် စီးပွားရေး ပြန်လည် ကောင်းမွန်လာရန် စီးပွားရေးပညာရှင်များက မျှော်လင့်ထားသည်။

ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှုကြောင့် ဆိုးရွားသည့် အခြေအနေများ တဖြည်းဖြည်းလျော့ပါးလာသည်နှင့်တစ်ပြိုင်နက် ဂျပန်၏စီးပွားရေးသည် တိုးတက်သည့် အရိပ်အယောင်များ တွေ့မြင်လာရကြောင်း ဒီဇင်ဘာလအတွက် စီးပွားရေး အစီရင်ခံစာတွင် သုံးသပ်ထားကြောင်း၊ သို့သော် စီးပွားရေးနှင့်ဘဏ္ဍာရေးဈေးကွက်များအပေါ် Omicron ကဲ့သို့သော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ၏ သက်ရောက်မှုအန္တရာယ် တစ်စုံတစ်ရာရှိနိုင်ခြေကို အနီးကပ်စောင့်ကြည့်ရန် လိုအပ်ကြောင်း ဒီဇင်ဘာ ၂၁ ရက်တွင် အစိုးရတာဝန်ရှိသူက ပြောကြားခဲ့သည်။




ပုဂ္ဂလိကသုံးစွဲမှုနှင့်ပတ်သက်၍စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးနှင့် အခြားကဏ္ဍများ စသည့် ဝန်ဆောင်မှုကဏ္ဍများတွင် အခြေအနေများ တိုးတက်ကောင်းမွန်လာခြင်းအပြင် ထောက်ပံ့မှု ကန့်သတ်ချက်များ ဖြေလျှော့မှုများ နောက်ပိုင်းတွင် မော်တော်ကား ရောင်းအားများ ပြန်လည်ကောင်းမွန်လာခြင်းတို့ကြောင့် အစိုးရအနေဖြင့် စားသုံးမှုအပိုင်းအကဲဖြတ်ချက်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်သည်ဟု အစိုးရအရာရှိတစ်ဦးက အစီရင်ခံစာကို အတည်မပြုမီတွင် သတင်းထောက်များအားပြောကြားခဲ့သည်။

ဂျပန်ဗဟိုဘဏ် (Bank of Japan) ၏ သုံးလပတ်Tankan စစ်တမ်းတွင် ဂျပန်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍ အနေအထားသည် နှစ်နှစ်တာအတွင်း အမြင့်ဆုံးအနေအထားသို့ တိုးတက်ကောင်းမွန်လာသည့်အတွက် ပြည်တွင်းစီးပွားရေးအခြေအနေများအပေါ် အစိုးရ၏ အမြင်ကိုလည်း အဆင့်မြှင့်တင်ခဲ့သည်။ ထို့ပြင် အလုပ်ခန့်အပ်မှုများ တိုးတက်လာခြင်းကြောင့် ၁၅ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအနေဖြင့် အလုပ်အကိုင် အကဲဖြတ်ချက်ကို မြှင့်တင်ခဲ့ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ၁၃ လအတွင်း ပထမဆုံးအကြိမ်အဖြစ် ငွေလုံးငွေရင်း အသုံးစရိတ်အပေါ် သုံးသပ်ချက်အမြင်ကို အဆင့်လျှော့ချခဲ့သည်။ အထူးသဖြင့် ဆော့ဖ်ဝဲရင်းနှီးမြှုပ်နှံမှုများတွင် ကုမ္ပဏီများ၏ ငွေလုံးငွေရင်း အသုံးစရိတ်သည် နွေရာသီတွင် ကိုရိုနာကူးစက်ရောဂါ ကူးစက်မှုများ ပြန်လည်မြင့်မားလာမှုကြောင့် စီးပွားရေးတွေ့ဆုံပွဲ အခွင့်အလမ်းများကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် တတိယသုံးလပတ်တွင် တစ်စိတ်တစ်ပိုင်း နှေးကွေးသွားကြောင်း အစိုးရတာဝန်ရှိသူက ပြောကြားခဲ့သည်။

ထို့ပြင် အိမ်ရာဆောက်လုပ်မှုနှင့်ပတ်သက်၍လည်း ၁၇ လ အတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအနေဖြင့် သုံးသပ်ချက်အမြင်များကို အဆင့်လျှော့ချခဲ့သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူမှုကို ထပ်မံအားဖြည့်ပံ့ပိုးပေးရန် အစိုးရအနေဖြင့် ထပ်ဆောင်း ဘတ်ဂျက်ပမာဏဂျပန်ယန်း ၃၁၇ ဘီလီယံကို ဒီဇင်ဘာလ ၂၀ ရက်တွင် လွှတ်တော်မှ အတည်ပြုပေးခဲ့သည်။

**နန္ဒာဝင်း(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ တိုကျိုမြို့။**

# တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး သုံးနှစ်ဆက်တိုက် ကမ္ဘာ့အဆင့် ၁၀ တွင် ရပ်တည်နိုင်မည်ဟု IMF ခန့်မှန်းထား

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)၏ အချက်အလက်များအရ တောင်ကိုရီးယား၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် သုံးနှစ်ဆက်တိုက်အဆင့် (၁၀)နေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဟု ခန့်မှန်းထားကြောင်း လေ့လာသိရှိရသည်။

ကိန်းဂဏန်းများအရ တောင်ကိုရီးယား၏ Nominal GDP သည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ထရီလီယံနှင့် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ထရီလီယံ အသီးသီးရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါခန့်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ပါက တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစ၍ သုံးနှစ်ဆက်တိုက် ကမ္ဘာ့စီးပွားရေးအင်အားကြီး ၁၀ ခုမြောက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း IMF က ခန့်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ရှေးယခင်က နှစ်ပေါင်းများစွာ ဆင်းရဲနိမ့်ကျနေခဲ့ပြီးနောက် ၎င်း၏စီးပွားရေးအဆင့်ကို ၂၀၁၈ခုနှစ်တွင် ကမ္ဘာ့အဆင့်(၁၀)သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့နောက် ၎င်း၏အဆင့်သည် ၂၀၂၀ ပြည့်နှစ်တွင် အဆင့်(၁၀)သို့ ပြန်မရောက်မီ ၂၀၁၉ ခုနှစ်တွင် အဆင့်(၁၂) သို့ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း၊ အာရှ၏စတုတ္ထအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန်များ အားကောင်းစွာ တင်ပို့နိုင်မှုနှင့် စားသုံးသူသုံးစွဲမှုများ ပြန်လည်တိုးတက်ကောင်းမွန်လာခြင်းတို့ကြားတွင် ကိုဗစ်-(၁၉)ကပ်ရောဂါဘေးမှ ပြန်လည်နာလန်ထူလာနိုင်သည့်လက္ခဏာများကိုတွေ့ရှိရကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ယခု ၂၀၂၁ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် လာမည့် ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းခန့် တိုးတက်နိုင်မည်ဟု IMF က တိုးမြှင့်ခန့်မှန်းထားကြောင်း လေ့လာသိရှိရသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တတိယပတ်အတွင်းတွင် တောင်ကိုရီးယားအစိုးရသည် ၂၀၂၂ ခုနှစ်အတွက် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှုန်း (GDP)အား ၂၀၂၁ ခုနှစ် ဇွန်လက ခန့်မှန်းခဲ့သည့် ၃ ရာခိုင်နှုန်းအပေါ် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ စီးပွားရေးရာ မသေချာ မရေရာမှုများ မြင့်မားနေဆဲဖြစ်သော်လည်း ပို့ကုန်နှင့် ပုဂ္ဂလိက ကဏ္ဍ အသုံးစရိတ်များကို သုံးစွဲခွင့်ပြု၍ ဆက်လက်ပံ့ပိုးရမည်ဖြစ်ကြောင်း သိရှိရသည်။

**ဝင်းပပသူ(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့်စားအုန်းဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်ခဲ့

ဒီဇင်ဘာ ၂၇ ရက်တွင် တရုတ်နိုင်ငံအတွင်း၌ ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ ၉၄၂၀ ဖြစ်ပြီး သုည ဒသမ ၆၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ပဲပုပ်ဆီ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ ၉ ဒသမ ၆၂၀ ဖြစ်ပြီး သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရေနံစိမ်းနှင့်မလေးရှားစားအုန်းဆီများ၏ဈေးနှုန်းများ ကျရိပ်ပြခဲ့ပြီး အမေရိကန်မှ ပဲပုပ်ဆီထွက်ရှိလာနိုင်သောကြောင့် ပဲပုပ်ဆီနှင့် စားအုန်းဆီကြိုရောင်းသော ဈေးကွက်မှာ ပထမတွင် ကျရိပ်ပြခဲ့ပြီး ဈေးနှုန်းပြန်လည်မြင့်တက်သွားကာ ဈေးကွက်ပိတ်ခဲ့သည်။

ယခုအခါ နှစ်သစ်ကူးရက်နှင့် နွေဦးရာသီပွဲတော်ရက်များ နီးကပ်လာပြီဖြစ်ရာ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးများ အမြင့်ပိုင်း၌ ရှိနေနိုင်မည်ဟု ခန့်မှန်းထားသည်။

**ဒေါက်တာရွှေစင်ကို( စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊နန်နင်းမြို့။**

# တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့်ကုန်ထုတ်လုပ်မှုကွန်ရက်ချိတ်ဆက်ခြင်းဆိုင်ရာအစီအစဉ် ထုတ်ပြန်

တရုတ်နိုင်ငံသည် ၎င်း၏အဓိကကုန်ထုတ်လုပ်ငန်းကြီးများ၏ ၇၀ရာခိုင်နှုန်းကို အခြေခံအားဖြင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းကာ ၂၀၂၅ ခုနှစ်တွင် ကွန်ရက်ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ခုအရ သိရသည်။

စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် အခြားဌာနများက ထုတ်ပြန်သည့် အဆိုပါအစီအစဉ်တွင် သတ်မှတ်ထားသောအရွယ်အစားနှင့်အထက်ရှိသော တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားလုံးသည် ၂၀၃၅ ခုနှစ်တွင် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပြီး ကွန်ရက်ချိတ်ဆက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစီအစဉ်အရ တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စက်မှုထိပ်တန်းစမတ်ကုန်ထုတ်လုပ်ရေး သရုပ်ပြစက်ရုံပေါင်း ၅၀၀ ကျော်ကိုတည်ဆောက်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ စမတ်ကုန်ထုတ်လုပ်မှုသည် ရှေ့ပြေးစမ်းသပ်မှုအဆင့်မှ အသုံးချမှုအထိ တိုးတက်လာသော်လည်း အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းထက် နောက်ကျ ကျန်နေသေးကြောင်း၊ ဆန်းသစ်တီထွင်မှု၊ အပလီကေးရှင်း၊ ပံ့ပိုးမှုနှင့် ကူညီမှုများအပါအဝင် စမတ်ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် အထူးလုပ်ဆောင်မှုများ အများအပြားကို အဆိုပါ အစီအစဉ်တွင် အဆိုပြုထားကြောင်း ဖော်ပြထားပါသည်။

**ဒေါက်တာဝေရီလင်း**
**(စီးပွားရေးသံမှူး-ကူမင်း)**

# [illegible]

ယုဇနစံ(DOT)

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံး၍ စီးပွားရေးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်ရာတွင် ကုန်သွယ်မှု တိုးမြှင့်နိုင်ရန်အတွက် ကုန်သွယ်မှု မူဝါဒအသစ်များချမှတ်ခြင်း၊ လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ကုန်သွယ်ရေးနှင့်ပတ်သက်၍ ပြည်တွင်းသာမက ပြည်ပ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် World Trade Organization (WTO)ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ Principles များနှင့်အညီ ဖြေလျှော့မှုများ ဆောင်ရွက်နေကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်ပမှ ဝင်ရောက်လာသည့် သွင်းကုန်ပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထိခိုက်နစ်နာခြင်းမှ သက်သာရာရစေရန် (WTO Trade Remedy / Trade Defense)ဟု ခေါ်သည့် ကုန်သွယ်ရေးဆိုင်ရာ ကုစားမှုများဖြစ်သည့် Safeguard၊ Anti-dumping နှင့် Countervailing Agreements တို့ကို ဥပဒေပြု၍ တွင်တွင်ကျယ်ကျယ် ကျင့်သုံးပြီး အကာအကွယ်ပေးလာကြသည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင် မဖွဲ့စည်းခင် အကောက်ခွန်နှင့်ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူစာချုပ်အား ၁၉၄၇ ခုနှစ်တွင် နိုင်ငံပေါင်း ၂၃ နိုင်ငံဖြင့် စတင်လက်မှတ်ရေးထိုးခဲ့စဉ်ကတည်းက ပါဝင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အကာအကွယ်ပေးမှုအစီအမံဆိုင်ရာ သဘောတူညီချက်အား ဥပဒေပြု၍ အသုံးချခွင့်ရှိသည်။ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပြည်ပမှလွတ်လပ်စွာ စီးဆင်းဝင်ရောက်လာသည့် ကုန်စည်များကြောင့် ပြည်တွင်းအသေးစားနှင့် အလတ်စား ထုတ်လုပ်သူများ ယှဉ်ပြိုင်မှုအခက်အခဲရှိနေချိန် ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ လုံလောက်သော ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးပေးခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်စေရန် အလို့ငှာ ဥပဒေပြဋ္ဌာန်းရန် လိုအပ်လျက်ရှိသည်။

## ဥပဒေပြဋ္ဌာန်းခြင်း

မြန်မာနိုင်ငံသည် ပြည်ပမှ သွင်းကုန်များပြားစွာဝင်ရောက်လာခြင်းကြောင့် ထိခိုက်နစ်နာသည့် ပြည်တွင်းလုပ်ငန်းများအား ယာယီအားဖြင့် ကာကွယ်ပေးနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ကုစားမှုအစီအမံ သုံးရပ်အနက် WTO ၏ Safeguard Agreement အား အခြေခံထား၍ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၅)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေမှာ ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်တွင် အာဏာစတင်အသက်ဝင်ခဲ့ပြီဖြစ်သည်။

## အခြားသောဥပဒေများနှင့် ကွာခြားချက်

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းဖြင့် ပြည်တွင်းလုပ်ငန်းကို ကာကွယ်ပေးခြင်းဖြစ်၍ အခြားသော ဥပဒေများကဲ့သို့ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူခြင်းနည်းလမ်းဖြင့်လည်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ပေ။ ပြည်တွင်းသို့ ဝင်ရောက်လာသော သွင်းကုန်ပမာဏနှင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူတို့၏ ထိခိုက်မှုအတိုင်းအတာများကို စိစစ်သုံးသပ်၍ ပြည်တွင်း ကုန်စည်ထုတ်လုပ်သူ၏ ထိခိုက်နစ်နာမှုအပေါ် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးနိုင်သည့်ဥပဒေဖြစ်ပါသည်။

## ကာကွယ်ပေးမှုအစီအမံ

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေအရ ကျင့်သုံးသည့် ကာကွယ်ပေးမှုအစီအမံဆိုသည်မှာ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်မြင့်တက်လာခြင်းကြောင့် ပြည်တွင်း၌ အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူများ၏လုပ်ငန်းများ အပြင်းအထန် ထိခိုက်နစ်နာမှု သို့မဟုတ် ထိုသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာလျှင် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ကုန်စည်အပေါ် ပုံမှန်ကောက်ခံနေသည့်အကောက်ခွန်နှုန်းထားထက် တိုးမြှင့်ကောက်ခံသော ကနဦးယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ဖြစ်သည်။

## ယာယီကာကွယ်ပေးမှုအကောက်ခွန်

စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း ပဏာမစိစစ် အကဲဖြတ်ချက်အရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၏လုပ်ငန်းများ ထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်ရန် ခက်ခဲသည့်အရေးပေါ် အခြေအနေဖြစ်ပေါ်ပါက ရက်ပေါင်း ၂၀၀ အထိ ယာယီအားဖြင့် ကောက်ခံသည့်အကောက်ခွန်ဖြစ်သည်။

## ကာကွယ်ပေးမှုအကောက်ခွန်

စုံစမ်းစစ်ဆေးမှု အပြီးသတ်စိစစ်တွေ့ရှိချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ပြည်တွင်းလုပ်ငန်းရှင်၏ အမှန်တကယ် ထိခိုက်နစ်နာမှုအပေါ် ကုစားနိုင်ရေး အဆိုပါသွင်းကုန်အပေါ် ချမှတ်သည့် ကာကွယ်ပေးမှု အကောက်ခွန်အား စည်းကြပ်ခြင်းဖြစ်သည်။

## သွင်းကုန်ပမာဏ ကန့်သတ်ခြင်း

စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အား အချိန်ကာလတစ်ခုအထိ တင်သွင်းမှုပမာဏ ကန့်သတ်ခြင်းဖြစ်သည်။ အကယ်၍ စုံစမ်းစစ်ဆေးခြင်းခံရသည့် တင်သွင်းကုန်စည်မှာ တစ်နိုင်ငံတည်းက တင်သွင်းလာခြင်းမဟုတ်ဘဲ နိုင်ငံအသီးသီးက တင်သွင်းလာလျှင် ယင်းနိုင်ငံတို့၏ လွန်ခဲ့သော ပြက္ခဒိန်နှစ်သုံးနှစ်အတွင်း သွင်းကုန် ပမာဏကို ခွဲဝေသတ်မှတ်သွားရန်ဖြစ်သည်။

## ဖွံ့ဖြိုးဆဲနိုင်ငံများအား ကင်းလွတ်ခွင့်ပေးခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းမှုပမာဏ ကန့်သတ်မည်ဆိုလျှင် မိမိတို့၏ပြည်တွင်းသို့ တင်သွင်းမှုပမာဏ စုစုပေါင်း၏ ၃ ရာခိုင်နှုန်းအောက် လျော့နည်းပါက အဆိုပါနိုင်ငံ၏ သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံ ကင်းလွတ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်တွင်းသို့ တင်သွင်းမှုပမာဏစုစုပေါင်း၏ ၃ ရာခိုင်နှုန်းထက် ကျော်လွန်မှသာလျှင် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အား ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတည်းက တင်သွင်းလာခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှ တင်သွင်းလာပါက အဆိုပါဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှ တင်သွင်းမှုပမာဏ၏ စုစုပေါင်းတင်သွင်းမှုသည် ၉ ရာခိုင်နှုန်းအောက် လျော့နည်းပါက သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကင်းလွတ်မည်ဖြစ်သည်။ ၉ ရာခိုင်နှုန်းထက် ကျော်လွန်နေလျှင် အဆိုပါနိုင်ငံများအပေါ် ကာကွယ်ပေးမှု အစီအမံချမှတ်မည်ဖြစ်သည်။

## ဥပဒေအား တာဝန်ယူဆောင်ရွက်ကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ

ဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဖွဲ့စည်းရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ စီးပွားရေးပညာရှင်၊ နိုင်ငံတကာကုန်သွယ်မှု ဥပဒေပညာရှင်နှင့် UMFCCI မှ ဥက္ကဋ္ဌတို့က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်မှုကို တိုင်းတာသည့် စီးပွားရေးဆိုင်ရာအခြေအနေများဖြစ်သော ထုတ်လုပ်မှု၊ ဈေးကွက်အခြေအနေများအပြင် အလုပ်သမားခန့်ထားမှု အစရှိသည့် အခြေအနေများကို စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များအပေါ် အခြေခံစိစစ်၍ ကာကွယ်ပေးမှုအစီအမံများကို ဆုံးဖြတ်ခြင်း၊ ယင်းဆုံးဖြတ်ချက်များကို WTOနှင့် ဒေသတွင်းကုန်သွယ်ရေးသဘောတူညီချက်များနှင့်အညီ အသိပေးအကြောင်းကြားခြင်း၊ လိုအပ်သည့်ကိစ္စရပ်များတွင် ပြည်ပတင်ပို့သူ၊ ထုတ်လုပ်သူ၊ အသင်းအဖွဲ့များနှင့် ပြည်ပနိုင်ငံအစိုးရများထံမှ အချက်အလက် အထောက်အထားများကို သက်ဆိုင်ရာ သံရုံးမှတစ်ဆင့်လည်းကောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း ဆက်သွယ်တောင်းခံခြင်း စသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ကော်မတီသည် ဥပဒေပါပြဋ္ဌာန်းချက်များအား မြေပြင်တွင် လက်တွေ့ဆောင်ရွက်နိုင်စေရန် အမှုတစ်ခုချင်းစီပေါ် မူတည်၍ ကုန်သွယ်ရေးဦးစီးဌာနက ဘာသာရပ်တာဝန်ခံများဖြင့်ဖြစ်စေ၊ ဆက်စပ်ဌာနများမှ ကျွမ်းကျင်သူများနှင့် ကုန်သွယ်ရေးဦးစီးဌာန၏ ဘာသာရပ် တာဝန်ခံများ ပူးပေါင်း၍ဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းပေးမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေး တွေ့ရှိချက်များအား ကုန်သွယ်ရေးဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊ ချမှတ်ထားသည့် ကာကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ အခါအားလျော်စွာ သုံးသပ်ခြင်း၊ သုံးနှစ်ကျော်လွန်သည့် ကာကွယ်ပေးမှုအစီအမံစည်းကြပ်ထားခြင်းဖြစ်ပါက စည်းကြပ်ကာလ သက်တမ်းတစ်ဝက်မတိုင်မီ ဆက်လက်ကျင့်သုံးရန်၊ ဖြေလျှော့ပေးရန် သို့မဟုတ် ရပ်စဲပေးရန် သင့်/မသင့် ပြန်လည်သုံးသပ်ခြင်းစသည်တို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

## စိစစ်အကဲဖြတ်ရမည့် အခြေခံအချက်များ

ပြည်တွင်းလုပ်ငန်းရှင်များ၏ လုပ်ငန်းများထိခိုက်မှု ရှိ/မရှိ စိစစ်အကဲဖြတ်ရာတွင် လွန်ခဲ့သောပြက္ခဒိန်နှစ် သုံးနှစ်အတွင်း မြင့်တက်လာသည့် သွင်းကုန်၏ပမာဏနှင့်နှုန်းထား၊ ပမာဏ မြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သော ဝေစု၊ ရောင်းချမှုအခြေအနေ ပြောင်းလဲလာမှု၊ ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု၊ ထုတ်လုပ်နိုင်စွမ်းအခြေအနေ ပြောင်းလဲမှု၊ အမြတ်နှင့်အရှုံး ပြောင်းလဲမှု၊ အလုပ်သမားခန့်ထားမှု အခြေအနေပြောင်းလဲမှုစသည်တို့အပေါ် အခြေခံမည်ဖြစ်သည်။

## ဆက်စပ်ဥပဒေများ

ဥပဒေကို အကောင်အထည်ဖော်ရာတွင် ယာယီကာကွယ်ပေးမှုအကောက်ခွန်နှင့်ကာကွယ်ပေးမှုအကောက်ခွန်များစည်းကြပ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ရာ အဓိကအားဖြင့် အကောက်ခွန်ဦးစီးဌာန ၏ အကောက်ခွန်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းကြပ်ကောက်ခံရမည်ဖြစ်ပြီး အကောက်ခွန်ပြန်အမ်းခြင်းကိစ္စရပ်များကို ပြည်တွင်းအခွန်များဦးစီးဌာနမှစည်းကြပ်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို စုပေါင်း၍ ကောက်ခံရခြင်းဖြစ်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေများနှင့်အညီ ဆောင်ရွက်မှုများလည်း ပါဝင်နေသည်။

## ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာကိစ္စရပ်များ

ကာကွယ်ပေးမှုအစီအမံ စတင်ကျင့်သုံးပါက အများဆုံး လေးနှစ်အထိ ကျင့်သုံးနိုင်သည်။ ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးနေစဉ်အတွင်း ပြည်တွင်းလုပ်ငန်းရှင်တို့၏လုပ်ငန်းများ ပြန်လည်တိုးတက်စေရန် ဆောင်ရွက်နေသော်လည်း ဆက်လက်ထိခိုက်နေဆဲ အခြေအနေများဖြစ်ပေါ်နေကြောင်း အထောက်အထားများနှင့်အတူ လုပ်ငန်းပြန်လည်တိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ပူးတွဲလျက် တင်ပြလျှောက်ထားပါက ကော်မတီက စိစစ်သုံးသပ်၍ သက်တမ်းတိုးနိုင်သည်။ ကာကွယ်မှုအစီအမံကို သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ်အထိသာ ကျင့်သုံးနိုင်ပါသည်။ သက်တမ်းတိုးအစီအမံ ကျင့်သုံးမှုအား မူလအစီအမံထက် ကျော်လွန်၍ ကျင့်သုံးခွင့်မရှိပါ။

သို့ဖြစ်ပါ၍ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ပြည်တွင်းလုပ်ငန်းရှင်များ၏ အကျိုးစီးပွား ကာကွယ်နိုင်ရန် အစိုးရဌာနများ ပူးပေါင်း၍ စုံစမ်းစစ်ဆေးခြင်း၊ အစီအမံကျင့်သုံးခြင်း၊ WTOနှင့်ဒေသတွင်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်ကလည်း မိမိတို့လုပ်ငန်းများသည် ပြည်ပမှတင်သွင်းလာသည့် ကုန်စည်များကြောင့် ထိခိုက်နစ်နာနေရကြောင်း မှန်ကန်တိကျသော စာရင်းဇယားအချက်အလက်များ စုစည်းခြင်း၊ ကော်မတီသို့ တင်ပြလျှောက်ထားခြင်း၊ သက်ဆိုင်သူများမှ လိုအပ်သော အချက်အလက်များ တောင်းခံသောအခါ ပူးပေါင်းပါဝင်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

သို့မှသာ ဥပဒေသည် မှန်ကန်စွာ အသက်ဝင်လာမည်ဖြစ်ပြီး ပြည်တွင်းကုန်စည်ထုတ်လုပ်သူတို့၏လုပ်ငန်းများ ထိခိုက်နစ်နာမှုကို အတိုင်းအတာတစ်ခုအနေဖြင့် ကုစားပေးနိုင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ တိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပါသည်။

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုသည် နိုင်ငံအသီးသီးတွင် အရေးပါအရာရောက်သည့် အခန်းကဏ္ဍတွင်ရှိ

ငြိမ်းဝေနှင်း(ရန်ကုန်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(Myanmar Trade Organization) သည် အဖွဲ့၏မျှော်မှန်းချက်နှင့်အညီ ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ကျင့်သုံး၍မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးလျက်ရှိပြီး မြန်မာနိုင်ငံအားဒေသတွင်း ကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို ဖြေကြားခြင်း၊ စာကြည့်တိုက်ဖွင့်လှစ်ထားရှိခြင်း၊ အီလက်ထရောနစ် သတင်းအချက်အလက်များ လေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာစာအုပ်၊ စာစောင်နှင့် CD များ ထုတ်လုပ်ဖြန့်ချိခြင်း၊ မြန်မာ့ပို့ကုန်ပြခန်းများ ဖွင့်လှစ်ထားရှိခြင်း၊ ပို့ကုန်ကြော်ငြာလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ကုန်စည်ပြပွဲ ဝန်ဆောင်မှုပေးခြင်း၊ စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးတိုင်ပင်ရန် စီစဉ်ပေးခြင်း၊ စီးပွားရေးပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကုန်သွယ်မှု ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ အမှတ်တရ ပို့ကုန်ပစ္စည်းများရောင်းချခြင်း၊ ဒေသတွင်း ဈေးကွက်များတွင် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ ပြည်တွင်းကုမ္ပဏီများက စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် မြန်မာကုန်သွယ်မှုနှင့် ပို့ကုန်များကို တိုးမြှင့်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို မြန်မာပြည်တွင် ပြုလုပ်သည်ဟူသော တံဆိပ်တပ်နိုင်ရေးအတွက်လည်း ရည်မှန်း၍မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ပြည်တွင်းနေနိုင်ငံသားများဖြင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်(human resources)၊ သဘာဝအရင်းအမြစ် (nature resources)နှင့်ဘဏ္ဍာရေးအရင်းအမြစ်(financial resources) တို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအနှီးများဖြစ်သည်ဟု မျက်မှောက်ခေတ် ဖွံ့ဖြိုးမှုပညာ၊ ပညာရှင်များက သတ်မှတ်လာကြသည်။ ယင်းအရင်းအမြစ် သုံးခုအနက် လူ့စွမ်းအားအရင်းအမြစ်သည် စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါလှပေသည်။ သဘာဝအရင်းအမြစ်၊ ဘဏ္ဍာရေး အရင်းအမြစ် မည်မျှပင်ကြွယ်ဝစေကာမူ စနစ်တကျ ဖော်ထုတ်အသုံးပြုနိုင်စွမ်းရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ဖွံ့ဖြိုးမှုကို မည်သို့မျှအခိုင်အမာ တည်ဆောက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လူမှုစီးပွားရေး ဖွံ့ဖြိုးရေးအတွက် လူ့အရင်းအနှီး(Human Capital)ဖြင့် တည်ဆောက်နေကြခြင်းဖြစ်သည်။

အခြေခံအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုသည် နည်းပညာတိုးတက်မှု (Technological Progress)နှင့်ဆက်စပ်လျက်ရှိသည်။ တစ်ဖန် နည်းပညာတိုးတက်မှုသည် လူ့အရင်းအနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်သော လူ့စွမ်းအား အရင်းအမြစ်အပေါ် မူတည်နေပေသည်။ လူ့အရင်းအနှီးမြှုပ်နှံမှု၏ တိုက်ရိုက်ရရှိသော အကျိုးအမြတ်သည် ပညာရေးနှင့်အမြော်အမြင်၊ အတွေ့အကြုံ ရင့်သန်စေမှုပင်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်သားအင်အား အပိုအလျှံ (Man Power Surplus) ရှိနေတတ်သည်ဖြစ်ရာ ယင်းပိုလျှံလုပ်သားအင်အားကို အပြည့်အဝအသုံးချနိုင်အောင် စွမ်းဆောင်နိုင်ခြင်းကြောင့် လူနေမှုအဆင့်အတန်း (Standard of Living) မြင့်မားမှု အကျိုးရလဒ်ကို ရရှိနိုင်ပေသည်။ လုပ်သားအင်အားစု၏တစ်ဦးချင်း အတွေ့အကြုံ (Individual experience)ကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည် စသည်တို့သည် လူ့အရင်းအနှီး၊ လူ့စွမ်းအားစုဖွံ့ဖြိုးမှု၏ အရင်းအမြစ်များတွင် ပါဝင်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်သည် အရေအတွက်ထက် အရည်အချင်းနှင့်ပို၍ သက်ဆိုင်ပါသည်။ ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် လူဦးရေအနည်းအများအပေါ် မူမတည်ဘဲ အတွေ့အကြုံရင့်ကျက်မှု၊ ကျွမ်းကျင်မှု၊ တီထွင်ကြံဆမှုများအပေါ် မူတည်နေသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးအမြတ်သည် ရုပ်ဝတ္ထုပစ္စည်း ဖွံ့ဖြိုးမှုကဲ့သို့ တိုင်းတာရန်ခက်ခဲလှသည်။ ထို့ကြောင့် အထင်ရှားဆုံးသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ခက်မများတွင် ပညာရေး၊ကျန်းမာရေး၊ လူမှုဝန်ထမ်းနှင့်လူမှုဖူလုံရေးအတွက် စွမ်းဆောင်ချက်လုပ်ငန်းများ ပါဝင်ပါသည်ဟု မျက်မှောက်ခေတ်တွင် အသိအမှတ်ပြုလာကြခြင်းပင်ဖြစ်သည်။

> **ဒေသတစ်ခုတွင် လူဦးရေ ပမာဏသည် ထိုဒေသအတွင်းရှိ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များက မည်မျှ ထောက်ပံ့ပေးနိုင်သည်ဟူသော အချက်အပေါ် မူတည်သည်ကို လက်ခံထားသော်လည်း အချိန်တစ်ချိန်တွင် ၎င်းပမာဏ မည်မျှဆိုသည်ကို အတိအကျဖော်ပြရန် ခဲယဉ်းပေသည်။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတွင်သန္ဓေကာလ(Gestation Period)ကြာရှည်သော်လည်း အကျိုးကျေးဇူးကို အတိုင်းအဆမရှိ ပြန်လည်ခံစားနိုင်ခြင်းပင်ဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်း အရင်းအနှီးတွင်ပျက်စီးယိုယွင်းမှုအရနှစ်စဉ်တန်ဖိုးလျော့စေကာမူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မြှုပ်နှံမှုတွင်မူ ပြုန်းတီးမှု (Depreciation) တန်ဖိုးလျော့နည်းမှုမရှိပေ။ လူ့စွမ်းအားအရင်းအမြစ် မြှုပ်နှံမှုတွင်ရုပ်ဝတ္ထုပစ္စည်းရင်းနှီးမြှုပ်နှံမှုထက် အကျိုးသက်ရောက်မှု ကြီးမားချက်မှာ ဆင့်ပွားအကျိုးသက်ရောက်မှုများရှိခြင်းပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှုပ်နှံမှု၏ရလဒ်များတွင် လုပ်သားတို့၏ အတွေးအခေါ် အမြော်အမြင် အတွေ့အကြုံ မြင့်မားစေခြင်းအပြင် အိမ်ထောင်စုများအကြား ဝင်ငွေဖြန့်ဖြူးမှု (income distribution) ပိုမိုကောင်းမွန်စေခြင်းပင် ဖြစ်သည်။

ခေတ်သစ်လူမှုစီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ပဓာနကျသော လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးစေမှုမှာ အရည်အသွေး တောက်ပြောင်လာလေလေ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်လေလေ ဖြစ်သဖြင့် လူ့ဘောင်တိုးတက်မှုညွှန်းကိန်းများကို ပို၍ မြင့်မားစွာ ရရှိလာကြပေသည်။ မြန်မာနိုင်ငံလူဦးရေကို ကုန်စည်နှင့်ဝန်ဆောင်မှုများအား စားသုံးသူများအဖြစ် လေ့လာရာတွင်ပုဂ္ဂလိက (သို့) အိမ်ထောင်စု စားသုံးမှုနှင့် စုပေါင်း စားသုံးမှုဟူ၍ ခွဲခြားလေ့လာနိုင်သည်။ လူဦးရေ၏ပုဂ္ဂလိက စားသုံးမှုသည် အသက်၊ကျား၊မနှင့်ဒေသအလိုက်ပျံ့နှံ့မှုတို့နှင့်ဆက်နွှယ်နေသည်။ အသက်အရွယ်မတူလျှင် စားသုံးမှုပုံသဏ္ဍာန် ကွာခြားနိုင်ပါသည်။ ကျေးလက်တွင် နေထိုင်သူများနှင့် မြို့ပြတွင် နေထိုင်သူများ၏ စားသုံးမှုပုံသဏ္ဍာန်များ သိသာစွာ ခြားနားသည့်အတွက် ကျေးလက်ဒေသနှင့် မြို့ပြဒေသအကြား လူဦးရေပျံ့နှံ့မှုသည် အလွန်အရေးပါလှသည်။ အိမ်ထောင်စု စားသုံးမှုနှင့်ပတ်သက်၍ အိမ်ထောင်စုများ၏ အရွယ်အစားနှင့် တည်နေရာတို့သည် အရေးပါသော အကြောင်းအချက်များ ဖြစ်သည်။ အရွယ်အစားကြီးသော အိမ်ထောင်စုများနှင့်အရွယ်အစား ငယ်သောအိမ်ထောင်စုများ၏ စားသုံးမှု ပုံသဏ္ဍာန်များ ကွာခြားသည်။ တည်နေရာမတူလျှင်လည်း စားသုံးမှုပုံ သဏ္ဍာန်ချင်း မတူနိုင်ပေ။ လူဦးရေကို ကုန်စည်နှင့်ဝန်ဆောင်မှုများအား စားသုံးသူများအဖြစ် လေ့လာရာတွင် လက်ငင်းစားသုံးမှုသာမက အနာဂတ်စားသုံးမှုကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အကြောင်းမှာ လူဦးရေတိုးတက်မှုသည် အနာဂတ်မျိုးဆက်၏ စားသုံးမှုကို ပြဋ္ဌာန်းပေးနေခြင်းကြောင့်ဖြစ်သည်။ လူဦးရေတိုးတက်သည်နှင့်အမျှ စားသုံးမှု တိုးတက်နေမည်ဖြစ်သောကြောင့် များများထုတ်လုပ်ရမည်။ ထိုအခါ အရင်းအနှီး ပိုမိုလိုအပ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူဦးရေတိုးတက်မှုနှုန်းသည်လည်း စီးပွားရေးအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုနှုန်းကို သတ်မှတ်ပေးသည့် အရေးကြီးသောအချက်တစ်ချက်ပင်ဖြစ်သည်။

ဒေသတစ်ခုတွင် လူဦးရေ ပမာဏသည် ထိုဒေသအတွင်းရှိ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များက မည်မျှထောက်ပံ့ပေးနိုင်သည်ဟူသော အချက်အပေါ် မူတည်သည်ကို လက်ခံထားသော်လည်း အချိန်တစ်ချိန်တွင် ၎င်းပမာဏ မည်မျှဆိုသည်ကို အတိအကျဖော်ပြရန် ခဲယဉ်းပေသည်။ အကြောင်းမှာ နည်းပညာဖွံ့ဖြိုးမှုသည် အမြဲတစေ ဖြစ်ပေါ်နေပြီး ၎င်းက ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေး အရင်းအမြစ်များအား ပိုမိုမြှင့်တင်ပေးနေသည့်အတွက် ၎င်းဒေသ၏အနေတော် လူဦးရေသည်လည်း အမြဲပြောင်းလဲနေမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းကြောင့် လုပ်သားအင်အား ရရှိနိုင်မှုကို လျော့နည်းစေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းစေခြင်း၊ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးမချနိုင်ခြင်းနှင့် သဘာဝအင်အားစုများ၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်ခြင်းတို့ ပေါ်ပေါက်စေလာနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတိုင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။ မျက်မှောက်ကာလ၌မူ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဆင့်တက်ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) ကို တက်လှမ်းလာကြသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရရှိရန်မှာ ဖိနှိပ်မှု၊ ရောဂါဘယဖိစီးမှု၊ ဆင်းရဲငတ်မွတ်မှု၊ အသိပညာ အတတ်ပညာခေါင်းပါးမှုစသည့် ဘေးဒုက္ခများကင်းဝေးမှသာ လူနေမှု အဆင့်အတန်း မြင့်မားစွာဖြင့် ဖွံ့ဖြိုးမှုရည်မှန်းချက်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့အတူ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးမှာလည်း ထိထိရောက်ရောက် အကျိုးရှိနိုင်မည်ဖြစ်ပေသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးက တက်လှမ်းနိုင်ရန် ငြိမ်းချမ်းရေးသည်လည်း မလွဲမသွေရှိဖို့ အထူးလိုအပ်ပြီး လူ့အခွင့်အရေး ပြည့်ဝမှုရှိရေးတွင် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့မှာ မပါမပြီးသည့် အချင်းအရာများပင်ဖြစ်သည်။ ထို့ပြင် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၏ အောင်မြင်မှုလမ်းကြောင်းလည်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကားချက်** - အောင်ကောင်းစုံ

## ကဝမြို့နယ်အတွင်း ပဲတီရွှေဝါ တိုးချဲ့စိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်တွင် ပဲတီရွှေဝါစိုက်ဧက ၆၆၂၄၃၆ ရှိပြီး ကဝမြို့နယ်၌ ပဲတီရွှေဝါစိုက်ဧက ၁၅၈၃၅၄ ရှိသဖြင့် ခရိုင်အတွင်း ကဝမြို့နယ်သည် ပဲတီရွှေဝါအများဆုံး စိုက်ပျိုးသောမြို့နယ်ဖြစ်ကြောင်း သိရသည်။ ယခုအချိန် တောင်သူများ မိုးစပါးရိတ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် ပဲတီရွှေဝါများကို အချိန်မီ စိုက်ပျိုးနိုင်ရန် မြေပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ မျိုးစေ့ချခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည့်အတွက် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

စိုက်ပျိုးသည့် ပဲတီရွှေဝါမျိုးမှာ အထွက်နှုန်းကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးမျိုးနှင့် ရေဆင်း ၉ မျိုးတို့ဖြစ်ကြောင်း သိရှိရသည်။ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အဆင့်အားလုံးတွင် မြစ်ဆွေးမြစ်ခြောက်ရောဂါပိုး ကျရောက်တတ်သောကြောင့် မှိုသတ်ဆေးများကိုလည်းကောင်း၊ ယခုအချိန်တွင် ရာသီဥတုကြောင့် အပင်ဖျက် ပိုင်းရပ်စ်ပိုးများ ဝင်ရောက်နိုင်သည့်အတွက် ပဲစိုက်တောင်သူ ဦးကြီးများအနေဖြင့် ကျရောက်လျက်ရှိသော ပိုင်းရပ်စ်သယ်ဆောင်သည့် အင်းဆက်ပိုးမွှားများကို စဉ်ဆက်မပြတ် စောင့်ကြည့်၍ သင့်လျော်သည့် ပိုးသတ်ဆေးများကို အသုံးပြုနှိမ်နင်းရကြောင်း သိရှိရသည်။

ပဲတီရွှေဝါ တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၂၈၅၀၀၀ ခန့်ရှိပြီး တစ်ဧကလျှင် ၁၃ တင်းနှုန်းထွက်ရှိသည်။ ယခင်နှစ် ပဲပေါ်ချိန်တွင် ပဲတီရွှေဝါတစ်တင်းလျှင် ကျပ် ၃၅၀၀၀ နှုန်း ရောင်းချရသောကြောင့် တောင်သူဦးကြီးများအနေဖြင့် တစ်ဧကလျှင် အကျိုးအမြတ် ကျပ် ၁၇၀၀၀၀ ရရှိကြောင်း သိရှိရသည်။ ယခင်နှစ်၏ အကျိုးအမြတ်များ ရရှိခဲ့မှုကြောင့် ပဲခူးခရိုင် ကဝမြို့နယ်ရှိ တောင်သူဦးကြီးများသည် ပဲတီရွှေဝါကို ယခင်နှစ်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။ **ခိုင်ရွှေဇင်(ပဲခူး)**

# ၂၀၂၁ ခုနှစ်အတွက် Globe Soccer Awards ဆုချီးမြှင့်

၂၀၂၁ ခုနှစ်အတွက် Globe Soccer Awards ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင်ကျင်းပခဲ့ရာ အကောင်းဆုံးကစားသမားဆုကို ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး ဘာပေကရရှိခဲ့ပြီး ပရိသတ်များရွေးချယ်သည့် အကောင်းဆုံး ကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်လက်ရွေးစင် တိုက်စစ်မှူး လီဝန်ဒေါစကီးက ရရှိခဲ့သည်။





ယခုနှစ်ကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ်အတွက် Globe Soccer Awards ဆုချီးမြှင့်ပွဲတွင် ပုံမှန်ပေးနေကျ ဆုအမျိုးအစားများအပြင် ဆုတံဆိပ်အသစ်အချို့ကိုလည်း ထပ်တိုးချီးမြှင့်ခဲ့သည်။

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါစကီးသည် အကောင်းဆုံးကစားသမားဆုနှင့် လွဲချော်ခဲ့ရသော်လည်း အကောင်းဆုံးဂိုးသွင်းရှင်အဖြစ် သတ်မှတ်ချီးမြှင့်သည့် Maradona Award နှင့် ပရိသတ်များက ရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ အလားတူ ဂုဏ်ထူးဆောင်ကစားသမားဆုကိုမူ ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း ရော်နယ်လ်ဒင်ဟိုက ရရှိခဲ့သည်။

Globe Soccer Awards မှ ချီးမြှင့်သည့် အကောင်းဆုံးကစားသမားဆု ခြောက်ကြိမ်ရရှိထားသည့် မန်ယူအသင်းမှ ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ယခုနှစ်တွင်မူ ထာဝရဂိုးသွင်းအများဆုံး ကစားသမားဆုကိုသာ ရရှိခဲ့သည်။ အကောင်းဆုံးနည်းပြဆုကိုမူ အီတလီလက်ရွေးစင်အသင်းနည်းပြ မန်စီနီက ရရှိခဲ့ပြီး အကောင်းဆုံးလက်ရွေးစင်အသင်းဆုကို အီတလီအသင်းက ရရှိခဲ့ကြောင်း သိရသည်။

**2021 Globe Soccer Awards ဆု ချီးမြှင့်ပွဲတွင် ဆုရရှိသူများ**

| | |
|---|---|
| - အကောင်းဆုံးကစားသမားဆု | **ဘာပေ** |
| - ပရိသတ်များရွေးချယ်သည့် အကောင်းဆုံးကစားသမားဆု | **လီဝန်ဒေါစကီး** |
| - Maradona Award | **လီဝန်ဒေါစကီး** |
| - ထာဝရဂိုးသွင်းအများဆုံးကစားသမားဆု | **စီရိုနယ်ဒို** |
| - အကောင်းဆုံးနည်းပြဆု | **မန်စီနီ** |
| - အကောင်းဆုံးလက်ရွေးစင်အသင်း | **အီတလီ** |
| - အကောင်းဆုံးအေးဂျင့် | **ပါစတိုရယ်လို** |
| - အကောင်းဆုံး အားကစားဒါရိုက်တာ | **ဘီဂီရိစတိန်း(မန်စီးတီး)** |
| - အကောင်းဆုံးကလပ်အသင်း(အမျိုးသား) | **ချယ်လ်ဆီး** |
| - အကောင်းဆုံးကလပ်အသင်း(အမျိုးသမီး) | **ဘာစီလိုနာ** |
| - အကောင်းဆုံးနောက်ခံလူ | **ဘိုနူချီ** |
| - အကောင်းဆုံးဂိုးသမား | **ဒွန်နာရမ်မာ** |
| - အကောင်းဆုံးအမျိုးသမီး ကစားသမားဆု | **အလက်ဇီယာပူတဲလက်စ် (ဘာစီလိုနာ)** |
| - ဆန်းသစ်တီထွင်ဆု | **စီးရီးအေ (VAR ကို စတင်အသုံးပြုသည့်လိဂ်)** |
| - အကောင်းဆုံး eSports ကစားသမားဆု | **Msdossary7** |
| - ဂုဏ်ထူးဆောင်ကစားသမားဆု | **ရော်နယ်လ်ဒင်ဟို** |
| - အာဖရိကမှအကောင်းဆုံးအကယ်ဒမီဆု | **ZED FC(အီဂျစ်)** |

# ပရီးမီးယားလိဂ်ရပ်ဝန်းတွင် ကိုဗစ်ကူးစက်ခံရသူ ၁၀၀ ကျော်အထိရှိလာ


အင်္ဂလန် ပရီးမီးယားလိဂ် ရပ်ဝန်းတွင် ကစားသမားနှင့် ဝန်ထမ်းများအပါအဝင် ၁၀၃ ဦးသည် ကိုဗစ်ရောဂါပိုး ကူးစက်ခံနေရကြောင်း ဒီဇင်ဘာ ၂၇ ရက်တွင် အက်ဖ်အေက တရားဝင်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဒီဇင်ဘာလ တတိယပတ်တွင် ဆေးစစ်မှုများအရ ပရီးမီးယားလိဂ် အသင်းပေါင်း ၂၀မှ ကစားသမား ၉၀ ဦးမှာ ကိုဗစ်ရောဂါ ကူးစက်ခံနေရကြောင်း သိရှိခဲ့ရပြီးနောက် တစ်ပတ်နီးပါးအကြာတွင် ရောဂါပိုးကူးစက်သူဦးရေ ပိုမိုများပြားလာပြီး ၁၀၀ ကျော်အထိ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ပရီးမီးယားလိဂ်မှ ကစားသမားများနှင့် ဝန်ထမ်းများအပါ ၁၅၁၈၆ ဦးကို ဆေးစစ်မှုပြုလုပ်ခဲ့ရာတွင် ယခုကဲ့သို့ ကစားသမားပေါင်း ၁၀၀ ကျော်တွင် ရောဂါပိုး တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အသင်းတစ်သင်းတွင် ကစားသမား ၁၃ ဦးနှင့် ဂိုးသမားတစ်ဦး ကျန်ရှိနေမည်ဆိုပါက ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်စေမည်ဟု ဆုံးဖြတ်ထားသော်လည်း လီဗာပူး အပါအဝင် တချို့အသင်းများတွင် အသင်း၌ အားကိုးနေရသည့် အဓိက ကစားသမား ခုနစ်ဦးခန့်အထိ ပါဝင်နိုင်ခြင်း မရှိမှုက အသင်း၏ ရလဒ်ပိုင်းကို ထိခိုက်စေမည်ဖြစ်ခြင်းကြောင့် ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်မှာ ဝေဖန်မှုများဖြင့် ကြုံတွေ့နေရသည်။

ထို့ကြောင့် ဒီဇင်ဘာလကုန်ပိုင်းတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲများ ဆက်လက်ကျင်းပရေး၊ မကျင်းပရေးကို အလေးအနက်ထားကာ ပြန်လည်ဆွေးနွေး သုံးသပ်သွားမည်ဟု သိရသည်။




ဟန်နေသစ် စုစည်းသည်




# ဖာရင်တောရက်စ်ကို ဘာစီလိုနာ ခေါ်ယူ

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းမှ စပိန်တိုက်စစ်မှူး ဖာရင်တောရက်စ်ကို အပြီးသတ် ခေါ်ယူ စာချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အဆိုပါ အသက်(၂၁)နှစ်ရှိ တိုက်စစ်မှူး ဖာရင်တောရက်စ်ကို ဒီဇင်ဘာ ၂၉ ရက်က ယူရို ၅၅ သန်းဖြင့်ခေါ်ယူကာ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖာရင်တောရက်စ်သည် ဇန်နဝါရီ ၁ ရက်၌ ဘာစီလိုနာအသင်း၏ တရားဝင်ကစားသမား ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဖာရင်တောရက်စ်သည် ဇန်နဝါရီ ၂ ရက်တွင် မယ်လော့ကာအသင်းနှင့် ကစားရမည့် ဘာစီလိုနာအသင်း၏ ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ဖာရင်တောရက်စ်ကို ဗလန်စီယာ လူငယ်အသင်းမှ မွေးထုတ်ပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဗလန်စီယာအသင်းကြီး၌ ပါဝင်ကစားခွင့် ရရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

*၁။ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ပရီးမီးယားလိဂ်ကလပ် လိဒ်ယူနိုက်တက်အသင်းမှ ဘရာဇီး တောင်ပံကစားသမား ရာဖင်ဟာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။*

*၂။ နယူးကာဆယ်အသင်းသည် ဘာစီလိုနာအသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် နောက်ခံကစားသမား အမ်တီတီကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။*

*၃။ ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ နောက်ခံကစားသမားဟောင်းဖြစ်သူ ဂျွန်တယ်ရီကို လူငယ်အကယ်ဒမီသင်တန်းကျောင်းတွင် နည်းပြအကြံပေးအဖြစ် ခန့်အပ်လိုက်ပြီဖြစ် ကြောင်း သိရသည်။*

*၄။ အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်ယူအပါအဝင် ဥရောပထိပ်တန်းအသင်းကြီးများ၏ ခေါ်ယူရန် စိတ်ဝင်စားခြင်းကို ခံနေရသည့် ဟာလန်းသည် လာမည့် ဘောလုံးရာသီတွင် လက်ရှိကစားနေသည့် ဒေါ့မွန်အသင်း၌သာဆက်နေရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။*

# [illegible]

စောသန်းထိုက်ကျော်

ထုတ်ကုန်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားက ဆိုသည့်အတိုင်း ထုတ်ကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြပေးခြင်းကြောင့် စားသုံးသူများအနေဖြင့် ထုတ်ကုန်များအပေါ် ယုံကြည်စိတ်ချမှုရှိမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိ၏ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ရာ စားသုံးသူများ၏ ယုံကြည်စိတ်ချရမှုကိုရစေပြီး စီးပွားရေးလည်း ဖြစ်ထွန်းမည်ဖြစ်သည်။

စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိခွင့် ရှိရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံချက်၊ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များကိုပေးရန် တာဝန်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်သည် မိမိထုတ်လုပ်သည့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပေးခြင်းသည် ရိုးရှင်းမှန်ကန်သော သတင်းအချက်လက်များပေးခြင်းဖြစ်သည်။ သို့မှသာ စားသုံးသူသည် ကုန်စည်များ၏ သုံးစွဲပုံများ အပါအဝင် သိသင့်သိထိုက်သည့် အချက်အလက်များကို ပြည့်ပြည့်စုံစုံ သိရှိရသဖြင့် ၎င်းကုန်စည်ကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်မည်ဖြစ်၍ စိတ်ကျေနပ်မှု ရရှိစေမည်ဖြစ်သည်။

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၄၁အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကုန်စည်၏အမှတ်တံဆိပ်၊ ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပြည်တွင်းသို့ တင်သွင်းလာသောကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှကုန်စည်များ တင်သွင်းပြီး ပြန်လည်ထုတ်ပိုးသည့်နေရာ၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှုအချိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များကို သိသာထင်ရှားစွာ ဖော်ပြရပါမည်။ ပုဒ်မ ၄၂ အရ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင်သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သိပ္ပံနည်းကျ သုတေသနပြု ဆောင်ရွက်ချက်နှင့် ကျန်းမာရေးဆိုင်ရာ အာမခံချက်များ ဖော်ပြနိုင်ပါသည်။

ပုဒ်မ ၄၃ အရ ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင် ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်တို့ကို ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရပါမည်။ ဥပဒေပါစကားရပ်ဖြင့် တင်ပြထားခြင်းဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအတွက် အလွယ်တကူ နားမလည်နိုင်ခြင်းဖြစ်နိုင်ပါသည်။ အများနားလည်စေနိုင်မည့် အရပ်စကားဖြင့် ပြောရမည်ဆိုလျှင် ဤအပိုဒ်ပါ အချက်များကို ကုန်အညွှန်းအမှတ်အသား ဖော်ပြရာ၌ အခြားမည်သည့် ဘာသာစကားဖြင့် ဖော်ပြထားစေကာမူ မြန်မာဘာသာဖြင့်လည်း မဖြစ်မနေ ဖော်ပြရပါမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများကို မြန်မာဘာသာဖြင့်ဖော်ပြရာ၌ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကုန်စည်အမျိုးအစားအလိုက် အသေးစိတ် ညွှန်ကြားချက်ကို မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ၃-၁၂-၂၀၁၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်၏ ညွှန်ကြားချက်ကို စီးပွားရေးလုပ်ငန်းရှင်များသို့ ဖြန့်ဝေထားပြီးဖြစ်သည်။

ကုန်အညွှန်းအမှတ်အသားများကို မြန်မာဘာသာဖြင့်ဖော်ပြခြင်းနှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတစ်ခုမှ အတွေ့အကြုံကို မျှဝေဖော်ပြလိုပါသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက မိမိတို့ တောင်ငူခရိုင် မြို့နယ်တစ်ခုတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပေးရန် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ဒေသထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့်လုပ်ငန်းရှင်တစ်ဦးက ကုန်အညွှန်းအမှတ်အသားများကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်းသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီပါကြောင်း၊ ယခုအခါ အင်္ဂလိပ်စာတတ်ကျွမ်းသူများ ပေါများလာပြီဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။ ၎င်းလုပ်ငန်းရှင်သည် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖော်ပြခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်းဖြစ်သည်ဟုတိုက်ရိုက်မပြောသော်လည်း ထိုသို့အဓိပ္ပာယ်သက်ရောက်သည့် တင်ပြချက်ဖြစ်ပါသည်။

၎င်းလုပ်ငန်းရှင်၏ တင်ပြချက်သည် တစ်ချိန်တစ်ခါက မှန်ကောင်းမှန်နိုင်ပါသည်။ တစ်ချိန်ကတော့ အင်္ဂလိပ်စာပါလျှင် နိုင်ငံခြားဖြစ်ဟုဆိုကာ ဝယ်ယူသုံးစွဲမှုများရှိခဲ့ဖူးသည်ဟု သိရပါသည်။ ယခုလည်း ထိုကဲ့သို့ အစွဲရှိသူများ ရှိနေဦးမည်သာဖြစ်ပါသည်။ ယနေ့ခေတ်လူငယ်များသည် ကျောင်းစတက်စဉ် သူငယ်တန်းကတည်းက အင်္ဂလိပ်စာနှင့် ရင်းနှီးခဲ့သည်မှာ မှန်သော်လည်း လုပ်ငန်းခွင်သို့ရောက်သောအခါ အင်္ဂလိပ်စာနှင့်ဝေးကွာသွားရသည်မှာ အများစုဖြစ်ပါသည်။ လူငယ်အတော်များများသည် အင်တာနက်အသုံးပြုနေကြသည်ဖြစ်ရာ အွန်လိုင်းမှ ဗဟုသုတများကို အတန်အသင့် ရရှိကြသူများဖြစ်သည်။

ယနေ့လူငယ်များသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဗဟုသုတများကိုလည်း အတော်အသင့်ရရှိနေကြပြီးဖြစ်ရာ ကုန်စည်များကိုလည်း အရည်အသွေးကိုဦးစားပေး၍ ရွေးချယ် ဝယ်ယူတတ်လာကြပြီဖြစ်သည်။ ဤအခြေအနေတွင် ကုန်အညွှန်းအမှတ်အသားကို မြန်မာဘာသာဖြင့် ဖော်ပြခြင်းက စားသုံးသူများအတွက် ပိုမိုလွယ်ကူရှင်းလင်းစွာသိမြင်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းရှင်အတွက်လည်း အကျိုးပိုမိုဖြစ်ထွန်းနိုင်ပါကြောင်း ရှင်းပြခဲ့သည်။ မိမိတို့၏ရှင်းလင်းပြောကြားချက်ကို ၎င်းလုပ်ငန်းရှင် နားလည်သွားမည်ထင်ပါသည်။ နောင်တွင် ဈေးကွက်အတွင်း ကွင်းဆင်းလေ့လာသည့်အခါတွင် ၎င်း၏ထုတ်ကုန်သည် မြန်မာဘာသာပါဝင်သော ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖြင့် ဈေးကွက်တွင်း ဖြန့်ဖြူးရောင်းချလျက်ရှိနေသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ရပါသည်။

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းသည် သာမန်အားဖြင့် ခက်ခဲသောကိစ္စမဟုတ်သော်လည်း အချို့သော လုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရခြင်းဟူသော အတွေးအမြင်ကြောင့် အများအယွင်းဖြစ်မည်ကို စိုးရိမ်သည့် အနေအထားတွင် ရှိနေကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသား မှန်ကန်စွာ ဖော်ပြနိုင်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးများနှင့် မြို့နယ်တာဝန်ခံရုံးများသို့ အကူအညီတောင်းခံနိုင်ပါသည်။ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းအပါအဝင် စားသုံးသူရေးရာကိစ္စများအားလုံးကို အကူအညီတောင်းခံလာပါက ဌာနဝန်ထမ်းများအနေဖြင့် အကူအညီပေးရန် အသင့်ရှိနေပါသည်။

တောင်ငူခရိုင်အတွင်း ဒေသထွက်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ကုန်အညွှန်း အမှတ်အသား မှန်ကန်စွာဖော်ပြနိုင်ရေးအတွက် တောင်ငူခရိုင် ဦးစီးမှူးရုံးသို့ လာရောက် မေးမြန်းစုံစမ်းရာ ၎င်းလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ပါဝင်ရမည့်စာသားများကို ရှင်းလင်းပြောပြပါသည်။ ထို့နောက် ၎င်းစာသားများပါဝင်သည့် ကုန်အမှတ်တံဆိပ် နမူနာကို ပြန်လည်တင်ပြစေပြီး ၎င်းကုန်အညွှန်းအမှတ်အသားသည် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ တင်ပြဆောင်ရွက်ပေးပါသည်။ ယခုအခါ တောင်ငူခရိုင်မှ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းရှင် ၉၀ သည် ၎င်းတို့ထုတ်လုပ်သည့် ကုန်စည်များအား ကုန်အညွှန်းအမှတ်အသား စိစစ်ပေးနိုင်ပါရန် တင်ပြခဲ့သဖြင့် စိစစ်ပေးပြီးဖြစ်ပါသည်။ မိမိအစီအစဉ်ဖြင့် ဖော်ပြသည့်လုပ်ငန်းရှင်များလည်းရှိပါသည်။ ဥပဒေနှင့် ညီညွတ်ရန်သာ အဓိကဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ထုတ်ကုန်များကို ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြခြင်းဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို စားသုံးသူအတွက်လည်း အကျိုးရှိ မိမိလည်း စားသုံးသူယုံကြည်စိတ်ချမှုရှိ၍ လုပ်ငန်းအောင်မြင်မည်ဖြစ်ပြီး စီးပွားတိုးမည်ဖြစ်ပါသည်။ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းအပါအဝင် စားသုံးသူရေးရာကိစ္စအားလုံးတွင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများမှ အကူအညီပေးရန် အသင့်ရှိနေပါသဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြနိုင်ရေးအတွက် လုပ်ငန်းရှင်များမှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလိုက်ရပါသည်။

# အိန္ဒိယနိုင်ငံက ပဲစင်းငုံနှင့်မတ်ပဲ တင်သွင်းခွင့်ပြုသည့်ကာလ တိုးမြှင့်

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အား ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of Loading ထုတ်ပေးခြင်းကို ၃၁-၁၂-၂၀၂၁ ရက်အထိလည်းကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၁-၁- ၂၀၂၂ ရက် နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့သည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀-၁၂-၂၀၂၁ ရက်တွင် ပဲတီစိမ်းတင်သွင်းမှုအတွက် အမိန့်ကြော်ငြာစာ အမှတ် S.O.5317(E) ကိုလည်းကောင်း၊ မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းခြင်းအတွက် အမိန့်ကြော်ငြာစာအမှတ် S.O.5318(E) အားလည်းကောင်း ထုတ်ပြန်လျက် အဆိုပါပဲများအား လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလကို ၃၁-၃-၂၀၂၂ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။ အဆိုပါ အမိန့်ကြော်ငြာစာများတွင် ၃၁-၃-၂၀၂၂ရက် မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Loading ထုတ်ပေးခဲ့ပါက အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းများကို ၃၀-၆-၂၀၂၂ ရက် နောက်ဆုံးထား၍ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယအစိုးရက အဓိက ပဲသုံးမျိုးအား လွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ခဲ့မှုအပေါ် ပဲကုန်သည်အသိုင်းအဝိုင်းက ကြိုဆိုလျက်ရှိကြသော်လည်း ပြည်ပမှပဲများ ဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်လာပါက ၎င်းတို့၏ဝင်ငွေရရှိမှုအား ထိခိုက်မှုရှိလာနိုင်မည့်အရေးကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများက စိုးရိမ်မကင်း ဖြစ်ပေါ်လျက်ရှိကြသည်။

Kalaburgiမြို့ရှိ ကာနာတကာပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်းဥက္ကဋ္ဌ Mr Basavaraj Ingin က အစိုးရ၏ ယခုဆောင်ရွက်ချက်မှာ ကောင်းမွန်သည့် ဆုံးဖြတ်ချက်ဟု မဆိုနိုင်ကြောင်း၊ ပဲများ လွတ်လပ်စွာ တင်သွင်းခွင့်ပြုခြင်းသည် ယခုနှစ်၌ စိုက်ပျိုးထုတ်လုပ်သူများအတွက် ထိခိုက်မှုဖြစ်စေရုံသာမက နောင်လာမည့် သီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ကိုလည်း သက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် အရေးအတွက်အရ ကန့်သတ်မှုအချို့ကို လုပ်ဆောင်သင့်ကြောင်း ပြောဆိုသည်။

တန်ဇန်းနီးယားနိုင်ငံ ပဲမျိုးစုံကွန်ရက် (Tanzania Pulses Network)၌ တွဲဖက်ပူးပေါင်းဆောင်ရွက်ရေးမှူးအဖြစ် တာဝန်ယူလျက်ရှိသော Mr Zirack Andrewက အိန္ဒိယအစိုးရ၏ ပဲများ လွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ကြောင်း ကြေညာချက်မှာ ၎င်းတို့အတွက် သတင်းကောင်းပင်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နောက်၌ အိန္ဒိယ၏ တတိယမြောက် ပဲအများဆုံးတင်သွင်းရာ နိုင်ငံအဖြစ် ရောက်ရှိလာခဲ့သော တန်ဇန်းနီးယားရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် အိန္ဒိယနိုင်ငံနှင့်ဆက်စပ်၍ စီးပွားရေးလုပ်ဆောင်ရန် ယုံကြည်မှုကို ပြန်လည်မြှင့်တင်ရာ၌အထောက်အကူပြုကြောင်း ပြောဆိုသည်။

မြန်မာနိုင်ငံ၌ ပဲမျိုးစုံတင်ပို့မှုကို လုပ်ဆောင်လျက်ရှိသော OATA ကုန်သည်အသင်းဥက္ကဋ္ဌ MrVatsalLilani ကလည်း အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် ကုန်သွယ်မှုလုပ်ငန်းများ တည်ငြိမ်မှုရရှိစေသကဲ့သို့ စဉ်ဆက်မပြတ် ကုန်စည် ပို့ဆောင်နိုင်ရေးအတွက်လည်း အထောက်အပံ့ပြုကြောင်း၊ ထို့ပြင် အိန္ဒိယနှင့်ပဲ တင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်မှုကိုလည်း သေချာခိုင်မာစေကြောင်း၊ အိန္ဒိယအာဏာပိုင်များ၏ ယခုကဲ့သို့ လက်တွေ့ကျသော ကုန်သွယ်ရေးမူဝါဒချမှတ်ဖော်ဆောင်မှုကို မြန်မာကုန်သည်အသိုင်းအဝိုင်းကလည်း ဝမ်းမြောက်စွာ ကြိုဆိုကြောင်းဖြင့် ပြောဆိုသည်။ **နေအေးလွင်(စီးပွားရေးသံမှူး)**

**မြန်မာသံရုံး၊ နယူးဒေလီမြို့။**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Using Internet Banking Services
Account Transfer (တရင်းအချင်းချင်း) ငွေလွှဲပြောင်းနိုင်ခြင်း
Mobile Topup (ဖုန်းဘေလ်) ဖြည့်သွင်းခြင်း
Cardless ATM Withdrawl (ATM တွင် ကတ်မဲ့ငွေ ထုတ်ယူနိုင်ရန် ငွေလွှဲခြင်း)
Remittance (ငွေလွှဲ)
Credit Card Payment
Tax Payment (အခွန်ပေးသွင်းခြင်း)
မှန်သည် မြန်သည် မြဝတီ
MPU UnionPay JCB
Phone No : (01) 2301367, 2301368, 2301452, 2301378
Using Mobile Banking Services
Account Transfer (တရင်းအချင်းချင်း) ငွေလွှဲပြောင်းနိုင်ခြင်း
Mobile Topup (ဖုန်းဘေလ်) ဖြည့်သွင်းခြင်း
Cardless ATM Withdrawl (ATM တွင် ကတ်မဲ့ငွေ ထုတ်ယူနိုင်ရန် ငွေလွှဲခြင်း)
Remittance (ငွေလွှဲ)
Credit Card Payment


အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်ဖို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555



MCPL
မြန်မာစီပီလိုက်(ဗ်)စတော့(ခ်)ကုမ္ပဏီလီမိတက်
ခေတ်မီသောနည်းပညာအသစ်၊ အကောင်းဆုံးအရည်အသွေး
လျှင်မြန်သောဝန်ဆောင်မှု၊ သေသပ်သောထုပ်ပိုးမှု
အကောင်းဆုံးမွေးမြူရေးအစာ
အသားတိုးကြက်စာ
ဥစားကြက်စာ
ဝက်စာ
CP
910 SP
HI-GRO
610 SP BROILER STARTER
CP
924
HI-GRO
624 LAYER FEED
CP
950KP
HI-GRO
650KP
ရန်ကုန် - ပြည်လမ်း၊ ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း - ၀၉ ၅၀၃ ၉၉၇၆၊ ၀၉ ၇၃၁ ၈၂၅၇၀
မန္တလေး - ကွင်းအမှတ် (၁၃၂၇)၊ တံတားဦးလေဆိပ်လမ်း၊ ခင်လူးလေးကျေးရွာ၊ စကားအင်းကျေးရွာအုပ်စု၊ တံတားဦးမြို့နယ်။ ဖုန်း - ၀၉ ၄၄၈ ၅၃၈ ၆၉၆၊ ၀၉ ၉၇၀ ၈၉၁ ၆၃၆
တောင်ကြီး - အမှတ်(၇/၆၇) စွယ်တော်လမ်းနှင့် နွယ်သာဂီလမ်းထောင့်၊ ရပ်ကွက် (၂)၊ အေးသာယာစက်မှုဇုန်။ ဖုန်း - ၀၈၁ ၂၁၂ ၇၅၈၉၊ ၀၉ ၂၅၄ ၃၇၂ ၈၀၂




10th IMPACT anniversary
သီတင်းကျွတ် ဂါရဝ လက်ဆောင်မွန်
HAI HA
HAIHACO
ဂါရဝ လက်ဆောင်မွန်
Hotline 09 400 600 880

COMMERCE
INTERNATIONAL





# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန့်သတ်စာရင်း ငါးနှစ်ဆက်တိုက် တရုတ်လျှော့ချ

ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို ကျော်လွန်၍ တစ်ကမ္ဘာလုံးသို့ စီးပွားရေးလွှမ်းခြုံနိုင်ရန် ကြိုးပမ်းနေသော်လည်း စီးပွားရေးတံခါးများကို ပိုမိုဖွင့်လှစ်ခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရည်အသွေးများကို အကောင်းဆုံးမြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ကန့်သတ်စာရင်းနှစ်ခုကို ဒီဇင်ဘာ ၂၆ ရက်က ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ကန့်သတ်စာရင်းများကို ယခုကဲ့သို့ ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် နိုင်ငံ၏ ကန့်သတ်စာရင်းနှင့် ရွှေ့ပြောင်းလွတ်လပ်သောကုန်သွယ်မှုဇုန် (Free Trade Zone - FTZ) ကန့်သတ်စာရင်းကို ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ကန့်သတ်ထားသော လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်ကို ၂၀၂၀ ပြည့်နှစ်က ၃၃ ခု ကန့်သတ်ခဲ့သည်။ သို့သော် ယခုအကြိမ်တွင် ၃၁ ခုအထိ လျှော့ချသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission - NDRC) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပူးတွဲထုတ်ပြန်သော ကြေညာချက်အရ သိရသည်။ အဆိုပါ ကန့်သတ်စာရင်းအသစ် နှစ်ခုမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အသက်ဝင်လာမည်ဖြစ်ကြောင်း သိရသည်။

စာရင်းအသစ်များတွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံနေသည့် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီများအပေါ် သတ်မှတ်ထားသော နိုင်ငံခြားပိုင်ဆိုင်မှုကိုလည်း ဖယ်ရှားသွားမည်ဟု ဆိုသည်။ ထို့ပြင် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ပိုင်ဆိုင်မှုကိုလည်း ၃၃ ရာခိုင်နှုန်းထက် မကျော်လွန်သင့်ကြောင်းနှင့် ဥပဒေကိုယ်စားလှယ်များအတွက်ကိုမူ တရုတ်နိုင်ငံသားများကိုသာ ထားရှိရမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် တရုတ်နိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအား တားမြစ်ထားသောကဏ္ဍအရေအတွက်ကိုလည်း သိသိသာသာ လျှော့ချလျက်ရှိနေသည်။ ထို့ပြင် တံခါးဖွင့် စီးပွားရေးကဏ္ဍတွင် အဓိကကျသော အစီအမံအရေအတွက်ကို ငွေကြေးနှင့် မော်တော်ကား အပါအဝင် လုပ်ငန်းများ မိတ်ဆက်ပေးလျက်ရှိကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ကျယ်ပြန့်စွာ ဖော်ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာနယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၂၀ ပြည့်နှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၃၄ ဘီလီယံအထိသာ ရရှိခဲ့သော်လည်း ကမ္ဘာ့ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**Ref : Xinhua**



## BMW က အဆင့်မြှင့်တင်ထားသည့် စက်ရုံများ တရုတ်တွင် ဖွင့်လှစ်မည်

ဂျာမနီအခြေစိုက် ဇိမ်ခံကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခု ဖြစ်သည့် BMW သည် ဥရောပတွင်သာမကဘဲ အာရှတွင်လည်း ဈေးကွက်ချဲ့ထွင်ပြီး မော်တော်ကားများ ထုတ်လုပ်လျက်ရှိရာ ယခုအချိန်တွင် ၎င်း၏ လုပ်ငန်းများကို တရုတ်နိုင်ငံတွင် ချဲ့ထွင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

BMW အနေဖြင့် တရုတ်ဈေးကွက်ကို ဝင်ရောက်ထိုးဖောက်နိုင်ရေးအတွက် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ်ရှိ စိန်ရန်မြို့နှင့် ကျန်းကျားကန်းမြို့တို့တွင် အဆင့်မြှင့်တင်ထားသည့် စက်ရုံသုံးခုကို ၂၀၂၂ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဟုဆိုသည်။

သို့သော် လက်ရှိကာလတွင် အိုမီခရွန်ကူးစက်မှုက မြင့်တက်နေခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများကိုပါ ထိခိုက်မှုရှိလာခဲ့သည်။ ယင်းအခြေအနေများကြောင့် BMW အနေဖြင့် တရုတ်နိုင်ငံရှိ ၎င်းတို့၏စက်ရုံများကို ၂၀၂၂ ခုနှစ် ပထမသုံးလပတ် ကာလအတွင်း၌ပင် စတင်လည်ပတ်နိုင်ရန် ပြင်ဆင်ထားသော်လည်း စတင်နိုင်မည့် အချိန်ကာလကို အတိအကျ ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

BMW မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် အဆင့်မြှင့်တင်ထားသည့် စက်ရုံများတွင် ဂျာမနီအခြေစိုက်ထုတ်လုပ်သည့် မော်တော်ကားများအတိုင်းပင် အရည်အသွေးကို ဦးစားပေး လုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

**Ref : Xinhua**

## အိုမီခရွန်ကြောင့် လေယာဉ်လိုင်းပေါင်း ၈၀၀၀ ကျော် ရပ်ဆိုင်း

ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ကူးစက်ပျံ့နှံ့နေပြီဖြစ်သည့် ကိုဗစ်(၁၉) မျိုးဗီဇပြောင်း အိုမီခရွန်ကြောင့် ကမ္ဘာတစ်ဝန်းရှိလေယာဉ်ခရီးစဉ်အများစုမှာ ပျံသန်းမှုများကို ယာယီရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၇ ရက်က ထုတ်ပြန်သည့် သတင်းများအရ တရုတ်နှင့် အမေရိကန် အပါအဝင် လေကြောင်းလိုင်းပေါင်း ၁၄၀၀ ကို ယာယီရပ်ဆိုင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု သိရသည်။ သို့သော် တစ်ဆက်တည်းတွင် နှစ်သစ်ကူးကာလ ပြီးဆုံးပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစပြီး လေယာဉ်လိုင်းပေါင်း ၈၀၀၀ ကျော်ကို ရပ်နားသွားမည်ဟု သိရသည်။

ထိုကဲ့သို့ နိုင်ငံတကာသို့ ပျံသန်းပြေးဆွဲနေသည့် လေယာဉ်လိုင်းများကို ရပ်တန့်လိုက်ရခြင်းကြောင့် ခရီးသွားလုပ်ငန်းတစ်ခုလုံး ရပ်တန့်ခဲ့ရသလို ကုန်သွယ်မှု လုပ်ငန်းများအတွက်လည်း ထိခိုက်မှုများ ရှိလာခဲ့သည်။ ကူးစက်မြန်နေသည့် အိုမီခရွန်ကို ကာကွယ်တားဆီးနိုင်ရန်အတွက် အစီအမံသစ်များကို ချမှတ်ရာတွင် စီးပွားရေးလုပ်ငန်းများကိုလည်း ထိခိုက်လာမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဟိုတယ်လုပ်ငန်းနှင့် စားသောက်ဆိုင် လုပ်ငန်းတို့မှာလည်း ထိခိုက်မှုများစွာ ရှိလာဦးမည်ဖြစ်သည်။ ယခုအချိန်တွင် ကူးစက်မြန် အိုမီခရွန်ကြောင့် ကမ္ဘာ့နိုင်ငံ အများစုက ပြည်ဝင်ခွင့်များကို စတင်ပိတ်နေပြီဖြစ်ခြင်းကြောင့် လေကြောင်းလိုင်းများကိုလည်း ပိတ်လိုက်ရခြင်း ဖြစ်သည်။ သို့သော် တစ်ဖက်နိုင်ငံတွင် ပိတ်မိနေသည့် နိုင်ငံသားများကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များကိုမူ ဆက်လက် ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Reuters**



စိုင်းဗညား - စုစည်းသည်

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။